ပုညာ a name (P. *puññā*, virtuous). ဝေဿဘူ Vessabhū (pronounced *Weikthabhū*), one of the Buddhas. သိတင်း သုံး to perform the religious duties (of an ascetic). ထို အရှင် that reverend person. မဟါထေရ် *Mahā hte*, from P. မဟာ great; ထေရော an elder; a high rank amongst the Buddhist monks. ကျော် to be well known as. ပင့် to invite a person (to a feast). ဆွမ်း boiled rice, presented to monks (not used for others). ကျွေး to feed. အတူ တကွ together with (J. § 75). တရား နာ to listen to the (sacred) law. အာရုံ for P. အာရမ္မဏံ an object of thought, idea; အာရုံပြု to think on. နိကန္တိ P. lustful; some books have နိဂန္ဓိ which is a wrong reading. ဟော to preach, recite. ကျောင်း a monastery. ကျိန်း to sleep (used for monks). တတ် able. ပင့် မည် ဟု intending to invite. ဒါယကာ P. a giver (pronounced *tagā*), the common word used by a monk to a layman. ပုထုဇန် P. ပုထုဇ္ဇနော an ordinary man, a worldling: has here the sense of 'unconverted.' သဘော P. nature. သန်း a louse; ဥခေါင်း head, i. e. the smallest imaginable portion. စက္ခု P. eye. ဝိညာဏ် fr. P. *viññaṇam*, the consciousness; both together mean 'eyesight.' တ စုံ တ ခု something or other. စဉ်းလဲ to deceive. မနော P. mind. တိုက် တွန်း to instigate. တိုက် to bring into contact; တွန်း to shove. နှိုး ဆော် to rouse up; ဆော် to stimulate. ပီတိ P. joy, pleasurable sensation. စပ် to be joined to, at one with. သမါဓိ မ တည် not being firm in a right course; သမာဓိ P. calm, self-concentration. ဓါတ် fr. P. ဓါတု the elements which compose an individual; some bodily and some mental. ပျက် to be destroyed, thrown into confusion.

ထိုသို့ ဆို သော စကား ကို သငှေး ကြား လျှင် အဘယ် မည် သော ဝတ္တု လျှင် အရှင် ရဟန်း စိတ် ကို တတ် ဖွယ် ရှိ သနည်း ဟု ဆင်ခြင် သည် ရှိ သော် အရှင် ရဟန်း ကို ပင့် ကာလ ငှါ အိမ် ၌ သ္မီး တရား နာ သည်။ငှါသ္မီး ကို မြင် လျှင် သ္မီး ၌ တဘ် သော ဝတ္တု ဖြစ် ရာ ၏။ အရှင် ရဟန်း ၌ လည်း ငှါ သမီး မြတ်နိုး ခဲ့ လျှင် အရှက် ကွဲ ခဲ့ အံ့ ဟူ ၍ နှစ်လုံး ပူပန် သဖြင့် ငှါ ကိုယ် အနာ ဖြစ် ခဲ့ အံ့ သတည်း။ ထို အခါ သငှေး စည်းစိမ် ကို စောင့် သော နတ် သည် လည်း သငှေး သမီး အရုပ် ဖန်ဆင်း လေ၏။ အရှင် ရဟန်း ဥယျံည် စောင့် သော နတ် လည်း ဆင် ရုပ် ဖန်ဆင်း လေ ၏။ ထို သငှေး နှင့် အရှင် ရဟန်း တို့ နေ ကြ စံည် ဝယ် ဆင် ရုပ် က သငှေး သမီး အရုပ် ကို ဖမ်း မည် ဟူ ၍ လိုက် လေ ၏။ သငှေး သမီး အရုပ် လည်း ကျောင်း သို့ တက် ပြေး လေ ၏။ ဆင် ရုပ် လည်း ကျောင်း ထက် သို့ တက် ၍ လိုက် လေ ၏။ သငှေး သ္မီး လည်း အရှင် ရဟန်း အပါး သို့ ရေဝံ လေ ၏။ ထို ဆင် လည်း ရဟန်း အပါး သို့ ရေဝံ လေ ၏။ သငှေး သ္မီး လည်း အရှင် ရဟန်း အပါး ၌ ရှိ သော ကရား ထဲ သို့ ဝင် ၍ ပြေး လေ ၏။ ဆင် ရုပ် လည်း ကရား ထဲ သို့ ဝင် ၍ လိုက် လေ ၏။ သငှေး သ္မီး လည်း ကရားနှို က ထွက် ၍ အရှင်

ရဟန်း အပါး ၌ နေ လေ ၏ ဆင် လည်း ကရားနို့ က ထွက် ၍ လိုက် မည် ရှိ သော် ကိုယ် ကား ထွက် နိုင် ၏။ အမြီး ကား မ ထွက် နိုင်။ ကရားနို့ တွင် ညိ လေ သတည်း။

NOTES.

အဘယ် မည် သော ဝတ္ထု လျှင် what sort of thing, indeed; အဘယ် မည် သော of what sort (J. § 82); ဝတ္ထု P. an object, cause. တပ်ဖွယ် an object of desire (J. § 125, 4). မြတ်နိုး to love. ဆင်ရုပ် the form (*simulacrum*) of an elephant; ဆင် an elephant. နေ ကြ စဉ် ဝယ် in the continuity of their remaining, whilst. ဖန်ဆင်း to create. ဖမ်း မည် ဟူ ၍ intending to seize. ကျောင်း a monastery. တက် to ascend. အထက် the upper part (J. § 74). အထဲ the inside (J. § 74). ပြေး to flee. လိုက် to follow. ထွက် to go, or come, out. အပါး nearness, presence (J. § 74). ကရား a pitcher with a spout. ကရားနို့ the spout of the pitcher. ကိုယ် body. အမြီး tail. ညိ or ငြိ to be caught in.

ထို အကြောင်း ကို ကုမါရကဿပ ထေရ် မြင် လေ သော် ဪ ဤ အကြောင်း ကား အံ့ဘွယ် သရဲ ရှိ စွာ တကား။ ဤ အမှု အရာ သည် အဘယ် ကြောင့် ဖြစ် သနည်း။ ဪ ဖြစ် ခဲ စွာ တကား။ ဥပမာ ကို သိ လို ၍ ဆင်ခြင် သော် ဤ ရှေ ၌ ဖြစ် သော ဥပမာ ကို လည်း ငါ မြင် ပြီ။ ကောင်း မြတ် သော အဆင်း ကို ဆောင် သော သတို့ သမီး ကို တတ် ချေ

သော့ကြောင့် ယခု မျက် မှောက် ၌ ဖြစ် သည့် မ ဟုပ် တုံ သော ဟု မှတ် ၍ သမာဓိ ကို တည် စေ ၍ ယခု ငါ သည် ဥပမာ ကို ဆို ပေ အံ့။ ဤ ကမ္ဘာ မြေ အပြင် ထက် ၌ ဆင် ထက် ကြီး သော သတ္တဝါ မည် သည် မ ရှိ။ ဆင် လိုက် သော ဘေး ကို ကြောက် ၍ သတို့ သ္မီး သည် ကျောင်း ထက် သို့ တက် ပြေး လေ ၏။ ဆင် လည်း ကျောင်း ထက် သို့ လိုက် လေ ၏။ သတို့ သ္မီး လည်း မ လွတ် နိုင် သဖြင့် ကရား ထဲ သို့ ဝင် ၍ ပြေး သော်လည်း ဆင် သည် ဝင် ၍ လိုက် ပြန် လေ ၏။ သတို့ သ္မီး လည်း ကရားနှို က ထွက် ၍ ပြေး ၏။ ဆင် လည်း ကရားနှို က ထွက် ၍ လိုက် သော် ကိုယ် ကား ထွက် နှိုင် ၏။ အမြီး ကား မ ထွက် နှိုင် ၍ ညိ လေ ၏။ ထို ဥပမာ ကဲ့သို့ ယခု လူ တို့ ၏ ဝိညာဏ် သဘော တည်း။ သန်း ဥက္ခောင်း ဥပမာ ရှိ လျက် ခပ် သိမ်း သော သတ္တဝါ တို့ ၏ ပျက်ခြင်း အကြောင်း ကို ပြု တတ် သော သဘော တရား ရှိ ၏။ ထို ကြောင့် ဆင် ကား ရှင် ကုမာရ ကဿပ နှင် တူ ၏။ စက္ခု ဝိညာဏ် ကား ကရား နှို ၌ ငြိ သော ဆင် မြီး နှင့် တူ ၏။ သဌေး သ္မီး အရုပ် ကို ဖန်ဆင်း သော နတ် သည် အရှင် ကုမာရကဿပ အား နှစ်လုံး သွင်း စေ ချင် ၍ သံဝေဂ တရား ဆင်ခြင် တော် မူ ပါ ဟု ဆို လျှင် အရှင် ကုမာရ

ကဿပ က လည်း ထို စကား ကို ကြား ၍ ဆင်ခြင် သော ခဏ ၌ ရဟန္တာ အဖြစ် သို့ ရောက် လေ ၏။

NOTES.

ထေရ် fr. P. ထေရော a monk of high standing. အံ့ဘွယ် သရဲ ရှိ စွာ တကား this is very wonderful indeed; သရဲ is not used by itself in this sense. ဥပမာ P. an allegory, illustration. ဤ ရှေ့ ၌ in this front, i.e. before my face. ကောင်း မြတ် သော အဆင်း ကို ဆောင် သော သတို့ သမီး this girl who bears so excellent a form. တတ် to set the affections on. ယခု မျက် မှောက် ၌ now before my eyes; မောက် to be convex, prominent; မှောက် to cause to be prone, to make prominent. ဖြစ် သည် it has taken place. မ ဟုတ် တုံ လော is it not? ဆို ပေ အံ့ I will explain. ကမ္ဘာ a cycle, pronounced *kabā* (for P. ကမ္မဘဝ existence of *kamma*?). မြေ အပြင် ထက် ၌ on the surface of the earth. ဆင် ထက် above an elephant, i.e. more than an elephant (J. § 94). မည် သည် မ ရှိ there is not any thing (J. § 82). ဆင် လိုက် သော ဘေး the danger of the pursuing elephant. ယခု လူ men of the present (world). ဝိညာဏ် သဘော P. the nature of their mind. သဘော တရား the law of their nature. အရှင် ကုမာရကဿပ အား နှစ်လုံး သွင်း စေ ချင် ၍ desiring to impress it on the heart of the reverend Kumāra Kassapa. သံဝေဂ P. consciousness of sin. ခဏ P. an instant. ရဟန္တာ Rahanda, fr. P. အရဟတ္တံ final sanctification. အဖြစ် state of being.

MORAL.

ဤသို့ပုံ ပြု ၍ ပုဏ္ဏ သဋ္ဌေး နှင့် ကုမာရ ကဿပ ထေရ် သည် အမှုသည် နှစ် ပါး နှင့် တူ ကြ ၏။ ပုဏ္ဏ သဋ္ဌေး သမီး ကား သူတို့ ကြိုက် နှစ်သက် သော ဝတ္ထု နှင့် တူ ၏။ ပုဏ္ဏ သဋ္ဌေး စည်းစိမ် စောင့် နတ် နှင့် ရုက္ခစိုး နတ် ကဲ့သို့ ပညာ ရှိ တရားသူကြီး တို့ သည် အမှုသည် နှစ် ပါး တို့ အား နှစ်သက် ကြ စိမ့် သော ငှါ ဆုံးဖြတ် ကြ ရာ ၏။ ထိုသို့ သော တရား သူ ကြီး တို့ သည် နတ် ရွာ နိဗ္ဗာန် သို့ သွား အံ့ သော ခရီး ကို သုတ်သင် ကြ သည် ဟု ဆို ရာ ၏။ ။

NOTES.

ပုံ a similitude, form. အမှုသည် a suitor. ပါး num. aux. aff. (J. § 98). ကြိုက် to desire strongly. နှစ်သက် to be pleased with. ရုက္ခစိုး a dryad, i.e. fairy guardian of a tree, fr. P. ရုက္ခ a tree, and B. စိုး to rule. စိမ့် သော ငှါ for စေ အံ့ သော ငှါ for the purpose of causing (J. § 65). နတ် ရွာ the villages of the Nats; i.e. Devaland, heaven. နိဗ္ဗာန် Neikban, for P. နိဗ္ဗာနံ *Nibbānam,* Sans. *Nirvāṇa.* သွား အံ့ သော ခရီး road that will go to. သုတ် သင် to sweep away, make clear.

၁၁. ဗြဟ္မဏ ပုဏ္ဏား လေး ယောက် တို့ ၏ အကြောင်း။

11. The Account of the Four Brahmans.

သုမန ဘုရား လက်ထက် တော် ၌။ သင်္ကဿနဂိုရ် ပြည် တွင် မဟာ ဗြဟ္မဏ လည်း တ ယောက်၊ မဇ္ဈိမ ဗြဟ္မဏ လည်း တ ယောက်၊ ခုဒ္ဒက ဗြဟ္မဏ လည်း တ ယောက်၊ စူလ ဗြဟ္မဏ လည်း တ ယောက်၊ ဤ လေး ယောက် သော ပုဏ္ဏား တို့ သည် တ ယောက် ကို ရွှေ ဒင်္ဂါး အပြား တရာ စီ ရ ကြ သတည်း။ သွား ကြ လေ သော် ရေ ချိုး ကြ အံ့ သော အမှု ဖြင့် ငါ တို့ လေး ယောက် ဥစ္စာ ကို တ ပေါင်း တ ရ တည်း ထား ကြ အံ့ ဟု ဆို ကြ ၏။ ထိုသို့ ဆို ကြ ပြီး သော် သုံး ယောက် သော ပုဏ္ဏား တို့ ကား ဆို ကြ တိုင်း ထား ကြ လေ ၏။ ပုဏ္ဏား အငယ်ဆုံး တ ယောက် မူ၊ စိတ် ကောက် ကြံ ၍ မိမိ ဥစ္စာ ကို တပါး မှာ ဝှက် ထား ၏။ သို့မှ သုံး ယောက် တို့ ဥစ္စာ ငါ နှင့် အမျှ ဝေ ရ လတ္တံ့ ဟု အတူ ထား သော အခြင်း အရာ ကဲ့သို့ ပြု ပြီး လျှင် ရေ အတူ ချိုး ကြ လေ ၏။ လေး ယောက် လုံး ရေ မှ တက် ကြ သော် သုံး ယောက် သော ပုဏ္ဏား

၏ ဥစ္စာ ကား ရှိ ၏။ ပုဏ္ဏား အငယ်ဆုံး ဥစ္စာ ကား မ ရှိ သော် ရှင် ပုဏ္ဏား တို့၊ ငါ ၏ ဥစ္စာ ပျောက် ခဲ့ သည်။ ရှင် ပုဏ္ဏား တို့ ဥစ္စာ ကား အဘယ် ကြောင့် ရှိ လေ သ နည်း။ ငါ့ ကို ပေး ပါ မည် လော ဟု ဆို ၏။ ဤ နေရာ သို့ လူ လည်း မ လာ။ ငါ တို့ လေး ယောက် ဥစ္စာ ထားရာ တွင် မောင် မင်း ဥစ္စာ ပျောက် ခဲ့ သည် ကို အဘယ် ကြောင့် ငါ တို့ ပေး ကြ အံ့ နည်း ဟူ ၍ အငြင်း အခုံ ဖြစ် ကြ ၍ ရွာလတ် တရားသူကြီး ထံ အဆုံး အဖြတ် ခံ ကြ အံ့ ဟု သွား ကြ လေ ၏။ ထို တရားသူကြီး က လည်း သင် တို့ လေး ယောက် ဥစ္စာ ထားရာ အနက် တွင် တ ယောက် ဥစ္စာ မ ပျောက် ကောင်း။ မင်း တို့ ဥစ္စာ ကို လေး ယောက် အညီ အမျှ ဝေ ကြ ရ မည် ဟူ ၍ ဆုံးဖြတ် လေ ၏။ သုံး ယောက် သော ပုဏ္ဏား တို့ က လည်း အဘယ် ကြောင့် ဝေ ရ မည် နည်း ဟု များစွာ အငြင်းအခုံ ဖြစ် ကြ ၍ မြို့ကွတ် ထံ သို့ ရောံ ကြ လေ ၏။ မြို့ကွတ် က လည်း အမတ်ကြီး ထံ သို့ ရောက် ပြန် ကြ စေ လေ ၏။ အမတ် ကြီး က လည်း ပြည် ရှင် မင်းကြီး သို့ ရောံ ပြန် ကြ စေ လေ ၏။ ပြည် ရှင် မင်းကြီး က လည်း ရွာလပ် တရားသူကြီး ကဲ့သို့ သင့် လေ ၏။ ပုဏ္ဏား သုံး ယောက် တို့ မ နှစ်သက် ၍ မ နှစ်သက် ကြောင်း ကို ဆို ကြ ပြန် ၏။

မင်းကြီး က လည်း အမတ်ကြီး သို့ ဝန်ခံ ပြု စေ ၍ ပော့ အမတ်ကြီး၊ ခုနှစ် ရက် အတွင်း ဤ တရား ကို ပြီး အောင် စီရင် လော့။ မ ပြီး လျှင် သင် ၏ ဥစ္စာ စည်းစိမ် ကို ဖျက်ဆီး မည် ဟူ ၍ ဆို ၏။ အမတ်ကြီး လည်း အလွန် ကြောက်ရွံ့ သဖြင့် ပုဏ္ဏား လေး ယောက် ကို ခေါ် ၍ ဖွေရှာ စစ်ကြော မေး မြန်း သော်လည်း မ ထင် နိုင် ဖြစ် သောကြောင့် အလွန်တရာ စိုးရိမ် ပူပန် ၏။ ။

NOTES.

ဗြဟ္မဏ Brahamaṇa (or as the B. pronounce it Byahmana), a Brahman. သုမန Sumana, one of the Buddhas. သင်္ကဿ နဂိုရ် the town of Saṅkassa; နဂိုရ် for နဂရော P. a town. မဇ္ဈိမ P. *majjhima* (B. pronounce *mitzima*), middle. ခုဒ္ဒက P. small. စူဠ P. small, younger. တ ယောက် ကို — စီ to each — a piece. ဒင်္ဂါ (dingā) a coin. အပြား that which is flat, used to describe coins. ရေ ချိုး — ဖြင့် by reason of the affair of about to bathe, i. e. as they were about to bathe. ဥစ္စာ here means 'money.' တ ပေါင်း တ စု တည်း altogether in one heap. အငယ် ဆုံး the youngest (J. § 95). မူ but (J. § 61). စိတ် ကောက် ကြံ ၍ thinking with crooked mind, i.e. with a bad intent. တပါး မှာ elsewhere. ထို့မှ that by so doing; lit. from such. အတူ ထား သော အခြင်း အရာ ကဲ့သို့ as if he had placed in the same spot. အခြင်း an act, အရာ a matter. ရေ အတူ ချိုး though the compound verb ရေချိုး means 'to bathe,' it admits of an adverb 'together' coming between the noun ရေ water and the

verb ချိုး to bathe (break ?). ပျောက် ခဲ့ သည် has disappeared (J. § 115). ရွာ လတ် a considerable village, လတ် middle-sized. ထားရာ အနက် တွင် lit. in the aggregate of what was placed; i. e. out of the sum total which was deposited. ကောင်း to be right, good, when used as an auxiliary verb = should, ought. အညီ အမျှ equally (J. § 126, 3 b). မြို့ကွတ် the governor of a town (seldom used); ကွတ် to enforce orders, to punish. ရောက် ပြန် ကြ စေ လေ ၏ caused them to go again (or in turn). သင့် to agree with, to confirm a decision. ဆို ကြ ပြန် ၏ they again stated. ဝန် ခံ ပြု စေ ၍ causing him to bear the burden (or undertake the responsibility). အတွင်း *an inner part* may be used instead of တွင်, the full form being အတွင်း တွင် within. ပြီး အောင် in order that it may be fully settled. ဖွေ ရှာ စစ် ကြော မေး မြန်း to hold a thorough investigation. Each verb has a different signification and is a good illustration of a composite verb. မ ထင် နိုင်သောကြောင့် because he was unable to think (come to a conclusion).

ထို အခါ ၌ စန္ဒါ ကုမါရီ အမည် ရှိ သော သတို့ သ္မီး သည် အဖ ၏ ညှိုးငယ် သော အဖြစ် ကို မြင် လေ ၍ ခမည်း တော် မင်း မြတ်၊ အဘယ် ကြောင့် စိုးရိမ် သနည်း ဟု မေး ၏။ သြော် စန္ဒါ ကုမာရီ ချစ် သ္မီး၊ ဤ ပုဏ္ဏား လေး ယောက် တို့ ၏ အမှု ကို ဝန်ခံ ပြု ရ မည်၊ ခုနှစ် ရက် အတွင်း တွင် မ ပြီး ချေ သော် သင် ၏ စည်းစိမ် ကို ဖျက်ဆီး တော့ အံ့ မည် ဟု မင်းကြီး ဆို သောကြောင့် အလွန် စိုးရိမ်

သည် ဟူ ၍ ပြော လေ ၏။ စန္ဒါ ကုမါရီ သတို့သ္မီး က လည်း ခမည်း တော် မင်း မြတ်၊ မ ကြောင့်ကြ လင့်။ ခိုးသူ ကို အကျွန်ုပ် ရ အောင် ပြု ပါ မည်။ ကြီးစွာ သော မဏ္ဍပ် ကို သာ ဆောက် လေ လော့ ဟူ ၍ ဆို ၏။ အမတ် လည်း သမီး ဆို တိုင်း ပြု စေ ပြီး မှ ထို မဏ္ဍပ် လေး ထောင့် ၌ ပုဏ္ဏား လေး ယောက် တို့ ကို နေ ကြ စေ ဟူ ၍ စန္ဒါ ကုမါရီ ကား အလယ် တွင် နေ ၏။ ည ဦး ယံ လွန် ပြီး သော် သတို့သ္မီး လည်း ဆရာ ပုဏ္ဏား တို့၊ တ ဆယ် ရှစ် တန် သော အတတ် တို့ ၌ တတ် သော အရာ တ ခု ကို ရှင် ပုဏ္ဏား တို့ ဆို ကြ ပါ လော့။ အကျွန်ုပ် နား ထောင် အံ့ ဟု ဆို ၏။ အရှင်မ စန္ဒာ ကုမါရီ၊ ငါ တို့ တတ် နိုင် ကြ မည် မ ဟုတ်။ အဘယ် ကြောင့် မ တတ် နိုင် ကြ သနည်း ဟူ မူ ကား။ ငါ တို့ လေး ယောက် သွားကြရာ တွင် ငါ တို့ စိတ် ကောက် ကြ သည် ကို လည်း သူ မ သိ။ သူ စိတ် ကောက် သည် ကို လည်း ငါ တို့ မ သိ ကြ။ အရှက် ကွဲ လောက် အောင် ပုဏ္ဏား တို့ ၏ အကျင့် အာစာရ ပျက်စီး သည် ဖြစ် သောကြောင့် အထူးထူး မ တတ် နိုင် ကြ။ အရှင် စန္ဒာ ကုမါရီ သတို့သ္မီး သည် ကား အမတ် ကြီး ၏ ခြေရင်း ဘော် ၌ ဖြစ် သောကြောင့် များ စွာ အကြား အမြင် ရှိ ၏။ အရပ် လေး မျက်နှာ

မှ လာ လတ် သော အမေး အမြန်း ကို ကြား ရ သည် ဖြစ် ၍ ငါ တို့ မှတ် ရ အောင် ပြော တော ဟု ဆို ကြ ၏။ ဪ ဆရာ တို့၊ တပါး သော စကား ကို ကား ကျွန်တော်မ မ တတ်။ ဥပမာ ကို ဆို စေ ကြ သော် ကား ငါ ဆို အံ့။

NOTES.

ညှိုးငယ် သော အဖြစ် his dejected state. ခမည်း a very respectful term for ‘father.’ စန္ဒာ ကုမာရီ the girl (or princess) Tsandā (or Candā). ဪ or အော် alas! မဏ္ဍပ် mandat, for P. *maṇḍapam*, a pavilion, booth. ထောင့် a corner, angle: always pronounced ‘*daung*,’ with a sharp accent. ည ဦး ယံ the first watch of the night; ယံ for P. ယာမော a watch of three hours. ဆရာ ပုဏ္ဏား O Brahmans, teachers. တဆယ် ရှစ် တန် သော အတတ် တို့ ၌ in the eighteen branches of science. The names are given in the original, but being a string of Pāli words are left out of this text as useless. တတ် သော အရာ တ ခု ကို something you are skilled in. နား ထောင် to listen, lit. to erect the ears. အရှင်မ madam. ငါ တို့တတ် နိုင် ကြ မည် မ ဟုတ် that we shall be able is not true, i.e. we are unable. ဟူ မူ ကား if (you) say, i.e. if you ask me the reason why. သွား ကြ ရာ တွင် in our going, on our journey. Note that the plural affix comes between the verb and its formative. ငါ တို့ စိတ် ကောက် ကြ သည် ကို မ သိ ကြ He knows not whether we were crooked in intent, and we know not also whether he was crooked; စိတ် ကောက် is given by Judson as ‘to be out of temper,’ but here it means ‘crafty.’ အရှက် ကွဲး သောက် အောင်

sufficient to cause shame. အာစာရ P. rule of practice. အထူးထူး မ တတ် နိုင် ကြ we are unable (to think about) other matters. ခြေ ရင်း တော်၌ at the feet of. အကြား အမြင် generally means 'a person of consequence,' i.e. heard and seen. အရပ် လေး မျက်နှာ the four faces of the place, (or, as we say,) four quarters of the heavens. ဥပမာ ကို ဆို စေ ကြ သော် if you wish (cause, insist on) me to tell a parable; ဥပမာ P. a similitude, example.

The Minister's Daughter's Tale, or

မင်း သား၊ အမတ် သား၊ သူဆင်းရဲ သား၊ သဌေး သ္မီး လေး ယောက် တို့ ၏ အကြောင်း။

The Account of Four Persons, viz. the Prince, the Nobleman, the Poor Man, and the Rich Man's Daughter.

ရှေး သော အခါ ၌။ မင်း သား၊ အမတ် သား၊ သူဆင်းရဲ သား၊ သဌေး သ္မီး၊ ဤ လေး ယောက် ကုန် သော သူ တို့ သည် တက္ကသိုလ် ပြည် မှာ အတတ် ပညာ သင် ကြ လေ သော် သဌေး သ္မီး လည်း ဆရာ သင် တိုင်း မှတ်သား ပေ ၏။ ထို သ တို့သ္မီး လက် မှ ကညစ် လွတ်ကျ လေ သတည်း။ မင်း သား အောက္က နေ သည် ကို မြင် သော် တ ခဏ မျှ ကညစ် ကို ကမ်း ပါ ဟု ဆို ၏။ မင်း သား

က လည်း သတို့သမီး ကမ်း ပါ ဆို လျှင် ကမ်း ပါ မည်။ သစ္စာ တ ခွန်း ကို ငါ မှာ ပါ မည်။ မိဘ အရပ် သို့ ရောက် သော အခါ ငါ့ ကို ပန်း ဦး အရင် ဆွတ် စေ မည် လော ဟု ဆို ၏။ အရင် ဆွတ် စေ မည် ဟု ဆို မှ ကမ်း လေ သတည်း။ သတို့သ္မီး ကား အတတ် ပညာ တတ် ၍ အိမ် သို့ ပြန် လေ ၏။ မင်း သား လည်း အိမ် သို့ ပြန် လေ သော် ခမည်း တော် မင်းကြီး နတ် ရွာ စံ လျှင် ပြည် ကို အုပ်စိုး ၍ မင်းပြု ရ သေ ၏။ သတို့သမီး လည်း တ ဆယ် ခြောက် နှစ် အရွယ် သို့ ရောက် ပြီး သော် မိဘ တို့ စိတ် ရှိ သော ယောကျ်ား နှင့် ပေးစား လေ ၏။ ထို အခါ လင် ကို တောင်းပန် ၏။ ကျွန်တော်မ သည် အရှင် မယား ဖြစ် ချေ ပြီ။ တခွန်း သော သစ္စာ စကား ကို ကျွန်တော်မ တောင်းပန် ပါ မည်။ တ ခဏ မျှ အခွင့် ပေး ပါ ဟု ဆို လေ ၏။ အဘယ် ကြောင့် အခွင့် တောင်းပန် သနည်း ဟု မေး သော် ကျွန်တော်မ သည် တက္ကသိုလ် ပြည် မှါ အ တတ် သင် သော အခါ တခွန်း သော သစ္စာ စကား ကို ပေး မိ ပါ သည်။ မိ ဘ အထံ သို့ ရောက် သော ကာလ ငါ့ ထံ သို့ အရင် ရောက် ပါ ဟု မင်း သား ဆို လျှင် ရောက် ပါ မည် ဟု သစ္စာ တခွန်း ပေး မိ ပါ ၏။ သတို့သ္မီး လင် လည်း သစ္စာ တခွန်း ဟူ သော အာဏာ သည် ရှူ

ရဟန်း တို့ ၌ အလွန် ကြီး လှ သောကြောင့် အခွင့် ပေး တော့ မည် ဟု ဆို ပေ ၏။

NOTES.

သား son, need not be translated. ကုန် all, from ကုန် to come to an end. တက္ကသိုလ် Tekkatho for P. *Takkasilo*, Taxila, a city between the Indus and Jhelum which was a celebrated university. ကညစ် a pencil or style. အောက္က for အောက်က below. တ ခဏ မျှ just for a moment; ခဏ P. instant. သစ္စာ P. a promise, oath. အခွန်း num. affix (J. § 98). မှာ to instruct, inculcate. ပန်း ဦး first flower, i.e. virginity. ဆွတ် to pluck. နတ် ရွာ စံ to enjoy the villages of the Devas. Used to express the death of a king. မိဘ mother, father, i.e. parents. စိတ် ရှိ သော ယောကျ်ား the man of their choice (mind). ပေးစား to give in marriage. တောင်းပန် to ask for. အခွင့် permission, leave. မိ inadvertently (J. § 117). အာဏာ P. authority, obligation. လူ men, in contradistinction to ရဟန်း monks, who are no longer men. တော့ (J. § 117) denoting necessity.

အရှင် ဖြစ် သော ယောကျ်ား ခြေ ကို ဆံပင် ဖြင့် ပွတ် ၍ ပြီး လျှင် အဝတ် တန်ဆာ တို့ ကို ကောင်းစွာ ဝတ်ဆင် ၍ သွား လေ သော် ခရီး အကြား တွင် သူခိုး နှင့် တွေ့ လေ ၏။ သတို့သ္မီး ကို မြင် လျှင် လက် ကို မြဲစွာ ကိုင် ၍ အဘယ် သို့ သွား မည် နည်း။ အရာ မ ဟုတ် သော မိမ္မ သွားခြင်း

ကား။ သတို့သ္မီး ၏ အသက် ကို ၎င်း၊ အဝတ် တန်ဆာ တို့ ကို ၎င်း၊ ငါ ၏ အတို့ ဖြစ် ပြီ တကား။ သတို့သ္မီး အကြီ အဘယ်သို့ ဖြစ် သ နည်း ဟု ဆို သော် သတို့သ္မီး က ခိုးသူ အတို့ ဖြစ် သည် မှန် ပေ ၏။ ငါ ၏ သွားခြင်း ကား၊ တက္ကသိုလ် ပြည် မှာ အတတ် ပညာ သင် သော အခါ မင်း သား တယောက် သည် သတို့သ္မီး ပြည် သို့ ပြန် ရောက် သော အခါ ငါ့ ထံ သို့ အရင် လာ လော့ ဟု ဆို လတ် သော် လာ မည် ဟူ ၍ အာမ ခံ မိ သော ကြောင့် သစ္စာ ပျက် ခဲ့ လျှင် အပါယ် လေး ဘုန် ၌ ဖြစ် ရ ချေ တော့ မည်။ သူတော်ကောင်း တို့ နေ ရာ သို့ မ ရောက် ချေ မည် ဖြစ် သောကြောင့် မိဘ တို့ ထိမ်းမြား သော လင် ကို ပန်ကြား ခဲ့ ၍ လာ ပါ သည် ဟု ဆို ၏။ ခိုးသူ က လည်း ထို စကား ကို ကြား လျှင် သတို့သ္မီး၊ မင်း သား ၌ သစ္စာ မြဲ သကဲ့သို့ သစ္စာ တခွန်း မြဲ ပါ စေ။ ပြန် လာ လျှင် ငါ့ ထံ သို့ ဝင် လာ ရ မည် ဟု ဆို ၍ လွှတ် လိုက် လေ ၏။ ထို ခိုးသူ လက် မှ လွတ် ၍ သတို့သ္မီး သွား လေ သော် ညောင်ပင် ရှိရာ သို့ ရောက် ၏။ ညောင် စောင့် နတ် က လည်း အဘယ် သို့ သွား မည် နည်း ဟု မေး ကာလ အရှင် ညောင် စောင့် နတ် မင်း၊ အရှင် ထံ သို့ ရောက် လေ ပြီ။ ကျွန်မ ကား တပါး

သော အကြောင်း ကြောင့် မ လာ။ ရှေ့ဆို သကဲ့သို့ ညောင် စေါင့် နတ် ရက္ခစိုး အား ပြော ဆို လေ ၏။ နတ် က လည်း သတို့သမီး၊ မင်း သား ၌ သစ္စာ မြဲ သကဲ့သို့ မြဲ ပါ စေ။ ပြန် လာ လျှင် င ထံ သို့ ဝင် လော့ ဟု ဆို ၍ လွှတ် လိုက် ၏။ သတို့သမီး လည်း သစ္စာ မြဲ သောကြောင့် မင်းကြီး နန်း တော် သို့ ရောက် သော အခါ တံခါး စေါင့် နတ် သည် တံခါး ဖွင့်ပေး ၍ သတို့သမီး သည် မင်းကြီး ထံ သို့ ရောက် လေ သတည်း။

NOTES.

ဆံပင် (pronounced *s'abin*) the hair of the head, not of the body. ပွတ် to rub. အဝတ် တန်ဆာ clothes and ornaments. ခရီး အကြား တွင် in an interval of the road. သူခိုး or ခိုးသူ a thief. အရာ မ ဟုတ် သော မိမ္မ a woman whose business is not true or honest. ငါ့ ၏ အဖို့ what is for me, i.e. my booty. ၎င်း — ၎င်း both — and, either — or (J. § 126, 8). It is not necessary to have သော် before ၎င် as Judson infers. အကြံ အဘယ်သို့ ဖြစ် သနည်း What think you ? အဘယ်သို့ sometimes means 'How?' and sometimes 'Whither ?' သူတော် ကောင်း a religious or good person. ထိမ်းမြား or ထိမ်းမြန်း to give in marriage. ပန် ကြား to ask leave respectfully. မင်း သား ၌ — မြဲ ပါ စေ just as your promise to the prince was firm, so let the promise (I am about to extort) be firm. လွှတ် လိုက် to release; လိုက် (to follow) is often used as a secondary verb to imply motion

to or from. ညောင် the banyan. All trees are supposed to have their nats or dryads (ရုက္ခစိုး) who guard them. ကျွန်မ I (fem.) (J. § 77). တပါး သော — မ လာ have not come for any reason other (than this). ရှေ့ ဆို သကဲ့သို့ as before stated. တခါး စောင့် the guardian of the door. ဖွင့် ပေး to open or give entrance.

အဘယ် ကြောင့် လာ သ နည်း ဟု မင်းကြီး မေး သော် အရှင် မင်းကြီး၊ တက္ကသိုလ် ပြည် မှာ အတတ် ပညာ သင် သော အခါ ပဋိညါဏ် ပေး သော သတို့ သ္မီး တည်း။ တက္ကသိုလ် ပြည် က ရောက် လျှင် မိဘ တို့ ထိမ်းမြား ကြ လေ ပြီ။ ထိုသို့ ထိမ်းမြား ပေးစား သော အိမ်ရှင် လင် ကို ပန်ကြား ခဲ့ ၍ အရှင့် ထံ သို့ အကျွန်ုပ် ရောက် လာ ပေ သည် ဟု ဆို လျှင် မင်း ကြီး က လည်း အံ့ဘွယ်သရဲ ရှိ စွ တကား။ သတို့ သ္မီး သစ္စာ မှန် လှ ပေ သည် ဟူ ၍ ချီးမွမ်း ပြီး မှ သတို့သ္မီး၊ သင် ၌ တည် သော သစ္စာ ကို ငါ ပူဇော် ပါ မည် ဟု ၍ ပူဇော် ပြီး လျှင် လွှတ် လိုက် လေ ၏။ သတို့သ္မီး လည်း များစွာ သော ဥစ္စာ ကို ယူ ၍ လာ လတ် သော် ညောင် စောင့် နတ် နေရာ သို့ ရောက် လေ လျှင် ကရဝိက် ငှက် သံ ကဲ့သို့ အို အရှင် ညောင် စောင့် နတ် မင်း၊ အိပ် သ လော၊ မ အိပ် သ လော။ အကျွန်ုပ် ကား မင်း သား ကို သစ္စာ

ကို ဖြေ ပြီး ၍ ပြန် လေ ပြီ။ ကျွန်မ အသက် သည် အရှင် ညောင် စေါင့် နတ် ၏ အရာဖြစ် ခဲ့ ပြီ။ သစ္စာ စကား ကို မ ဖေါက်ပြန် ဘဲ အရှင် နတ် မင်း ထံ သို့ လာ ရောက် ပါ ပြီ ဟု ဆို ၏။ သတို့သ္မီး အသံ ကို ကြား လျှင် သတို့သ္မီး၊ အကြင် သူ သည် ရန်သူ လက် က လွတ် လေ ပြီးမှ ထို သူ သည် အသက် ရှင် သည်။ ထိုသို့ ရှင် ပြီး မှ တဖန် သေ မည် ဟု ရန်သူ လက် သို့ လာ ပြန် သည် ကား အလွန် ဖြစ် ခဲး ဧ တကား ဟူ ၍ ညောင် စေါင့် နတ် ဆို ၏။ အရှင် ညောင် စေါင့် နတ်၊ အသက် ကို နှမြော ၍ အကျွန်ုပ် သစ္စာ စကား ကို ဖေါက်ပြန် ၍ မ ဝင် ဘဲ သွား ချေ သော် အပါယ် လေး ဘုံ ၌ သာ ဖြစ် ရ ချေ တော့ မည်။ သူတော်ကောင်း တို့ ၏ နေရာ အရပ် သို့ မ ရောက် ချေ ရာ ဟူ ၍ ဆို ၏။ သတို့သ္မီး သစ္စာ စကား ကို ရွှေ မြှုတာ တ အိုး ဖြင့် ပူဇော် ပြီး လျှင် အသက် ထက် ဆုံး စား လော့ ဟု ဆို ၍ လွှတ် လိုက် လေ ၏။

NOTES.

ပဋိညာဏ် or ပဋိညာဉ် P. a promise; according to Childers *paṭiññā*, a vow, promise. အကျွန်ုပ် I (fem.) (J. § 77). အံ့ဘွယ် သရဲ ရှိ ဧ it is very wonderful. ပူဇော် S. to worship, do honour. ကရဝိက် karaweik is the '*kuraviko*' or Indian cuckoo. ဖြေ to loose, solve. ဖေါက်ပြန်

to break a promise; lit. to make a hole through and go back from. အသက် ရှင် to get one's life, to live. ဖြစ် ခဲး ဖွ very difficult to be, almost impossible. နှမြော or နှစ်မြော to begrudge. ဖြစ် ရ ချေ တော့ မည် I should have had to be in. မြူတာ a jug with a long neck. တ အိုး one pot; used as a numeral affix (J. §§ 99, 100). အသက် ထက် ဆုံး to the end of your life (J. § 75). စား လော့ eat, i.e. live on it.

သတ္တိသ္မီး လည်း ညောင်ပင် က သွား သော် ခိုးသူ နေရာ သို့ ရောက် လေ ၏။ သူခိုး က လည်း အိပ် ၍ နေ နှင့် ၏။ အိပ် စည် တွင် သွား သော် လွတ် ကောင်း ပါ လျက် အို အရှင် ခိုးသူ ဟူ ၍ နှိုး ပြီး လျှင် ငါ့ အသက် သည် ၎င်း၊ ငါ တွင် ပါ သော ဥစ္စာ ၎င်း၊ အရှင် ခိုးသူ အဘို့ ဖြစ် ခဲ့ ပြီ။ ယခု ငါ့ သစ္စာ ကြောင့် ငါ ရောက် ပြီ။ အရှင် ၏ အလို အလျောက် မ ဆန် မ ငြင်း ပြီ ဟူ ၍ ဆို ၏။ ခိုးသူ လည်း အံ့ဘွယ်သရဲ ရှိ ဖွ တကား။ လောက တွင် ဖြစ် ခဲ လှ စွာ သော သစ္စာ စကား ကို စောင့် ပေ ပြီ တကား။ ဤသို့ သော သူ ကို ငါ ပြစ်မှား မိ သော် ဆင်းရဲ ကြီးစွာ ခံ ရ ချေ အံ့ သတည်း။ အလျှင် သွား လေ တော့ ဟု လွှတ် လိုက် ၍ မိမိ လင် ထံ သို့ ရောက် လျှင် ထို အကြောင်း များ ကို ပြန် ပြော လေ ၏။ ထို ခိုးသူ ၏၊ ညောင် စောင့် နတ် ၏၊ မင်း ၏ စကား များ ကို ပြန် ပြော ပြီး သော် သတ္တိသ္မီး

ပြု သော အရာ ကို လင် ချီးမွမ်း ၏။ ။ထို စကား အဆုံး ၌ စန္ဒာ ကုမာရီ သတို့သမီး လည်း အရှင် ပုဏ္ဏား တို့၊ ယခု ကျွန်မ ပြော သော စကား တွင် အဘယ် သူ ကို ချီးမွမ်း အပ် ပါ သ နည်း ဟု မေး ၏။

NOTES.

အိပ် ၍ နေ နှင့် ၏ had gone to sleep (J. § 115). လွတ် ကောင်း ပါ လျက် she might have escaped; ပါ euph. aff. ငါ တွင် ပါ သော ဥစ္စာ the goods I have with me (J. § 69); ပါ to have with. လောက တွင် ဖြစ် ခဲ လှ စွာ သော သစ္စာ the most difficult oath in the world. ဖြစ်မှား to transgress against. အလျှင် quickly. ပြု သော အရာ what she had done. ငါ I, is used to the thief; ကျွန်မ I, to the Brahman.

ပုဏ္ဏား ကြီး က အရှင် အမတ်ကြီး သို့၊ ငါ ကား မင်း သား ၌ ချီးမွမ်း ၏။ အဘယ် ကြောင့် နည်း ဟူ မူ ကား။ မိမိ ပန် ခဲ့ သော သစ္စာ ပန်းဦး ကို မ ယူ ပယ် ၍ မင်း ကျင့် တရား ဆယ် ပါး နှင့် ညီ သည် ဖြစ် ၍ အံ့ဘွယ်သရဲ ရှိ စွ တကား ဟု ငါ ချီးမွမ်း ၏။ ။ပုဏ္ဏား တ ယောက် က အမတ် ကြီး သမီး၊ ငါ မူ ကား ညောင် စောင့် နတ် ကို ချီးမွမ်း ၏။ အဘယ် ကြောင့် နည်း ဟူ မူ ကား။ ယောကျ်ား တို့ ၏ စိတ် သည် အလွန် စောင့် နိုင် ခဲး

လျက် ရုက္ခစိုး စိတ် ကို စေါင့် နှိုင် သည် ဖြစ် ၍
အံ့ဘွယ် သရဲ ရှိ စွ တကား ဟု ချီးမွမ်း ၏။ ။ပုဏ္ဏား
တ ယောက် ဆို တုံ ၏။ အရှင် အမတ်ကြီး သို့၊
ငါ သော်ကား လင် ကို ချီးမွမ်း ၏။ အဘယ် ကြောင့်
နည်း ဟူ မူကား။ အလွန် စင်ကြယ် စွာ သော
ပတ္တမြား ကို ဆေး သော ရေ နှင့် တူ သည် ဖြစ်
လျက် အာရုံ ၌ မ တပ် သော ကြောင့် မိမိ မယား
အခွင့် တောင်း လျှင် အခွင့် ပေး ၍ လွှတ် လိုက်
သည် ကား ထို ယောကျ်ား ၏ စိတ် သည် အံ့ဘွယ်
သရဲ ရှိ စွ တကား ဟု ချီးမွမ်း ၏။ ။ပုဏ္ဏား အငယ်
ဆုံး ဆို တုံ ၏။ အမတ်ကြီး သို့၊ ငါ သော်ကား
သူခိုး ကို ချီးမွမ်း ၏။ အဘယ် ကြောင့် နည်း ဟူ မူ
ကား။ ခိုးသူ ၏ သဘော သည် အသက် ကို စွန့် ၍
အသက် မွေး သည်။ ထိုသို့ ဖြစ် လျက် အဝတ် တန်
ဆာ တို့ ကို မ တပ်စွန်း ပယ်စွန့် လျက် လွှတ် လိုက်
လေ ၏။ ဥစ္စာ ရွှေ ငွေ ကို လည်း ပယ်လွှတ် လိုက် လေ
၏။ သို့ဖြစ်၍ ထို ခိုးသူ သည် မြတ် သည်ဟု ချီးမွမ်း
၍ ထောမနာ ပြု ၏။

NOTES.

မိမိ ပန် ခဲ့ သော သစ္စာ ပန် ဦး ကို the promise that he had asked for, (namely) the first flower. ပယ် to reject. မင်း ကျင့် တရား ဆယ် ပါး the ten laws or rules which govern the actions of a king. ယောကျ်ား တို့ ၏ စိတ် — ဖြစ် ၍ being able to watch over his nat's mind in a case in which a man would have found a difficulty in so doing. ဆို တုံ said in turn (J. § 117). အလွန် စင် ကြယ်—တူ သည့် like water in which a very pure ruby (ပတ္တမြား) has been washed, i.e. most pure and undefiled. အာရုံ P. the object of thought. သဘော P. the disposition. အသက် ကို စွန့် ၍ အသက် မွေး သည် to get his living by risking his life. တပ် စွန်း to have a strong desire for. ပယ်စွန့် to reject. ထောမနာ P. praise; sometimes wrongly written ထောပနာ.

အမတ်ကြီး သ္မီး ၏ ကိုယ်လုပ်တော် ဖြစ် သော သတို့သ္မီး ဆို ၏။ ဒို အရှင် သ္မီး၊ သုံး ယောက် သော ပုဏ္ဏား တို့ သည် မင်း သား ကို ၎င်း၊ ညောင် စောင့် နတ် ကို ၎င်း၊ လင် ကို ၎င်း၊ ချီးမွမ် ကုန် ၏။ အငယ်ဆုံး သော ပုဏ္ဏား မူကား ခိုးသူ ကို ချီးမွမ် ၏။ ထို စကား ကို ကြား လျှင် အမတ်ကြီး သ္မီး က လည်း ပုဏ္ဏား လေး ယောက် တို့ တွင် ပုဏ္ဏား အငယ်ဆုံး စကား သည် မှာ ရ ခဲ့ သော ဥစ္စာ ပစ္စည်း ဖြစ် လျက် မ တပ်စွန်း ပယ်လွှတ် လိုက် သောကြောင့် ခိုးသူ မြတ် သည် ဟု ဆို သော အလို ဖြင့် ပုဏ္ဏား အငယ်ဆုံး လက် ၌ ပင် ဥစ္စာ ရှိ ၏။ ထိုသို့ ဖြစ် သောကြောင့် အစ်မ ကြီး၊ ငါ ၏ အသွင် ပြု ပြီး လျှင် ပုဏ္ဏား အငယ်ဆုံး ထံ သို့ သွား ၍ ဤသို့ ဆို လေ။ ကျွန်မ သည် ကား တပါး ကြောင့် မ လာ။ သုံး ယောက် သော ပုဏ္ဏား တို့ သည် သူ

မိုက် တို့ ချည်း တကား။ ရှင် ပုဏ္ဏား အငယ်ဆုံး မူ ကား ပညာ ရှိ လှ ပေ ၏။ ရှင် ပုဏ္ဏား လည်း ခင်ပွန်း မ ရှိ။ လုလင် ပျို ဖြစ် ၍ ခင်ပွန်း ပြု အံ့သောငှါ ကျွန်တော်မ လာ ပါ ပြီ။ အဘယ်သို့ သော အမှု ကို ပြု ၍ အရှင် နှင့် ကျွန်မ အတူ နေ ရ မည် နည်း။ ကျွန်တော်မ လည်း အဖ ကို ကြောက်ရွံ့ သည်။ သင် ပုဏ္ဏား ၌ ရှိ သော ဥစ္စာ လည်း ပျောက် ခဲ့ သည်။ ကျွန်မ မှာ လည်း လက် ချည်း ဖြစ် ခဲ့ သည်။ သင် ပုဏ္ဏား နှင့် ကျွန်တော်မ သည် တပါး သော အရပ် သို့ သွား သော် အသက် မွေးစရာ မ ရှိ ခဲ့ တကား ဟု အစ်မ ကြီး ဆို ပါ လေ။ ။ဤသို့ စီရင် မှာထား လိုက် ပြီး သော် သွား စေ ၍ ပုဏ္ဏား မြင် လျှင် မေး လင့် ၏။ အချီး လည်း မှာတိုင်း ဆို လေ ၏။ ပုဏ္ဏား ငယ် လည်း ထို စကား ကို ကြား လျှင် အလွန် ဝမ်းမြောက် ဝမ်းသာ သည် ဖြစ် ၍ သတို့သမီး၊ မ ကြောင့်ကြ လင့်။ ငါ တွင် ဥစ္စာ မ ပျောက်။ လက် တွင် ရှိ ပါ ၏။ အဘို့ အစု ရ အောင် သာ ငါ ပြု သည်။ အသက် မွေး လောက် အောင် ရှိ ပါ သည်။ တပါး အရပ် သို့ သွား သော်လည်း ငါ တွင် အသက် မွေးစရာ ရှိ သည် ဟု ဆို ၏။ ပုဏ္ဏား စကား ကို လည်း အချီး သည် အမတ်ကြီး သမီး အား ပြော ပေ ၏။

NOTES.

ကိုယ်လုပ်တော် a body-servant; ကိုယ် body, လုပ် to do, attend on. မှာ as regards (J. § 69). ရ ခဲ သော ဥစ္စာ ပစ္စည်း things difficult to obtain. အလို ဖြင့် by the purport (of his saying that he praised the thief, etc.). အစ်မ ကြီး elder sister; a mode of address. အသွင် ပြု ပြီး လျှင် having made (your) appearance (like mine). လေ a light imp. affix for politeness. တပါး ကြောင့် မ လာ for other reasons (I have) not come. သူ မိုက် တို့ ချည်း are nothing but fools (J. § 126, 8). ခင်ပွန်း မ ရှိ have not a spouse. လုလင် ပျို a young man, bachelor. လက် ချည်း ဖြစ် ခဲ့ သည် have nothing but my hand (to give). အသက် မွေး စရာ မ ရှိ have not wherewith to support life. စီရင် မှာထား to arrange and instruct. မေး လင့် ၏ questioned her; လင့် (J. § 118). အချီး an attendant, server, bearer. မှာတိုင်း as instructed (J. § 75). ကြောင့်ကြ to be troubled, anxious. လက် တွင် in my possession. အဘို့ အစု a share, portion.

အမတ်ကြီး သိုး လည်း အဖ ထံ သွား ၍ ဖခင် အရှင် အမတ်ကြီး၊ ပုဏ္ဏား ငယ် လက် ၌ ဥစ္စာ ရှိ သည် မှန် လေ ပြီ။ ရင်း သည့် ဥစ္စာ နှင့် အမျှ ကျွန်မ ကို ဥစ္စာ ပေး မှ ထို ဥစ္စာ ကို ရ အံ့ ဟု ဆို ၏။ အမတ်ကြီး လည်း သိုး ဆို တိုင်း ပေး လေ ၏။ သတို့ သမီး လည်း ထို ဥစ္စာ ကို အချီး အား ပေး ၍ ဤသို့ သင် ပေ ၏။ ။အစ်မ ကြီး၊ သွား ၍ ပုဏ္ဏား နှင့် အတူ နေ လေ ဦး တော့။ ယခု ဥစ္စာ ကို လည်း ပြ ၍ သင် သည် အတိုင်း ပြော လော့ ဟု မှာ လိုက် ၏။ ။

အချိုး လည်း ပုဏ္ဏား အား ဥစ္စာ ကို ပြ ၍ လုင် ပုဏ္ဏား ၌ ရှိ သော ဥစ္စာ ကို ကျွန်မ အား ပြ ပါ လော့။ ကျွန်မ မှာ ဥစ္စာ အနည်းငယ် ရှိ ပါ သော ကြောင့် ထို ဥစ္စာ နှင့် အတူ ထား ၍ သင် ပုဏ္ဏား နှင့် တပါး သော အရပ် သို့ သွား ကြ သော်လည်း စား သောက် ကြ နှိုင် အံ့ သတည်း ဟု ဆို လျှင် ပုဏ္ဏား ငယ် က မိမိ ဥစ္စာ ကို ပေး ၏။ အချိုး လည်း ထို ဥစ္စာ ကို ယူ ၍ အမတ်ကြီး သ္မီး အား ပေး လေ ၏။ အမတ်ကြီး သ္မီး လည်း ဝမ်းမြောက် ဝမ်းသာ သည် ရှိ လေ ၍ အစ်မ ကြီး၊ သုံး ယောက် သော ပုဏ္ဏား ကြီး တို့ ကို သည် နည်း ချည်း ဆို ၍ တောင်း လော့။ ရှင် ပုဏ္ဏား သုံး ယောက် တို့ ဥစ္စာ ကို ကျွန်မ အား ပေး လင့် ပါ ဦး။ တခု သော အရပ် တွင် ကျွန်တော်မ ထား မည်။ ကိုယ်တော် တို့ လေး ယောက် လုံး နှစ်လုံး ပြည့် ကြ အံ့ ဟု ဆို လော့။ ။အချိုး လည်း တောင်း ပြီး သော် ပုဏ္ဏား ကြီး သုံး ယောက် က၊ ကောင်းပြီ ဟု ဆို ၍ သုံး ရ သော ဥစ္စာ ကို ပေး လေ ၏။ သတို့သ္မီး လည်း လေး ယောက် သော ပုဏ္ဏား ၏ ဥစ္စာ ရ ပြီ ဟူ ၍ ခမည်း တော် မင်း အား လျှောက် လေ ၏။ အမတ်ကြီး လည်း၊ အရှင် မင်း ကြီး၊ လေး ယောက် သော ပုဏ္ဏား တို့ ၏ မှားခြင်း ဥစ္စာ ကို ရ ပြီ ဟု လျှောက် ဆို လေ ၏။ ။အဘယ်သို့

စိစစ် ၍ ရ သနည်း ဟု မင်းကြီး မေး သော် ကျွန် တော် သ္မီး စိစစ် ၍ ရ သည် ဟု လျှောက် လေ ၏။ မင်းကြီး လည်း သတို့သ္မီး ကို ပုဏ္ဏား လေး ယောက် တို့နှင့် တကွ ခေါ် ၍ မေး ၏။

NOTES.

ဖခင် or ဘခင် dear father; ခင် to be attached to; conf. ချစ် to love. မှန် လေ ပြီ it is certain, true. The root ပြီ means 'to be accurate,' and so can be used in the present tense. ရင်း သည့် ဥစ္စာ နှင့် အမျှ equal to the original sum. သင် to teach or learn; like the Old-English 'learn.' နေ လေ ဦး တော့ stay a little longer (J. § 117). ယခု 'now' is sometimes used in this way, i.e. 'these present.' သည် နည်း ချည်း in this manner only, exactly in this same manner. ပေး လင့် ပါ ဦး give me for a little while. နှစ်လုံး ပြည့် ကြ အံ့ your hearts will be full, i.e. you will get your wishes and be satisfied. လျှောက် to address or inform (a superior). မှားခြင်း ဥစ္စာ the property of error, i. e. the money regarding which an error had been committed.

သတို့သ္မီး လည်း ဤ အရာ သည် စည်းလဲး လျက် ကြောက်မက်ဖွယ် သော အရာ တည်း။ ပုဏ္ဏား လေး ယောက် သည် ပညာရှိ ချည်း ဖြစ် ချေ တုံ ၏။ ငါ တို့ ပုထုဇည် သဘော ကား။ လောဘ၊ မောဟ၊ ဒေါသ တို့ ၏ ကျွန် ဖြစ် သောကြောင့် တ ခု သော ဝတ္ထု ကို ဆို မည်။ ။သောတ ဝိညာဏ် အရာ သည်

စက္ခု ဝိညာဏ် အရာကို တိုက်တွန်း ၏။ စက္ခု ဝိညာဏ် မြင် လျှင် မနော ဝိညာဏ် အား တိုက်တွန်း ၏။ ထိုသို့ တိုက်တွန်း လျှင် လောဘ ၌ စပ်လေ ၏။ ထိုသို့ စပ် လေ လျှင် ပညာ မှ ယုတ် ချေသတည်း။ ပညာ မှ ယုတ် ချေ လျှင် အဆင် အခြင် မ ရှိ ဘဲ မ ကောင်း မှု ကို ပြု တတ် သောကြောင့် သံသရာဝဋ် ဆင်းရဲခြင်း ၌ မြဲမြဲ စွာ လျှင် ကျ ကျန်သတည်း။ ထို စကား ကို သတို့သမီး ပြော ပြီး လျှင် မင်း ရှေ့ တွင် ပုဏ္ဏား တို့ ၏ ဥစ္စာ လေး ရ ကို ထား ၍ ဥဿာ ရှင် ယူ လေ ကုန် ဟု ဆို လေ လျှင် ပုဏ္ဏား တို့ သည် မိမိ တို့ ဥစ္စာ သုံး ရ ကို ယူ ကြ ပြီး လျှင် တ ရ ကြွင်း သော ဥဿာ ကို ပုဏ္ဏား ငယ် ယူ သော် ဥဿာ ပျောက် ခဲ့ သည် ဆို လျက် ယခု ပုဏ္ဏား ငယ် ၏ ဥဿာ ရှိ ပြန် သည် တကား ဟု မင်းကြီး ဆို သော် ပြော် အရှင် မင်းကြီး၊ ရှေး က မိမိ ဥဿာ ကို မိမိ ဖက် ထား ခဲ့ သည်။ ယခု မိမိ ဥဿာ ကို မိမိ ပင် ညွန် ပြ ပြီ ဟု အမတ်ကြီး သို့ ဆို ၏။ ။ ထို အခါ ၌ လေး ယောက် သော ပုဏ္ဏား ဥဿာ ရ ပြီ ဟု ဆို လျှင် မင်းကြီး ၏ ထီးချက် စေါင့် နတ် သို့ လည်း သာဓု ခေါ် ပေ ၏။ မင်းကြီး လည်း သတို့သမီး ပညာ ရှိ စွ တကား။ အရပ် ရှစ် မြက်နှာ မှ လာ လတ် သော မင်းစေတမန် တို့ ၏ ပြဿနာ တို့ ကို

စစ်ဆေး ပြောဆို နှိုင် လတံ့ ဟု မိဖုရား ကြီး အရာ သို့ မြှောက် လေ ၏။ ။ထို့ကြောင့် တရားသူကြီး တို့ သည် ဤ စကား ကို ပုံ ပြု ၍ ပညာ ဖြင့် ရှုးစမ်း ဆင်ခြင် ဆုံးဖြတ် ရာ သတည်း။ ။

NOTES.

ဤ အရာ သည် စည်းလဲ လျက် ကြောက်မက်ဖွယ် this matter is a terrible piece of trickery. စည်းလဲး to use artifice in a bad sense. ကြောက်မက် this form of ကြောက် to fear is only used with the formative ဖွယ်. The verb မက် means 'to be attached to.' ပညာရှိ—၏ are on their part certainly wise. ငါ တို့ ပုထုဇည်—ကား the nature of us unregenerate mortals. လောဘ P. covetousness. မောဟ P. error, folly. ဒေါသ P. sin, anger. သောတ ဝိညာဏ်—သောကြောင့်. That which is called ear-sense excites that which is called eye-sense, the eye excites the mind and it concentrates on the world and becomes at one with it, and when this is the case wisdom is diminished, and when wisdom is diminished because, without considering, one does bad actions. သံသရာဝဋ္ဋ (thanṭhayāwôk) for P. *saṁsarāvaṭṭam*, the circle of transmigration. မိမိ observe the way in which this pronoun is used. ထီးချက် the centre part of the umbrella from which the sticks extend. သာဓု P. well, excellent. ရှစ် မြက်နှာ the eight points or faces (of the heavens). မင်းစေတမန် an ambassador, lit. king-send-messenger. ပြဿနာ P. a subject for discussion. ပုံ ပြု to take as an example, make a precedent of.

NOTE.—*The text is from this point printed in the ordinary Burmese manner without division.*

၁၂. သဌေးသား၊သဌေးသ္မီးနှင့်ပေတလုလင်တို့၏ အကြောင်း။

12. The Account of the Rich Man's Son, the Rich Man's Daughter, and the Servant Peta.

ရှေးသောအခါ။ သုမေဓဘုရားလက်ထက်တော်၌ကေတုမတီမည်သောပြည်တွင်မရေမတွက်နိုင်သောဥစ္စာရှိသောသဌေးသားနှင့်ဘောဂအမည်ရှိသောသဌေးသ္မီးကိုမိဘစိတ်တူ၍ထိမ်းမြားပေးစားကြလေသတည်း။ ထိုအခါ၌သဌေးသားဤသို့ဆို၏။ ငါတို့မိဘဝယ်များစွာသောဥစ္စာရှိ၏။ ငါတို့ဝယ်မှုမရှိပါသောကြောင့်သင်္ဘောစီး၍လူများနှင့်လံကာဒီပသို့သွားမည်ဟုဆိုပေ၏။ မယားဖြစ်သောသဌေးသ္မီးကအမောင်ကုန်သွယ်သွားလျှင်ကျွန်မကိုးကွယ်ရာမရှိပါတကား။ ဆင်းရဲသောသူတို့သည်သာလျှင်သမုဒ္ဒရာကိုကူးကုန်၏။ အရှင့်မိဘနှင့်ကျွန်မမိဘမှာမှုကားမရေမတွက်နိုင်အောင်များစွာသောစည်းစိမ်ချမ်းသာရှိပါလျက်မသွားပါနှင့်ဟူ၍မေတ္တာစကားဆို၏။ ။မယားဆိုသောစကားကိုကြားလျှင်သဌေးသားကလည်းလုလ္လပြု၍ရသောဥစ္စာသည်သာလျှင်မြတ်၏။ လုံ့လပြု၍သမုဒ္ဒရာတွင်သေပြားသော်လည်းမြတ်သည်သာတကား။

ဥစ္စာမရှိသောယောကျ်ားသည်ယုတ်ညံ့စွာ၏။ ရှက်ကြောက်ဖွယ်လည်းဖြစ်၏။ သူ၏နေထိုင်ခြင်းသည်၎င်း၊ စားသောက်ခြင်း၎င်း၊ ယုတ်နိမ့်သတည်း။ ဥစ္စာကိုလိုသည်နှင့်သမုဒ္ဒရာ၌အသက်ကိုစွန့်၍သွားသောသူသည်ဥစ္စာမရသော်လည်းလူတို့၏ချီးမွမ်းရာတကားဟုပညာရှိတို့ဆိုကုန်၏။ ထိုကြောင့်ငါသွားမည်ဟုဆို၍အရင်းအနှီးယူသွားလေသော်မကြာမမြင့်မှီပေတလုင်သည်သဌေးသမီးနှင့်အဆက်အဆံရှိကြ၍ပေတလုလင်ကသဌေးသမီး၊ ယခုကားငါတို့အတူနေကြရပြီ။ အရှင်မခင်ပွန်းရောက်သောအခါအသို့လျှင်ငါတို့အတူနေရအံ့နည်းဟုဆို၏။

NOTES.

ပေတ the name of the young man is P. for a departed spirit that is condemned to haunt a place. လုလင် a young man or bachelor, servant; frequently written and pronounced နလင်. သုမေဓာ the name of a Buddha. ကေတုမတီ name of a town. မရေမတွက်နိုင်သော countless. ဘောဂ (P. *Wealth*) girl's name. မိဘစိတ်တူ the parents being of like mind. ဝယ် to, with (J. § 69). မူ for မူကား as regards, but (J. § 60). စီး to ride in, or on any conveyance, even shoes. လံကာဒိပ P. the island of Lankā or Ceylon. အမောင် my brother; often used by wife to husband. ကိုးကွယ်ရာ protector. မေတ္တာ P. kindness, love. လုလ္လ or လုံ့လ industry. ယုတ်ညံ့ or ယုတ်နိမ့် abject; ညံ့ poor; နိမ့် low. ရှက်ကြောက်ဖွယ် shame-faced. ဥစ္စာကိုလိုသည်နှင့် with a desire for wealth. အသက်

ကိုစွန့်၍ throwing away life, i.e. at the risk of one's life. အရင်းအနှီး stock-in-trade, capital. မကြာမမြင့်မှီ ere long; မြင့် tall is often used in this sense. အဆက်အဆံရှိ to have in common; to live as husband and wife. အတူနေကြရပြီ we have been able to live together; ရ to get, when auxiliary, often implies ability.

သဌေးသ္မီးသည်လည်း တခုသောအမြွက်စကားကို ဆို၏ သုသာန်တစပြင်၌ပြစ်သောသူကောင်ကိုယူ၍ ပြသာဒ်ထက်သို့တင်ပြီးလျှင်မီးတိုက်သော်သဌေး သ္မီးသေလေပြီဟူ၍ဆိုကြလတံ့။ ငါတို့နှစ်ယောက်သည် တပါးအရပ်သို့သွား၍ နေကြအံ့ဟုဆို၍ သူဌေးသ္မီးဆို တိုင်းသူကောင်ကို အိမ်ထက်သို့တင်၍မီးတိုက်ခဲ့ပြီး လျှင် တပါးအရပ်သို့ သွားကြလေ၏။ မိဘတို့သည်လည်း တ ကယ်ပင်မီးလောင်သည် အမှတ်နှင့်အကောင်ကိုဖုတ်၍ အလွန်တရာငိုကြွေးခြင်းကိုပြု၍သင်္ဂြိုဟ်ကြသတည်း။ ပေတလုင်နှင့်သဌေးသ္မီးလည်းတပါးသော အရပ်၌နေ ကြလေ၏။ ထိုအရပ်တွင်စားစရာ၊သောက်စရာမရှိ၊ အလွန်ဆင်းရဲသည် တကား။ ငါတို့အရပ်သို့ပြန်၍ငါ တို့မိဘမြင်ကြလျှင်ငါ့သ္မီးနှင့်တူလှသည်ဟူ၍ဥစ္စာပေး ကြလတံ့။ ထိုသို့ပေးက ငါတို့စားသောက်စရာရကြလ တံ့ဟုသဌေးသ္မီးဆို၍ သွားကြလေသော်မိဘတို့၏ဥ ယျာည်ရေကန်သို့ရောက်လေသတည်း။ ရေကန်အနီး ပန်းပင်အရိပ်တွင်တည်းနေကြသောအခါသဌေးလုင်

တို့သည် သ္မီးကိုယ်စားညောင်ရေသွန်းရန်ဟုရေခပ်လာကြသည့်ရှိသော်သဌေးသ္မီးကိုမြင်ကြလေ၏။ ထိုသို့မြင်ကြလျှင် သတို့သ္မီးသည်ခင်ပွန်းရှိသော ကြောင့်သာ သို့မဟုတ်ငါတို့အရှင် သ္မီး အမှန်ဆိုရန်ရှိသည်ဟူ၍ ဩဖြုတာကိုယူလျက်ပြန်ကြလေ၏။ လုင်တို့သည်သဌေးမအားအကြောင်းမျိုးကိုကြားပေးကြ၏။ သဌေးမလည်း သ္မီးကိုကြည့်၍မြင်လျှင်ငိုမည်တမ်း၍မေးသော်ရှင်သဌေးမ၊ ကျွန်မတို့ကားခရီးသွားကြသူတည်း။ ယခုကျွန်မတို့သွားကြပေအံ့ဟုဆို၏။ သဌေးမကလည်း မသွားကြပါနှင့်။ ငါတို့သ္မီးကိုယ်စားမွေးပါမည်ဟုဆို၏။ အိမ်သို့ခေါ်၍ပြသာဒ်ဆောင်၌ထားလေ၏။

NOTES.

သုသာန် (pronounced *thôkthan*) for P. သုသာနံ a burial-ground. တစပြင်, လုပ်တိုင်း, or သင်းချိုင်း are the common words. တကယ် or အကယ် certainly. မီးလောင် to be enveloped in fire, burnt. အကောင်ကိုဖုတ် to cremate a corpse. သင်္ဂြိုဟ် for S. *Sangraha.* The Burmese use this word (pronounced *thingyo*) as a verb meaning to assist; to perform funeral rites; the ြ r shows that the word came from a Sanskrit source prior to the adoption of Pāli. တူလှသည် is very like (J. § 117). ဥယျာည် for P. ဥယျာနံ a garden or pleasure-ground. ရေကန် a water-tank, pond. ပန်းပင်အရိပ် the shade of flowering shrubs. တည်း or တဲး to remain for a short time; တဲး usually means the place in which one stays a short time, i.e. a hut or tent. သမီးကိုယ်စား as agent for the daughter, i. e. in place of the daughter (deceased). ညောင်ရေ water of the banyan, i.e. water for performing a libation (to the dryad). သွန်းရန် for pouring out (J. § 125, 3). ရေခပ် to draw water. ခင်ပွန်းရှိသောကြောင့်သာ it is only because she has a husband. သို့မဟုတ် if not true, i.e. if she had not. အကြောင်းမျိုး all the different circumstances. ကြားပေး to give information. ငိုမည်တမ်း to weep and wail. ကျွန်မတို့ we, i. e. I (fem.) and my husband.

ထိုအခါ လင်ရင်းဖြစ်သောသဌေးသားရောက်လေသော် မိမိမယား၏ အကြောင်းကိုမေး လေ၏။ ပြသာဒ်နှင့်တကွ မီးလောင် ၍ သေခဲ့သည်ဟုကြား လျှင် ငိုမည်တမ်း၍ဘမိဆောက်သောပြသာဒ်ကိုဝင်၍ကြည့်လျှင် မိမိမ ယား ကို မြင် လေသော် ငမယား ရှိ လျက် ပင် သေလေပြီဟု အဘယ်ကြောင့် ဆိုသနည်း ဟု ရွာလပ် သူကြီးကိုလျှောက်သော်ပြသာဒ်နှင့်တကွမီးလောင် ၍ သေသည်ကိုယော ကျွမ နှင့် လူ အများဆိုကြ သော ကြောင့်ရှုံးလေသတည်း။ မသက်သာ၍ မြို့ကွပ် သို့ရောက်လေသော်လည်း အရှုံးပေးပြန်လေ၏။ မင်းကြီးထံ သို့ရောက်လေသော် မင်းကြီးသည် တရား၌ မတည်သော ကြောင့်ထီးဖြူကိုစောင့်သောနတ်သ္မီးသည် ဪ မင်းကြီး၊ ဤ အမှုသည်မောဟ ဂတိ တည်သော သူ၏ အရာမဟုတ်။ အရှင်မင်းကြီး၏ အမတ်ကြီးသည် တရားဆုံးဖြတ်ခြင်း၌ လိမ္မာ

သည်မဟုတ်တုံလော။ ။ထိုစကားကိုကြားလျှင်အမတ်ကြီးကိုခေါ်တော်မူ၍ ဤအမှုကိုပြီးအောင်စီရင်သော့။ မပြီးလျှင် အမတ်ကြီး၏ စည်းစိမ်ကိုဖျက်ဆီးအံ့မည်ဟုဆိုလျှင်ထို အမတ်ကြီးသည် နှစ်လုံးမသာ ရှိသည်ကိုသ္မီးမြင်လေသော်ခမည်းတော်မင်း၊ အဘယ်ကြောင့် နှစ်လုံးမသာရှိသနည်းဟုမေး၏။ မင်းကြီးအမိန့်တော်ရှိကြောင်းကိုပြောလေသော်ခမည်းတော်မင်းကြီး၊ မကြောင့်ကြလင့်။ သုံးယောက်လုံးကိုကျွန်မထံသို့လာကြပါစေ။ တခုသောနေရာကိုလည်း ဆောက် ပါစေ။ အမှုသည်သုံးယောက်တို့ကိုထောင့်သုံးခုတွင်အသီး အသီးနေပါစေ။ ကျွန်မမူကားအလယ်တွင်နေ၍စစ်မေးပါမည်ဟုဆို၏။ ထိုသို့ဆိုသည့် အတိုင်းစီရင်ပြီးမှသ မွေးသားကိုခေါ်၍ မေးလေ၏။

NOTES.

လင်ရင်း the original husband. ပြာသာဒ် (S. *Prāsāda*) pyat-that, a building approached by steps; tower. ယောက္ခမ parents-in-law. ရှုံး to lose (a case). မြို့ကွပ် a magistrate (not much used now). တည် to be established in. မောဟဂတိ P. the path of folly or error. လိမ္မာ to be clever. ပြီးအောင် in order that it may be completed (settled). စည်းစိမ်းကိုဖျက်ဆီး to destroy wealth, i. e. to turn a person out of office, etc. ကြောင့်ကြ to be anxious. ထောင့် an angle, corner. အသီးအသီး separately; from သီး to string beads one by one. စီရင်ပြီးမှ after the arrangements were completed (J. § 123).

ဘုန်းကျက်သရေနှင့်ပြည့်စုံသောယောကျ်ားမြတ်၊ အမောင်သဌေးသားသည် အသက်ကိုစွန့်၍သမုဒ္ဒရာကိုကူးပြီးလျှင် ဥစ္စာရှာသွားပြီးနောက် ဤအရပ်တွင်ပြသာဒ်နှင့်တကွမီးလောင်၍ အမောင့်မယားသေလေပြီဟုလူအများဆိုကြသတည်း။ အမောင့်မိဘတို့လည်းကြွယ်ဝပါလျက်ပင် အမောင်သည်လည်းသမုဒ္ဒရာကိုကူး၍များစွာသောဥစ္စာရခဲ့သူဖြစ်ပါလျက်မိန်းမတယောက်ကိုယောကျ်ားနှစ်ယောက်လုကြချင်းသည်မသင့်ပါတကား။ ဤသတို့သမီးသည်သူမယားဖြစ်သည်မှန်ပါလျက် ငါ့မယားဟုတ္တဲ့ဆိုသော့ကြောင့်မင်းကြီးစသောအမတ်ကြီးတို့လည်းအရှုံးပေးကြခဲ့ပြီ။ အမောင့်မယားမှန်ပါလျှင်အဘယ်ကြောင့်လျှို့ဝှက်ကွယ်ထောင့်ပါအံ့နည်း။ ငါ့စကားကိုအမောင်လိုက်နာကောင်း၏။ အမောင့်စိတ်အဘယ်သို့ရှိမည်နည်း။ အမောင်သဌေးသားတည်း။ ငါအမတ်ကြီးသမီးဖြစ်သည်။ ငါတို့နှစ်ယောက်တစိတ်တည်းဖြစ်ကြမူကားတသက်ပတ်လုံးအဘယ်ဆင်းရဲရှိရအံ့နည်းဟုဆိုလတ်သော် သဌေးသားသည်ဤသို့ဆိုပေ၏။ ဤသဌေးသမီးသည်ငယ်သွားမကျွတ်မှီအဝတ်မမြဲမှီကပင် မိဘတို့ထိမ်းမြား သောမယားဖြစ်၍အဘယ်သို့လျှင်စွန့်ဖြစ်နိုင်အံ့နည်း။ ယောကျ်ား၏သဘောသည်ရက်စက်ကြမ်းကြုတ်သောအမှုကိုမပြုအင်။ သစ္စာစကားကိုဖျက်၍အဘယ်

အကျိုးရှိအံ့နည်းဟုဆို၏။ ။အမတ်ကြီးသို့လည်းသစ္စာမြဲသောသူ၏ စကားကိုကြားလျှင် အံ့ဘွယ်သရဲရှိစွဟုလွှတ်လိုက်သတည်း။

NOTES.

ဘုန်းကျက်သရေ good reputation, nobility of character. အမောင် Sir (used by a woman to a man). The light accent shows the genitive case. ကြွယ်ဝ to be opulent. လျက်ပင် even though. လုကြချင်း strife; a plural verbal which denotes the action of more than one person. စွဲဆို to sue for. မင်းကြီးစသော beginning with the king, i. e. from the king downwards. လျှို့ဝှက်ကွယ်ထောင့် to conceal. (Look out the meaning of each word.) တစိတ်တည်း of one mind. တသက်ပတ်လုံး for the whole of (our) one life. ငယ်သွားမကျွတ်မှီ ere she had shed her childhood's teeth. အဝတ်မမြဲမှီ before clothes were constant. Children do not wear clothes as a rule. ယောက်ျား etc. The disposition of a (true) man ought not to be capable of so cruel a deed. သစ္စာမြဲ firm to (his) vow.

ပေတလုင်ကိုမေးပြန်၏။ ဘုန်ကျက်သရေနှင့်ပြည့်စုံသောယောက်ျား မြတ်ဖြစ်လျက်ပင်နှစ်ယောက်သောလုင်တို့သည်မိမ္မတယောက်ကိုလုကြသည်ဟူသောစကားသည်မသင့်ပါတကား။ ငါ၌လည်းခင်ပွန်းမရှိ။ အရှင်နှင့် အတူနေခြင်းငှါအလိုရှိ၏။ များစွာလေးမြတ်ခြင်းလည်း ရှိကြအံ့။ ငါလည်း အမတ်ကြီးသို့ဖြစ်သည်

များစွာသောစည်းစိမ်နှင့်မစံစားပါရလောဟုဆို၏။ပေတလုင်လည်းထိုစကားကိုကြားလျှင်ပညာရှိစကားလျှင်တည်းဟုအမှတ်ရှိ၍မိမ္မတို့သဘောကားဥပါယ်တမည်အလွန်များခြင်း၊လှည့်ပတ်တတ်ခြင်း၊ကွယ်ပျက်လိုသောစိတ်ရှိခြင်းတို့နှင့်ပြည့်စုံသည်။ငါ၏အသက်သည်လည်းဤသတို့သ္မီး၏လက်ခုတ်တွင်ရှိသောရေနှင့်တူသည်။ယင်းသို့ဖြစ်သောကြောင့်အရှင်မ၏စကားကိုငါနားထောင်တော့မည်ဟုဆို၏။ ။

အမောင်၊ငါ့စကားကိုလိုက်နာမူကားသင်နှင့်တပါးသောအရပ်သို့သွား၍နေကြမည်။သို့မှသာအမောင်ကိုငါယုံမည်ဟုဆိုလျှင်ကောင်းပြီဟူ၍ဆို၏။အရှင်သွား၍နေပြန်လေဦးတော့ဟုဆိုလျှင်သွားလေ၏။ ။

ထိုနောက်မှသဌေးသ္မီးကိုခေါ်၍မေးလေ၏။အစ်မကြီး၊အရှင်မလင်ကားစည်းစိမ်နည်းသည်။သဌေးသားလင်ကားစည်းစိမ်ချမ်းသာများစွာရှိသည်။အတူနေကြသော်တသက်ပတ်လုံးဆင်းရဲခြင်းမရှိပြီတကား။အဘယ်ကြောင့်ငြင်းပါသနည်းဟုဆို၏။ ။ထိုစကားကိုကြားလျှင်အရှင်မလည်းမိမ္မ။ငါလည်းမိမ္မပင်။မိမ္မတို့၏သဘောသည်အကြင်သစ်ပင်၌ဖြစ်သောသစ်သီးနှင့်တူ၏။အရှင်ဖြစ်သောလင်မူကားသစ်ပင်နှင့်တူ၏။သစ်သီးတို့သဘောသည်အညွန့်ပေါက်၍အရွက်နှစ်ရွက်ဆင့်လျှင်အရွက်အခက်မှသည်အငုံဖြစ်၏။အငုံမှသည်

အပွင့်ဖြစ်၏။ အပွင့်မှသည်အသီးဖြစ်၏။ အသီးဖြစ်လျှင်ရင့်၍ကြွေ၏။ ကြွေလေလျှင်ကြွေရာအရပ်၌ရှိလေ၏။ အညှာမှကြွေပြီးသောသစ်သီးသည်အညှာ၌တည်ပြန်နိုင်သလော။ အမိဝမ်းကဖွားသောသားသည်အမိဝမ်းသို့တဖန်ဝင်ပြန်သလောဟုဆိုလေ၏။ ထိုသဌေးသမီးဆိုသောစကားကိုအမတ်ကြီးသွီးကြားလေသော်ဤမိန်းမစညံ်းလဲးသောအဖြစ်ကိုငါသိရပြီ။ မိမိနေရာအရပ်သို့သွားတော့ဟုဆိုလျှင်အမှုသည်သုံးယောက်သွားကြလေ၏။

NOTES.

လုကြသည်ဟူသောစကား this story, that two men are striving over one woman. အရှင်နှင့်အတူနေခြင်းငှါအလိုရှိ၏ I have a wish to live with you, Sir. လေးမြတ်ခြင်းရှိကြအံ့ we shall be much respected. များစွာသောစည်းစိမ်နှင့်မစံစားပါရလော shall we not be able to enjoy (ourselves) with much wealth? လျှင် emphatic aff. (J. § 126, 8). အမှတ်ရှိ၍ thinking. ဥပါယ် from P. ဥပါယော stratagem, expedient. တမည် or တံမျည် a line; stratagem. ကွယ်ပျက် to conceal and trifle with. လက်ခုတ် the hollow of the hand. ယင်းသို့ဖြစ်သောကြောင့် because that is so. တော့မည် must (J. § 117). နေပြန်လေဦးတော့ go and wait a little (J. § 117). အစ်မကြီး elder sister: a respectful mode of address. နည်း few, small. မရှိပြီ shall not have (J. § 108). ငါလည်းမိမ္မပင် I, too, even am a woman. အကြင် whatever, any (J. § 82). ဆင့် to come one above the other. အရွက်အခက်မှသည် that which is from the leaf-stalk. အရွက် a leaf.

အခက် a stalk or branch. အငုံ a bud. အပွင့် a flower. အသီး or သစ်သီး a fruit. Note the peculiar use of သည် after မှ in this clause. တည် to place. ဝမ်း belly, womb. အဖြစ် state, nature. ငါသိရပြီ I have ascertained. အမှုသည် a suitor.

ထိုသူတို့ဆိုကြသောစကားများကိုစာချီအားရေးစေ၍အဖအမတ်ကြီးရှေ့တွင်ဖတ်စေ၏။အဖလည်းအလွန်ဝမ်းမြောက်သည်ဖြစ်သတည်း။ အမှုသည်သုံးယောက်လုံးကိုပင်မင်းကြီးရှေ့သို့ခေါ်၍မေးလေသော်သည်အတိုင်းမှန်လေပြီဟုဖြောင့်ဆိုကြသည်နှင့်အညီ၊ပေတလုလင်သည်လင်မဟုပ်သောကြောင့်အသက်သေရန်သင့်သည်။ သို့ရတွင်အသက်ကိုလွှတ်စေ။ သဌေးသားလည်းများစွာသောဥစ္စာရှိလျက်သစ္စာစကားကိုမဖျက်သောလင်ရင်းမှန်သည်။ သဌေးသ္မီးလည်းလင်ကိုကွယ်ကန်သည်ဖြစ်သောကြောင့်မှည့်လေပြီးသောသစ်သီးအညှာမှကြွေလျှင်တဖန်အညှာ၌မတည်ပြန်နိုင်သကဲ့သို့၊အမိဝမ်းမှဖွားလေပြီးသောသားသည်အမိဝမ်း၌ပြန်၍မဝင်နိုင်သကဲ့သို့၊ဥပမာကိုညွှန်ပြပြီးဖြစ်သောကြောင့်သွန်သင်ဆုံးမ၍လွှတ်စေဟုမင်းကြီးဆုံးဖြတ်လေ၏။ ထိုဆုံးဖြတ်ချက်ကိုထီးဖြူစောင့်နတ်သမီးသည်ကြားသော်ကောင်းချီးပေး၏။မင်းကြီးလည်းအမတ်ကြီးသ္မီးကိုမိဖုရားအရာသို့မြှောက်လေ၏။ ။ထိုကြောင့်ပညာရှိတရားသူကြီးတို့သည်စဉ်းလဲလှည့်စားလျှို့ဝှက်

သောတရားကိုရှူးစမ်းစစ်ကြော၍ဆုံးဖြတ်ရာသ
တည်း။ ။

NOTES.

အသား note the use of this dative (J. § 65). သုံးယောက်လုံး the whole three. သည်အတိုင်းမှန်လေပြီဟုဖြောင့်ဆို they confessed, saying, 'It is true according to this (which is read).' အညီ in accordance with (J. § 126, 3 a). အသက်ကိုလွတ်စေ let his life be released, i.e. let him escape death. သွန်သင် to instruct. ဆုံးမ or ဆုမ္မ to correct; either by reproof or punishment. ကောင်းချီးပေး to cry 'well done.' စဉ်းလဲ to use artifice. လှည့်စား to lie, deceive. လျှို့ဝှက် to conceal, be hypocritical.

၁၃. ဥဒိစ္စပုဏ္ဏားသားအမိသုံးယောက်တို့၏ အကြောင်း။

13. The Account of the Udicca Brahman, his Wife, and Child.

တဏှင်္ကရာမြတ်စွာဘုရားလက်ထက်တော်၌။ ဥဒိစ္စပုဏ္ဏားသည်အကုဋေသောဥစ္စာရှင်ဖြစ်၍သမုဒ္ဒဝိဇ္ဇာကုမာရီမည်သောသတို့သမီးတယောက်သာရှိ၏။ ၁၅ နှစ်အရွယ်သို့ရောက်လပ်သော်အာဝဋ္ဋန်းအတတ်ကိုတတ်လပ်၍ယခုငမိဘ၌ငါတယောက်သာရှိသတည်း။ ငါ

၌ချစ်ခြင်းမရှိပါ။ သူတို့ခက်ထန်သောကြောင့်ဥစ္စာများရှိပါလျက်မပေးပါ။ သေမင်းသို့ရောက်ကြလေသော် ငါကားမိန္မဖြစ်ခဲ့သဖြင့်၍ဥစ္စာသည်မင်း၏ဘဏ္ဍာသာဖြစ်ချေတော့မည်။ ငါလည်းပျက်စီးခြင်းသို့ရောက်ချေတော့မည်ဟုကြံ၍တနေ့သ၌အနဂ္ဃပတ္တမြားကိုမိဘအိပ်ကြရာ၌ထားသည်ကိုသိ၍ပုဏ္ဏားလင်မယားနှစ်ယောက်ခေါင်းချော်သွားကြသည့်အခိုက်ဝှက်ထားလေ၏။ အဝတ်ပုဆိုးကိုလဲသောအခါပုဏ္ဏားသတိရ၍ပုဏ္ဏေးမ၊ ငအိပ်ရာ၌ထားသောအနဂ္ဃပတ္တမြားသည်ရှိပါသလောဟုမေး၏။ ရှင်ပုဏ္ဏား၊ ငါထွက်ချိန် မမြင်ဟုဆိုလေ၏။ ထိုစကားကိုကြားလျှင်ပုဏ္ဏားလည်းလျင် မြန်စွာပြန်၍ပြေးလေ၏။ သ္မီးလည်းဝှက်ထားပြီးမှ မိဘခြေဆေးရန်ရေသွန်း၍နေလေ၏။ ပုဏ္ဏားလည်းရောက် လျှင် ကြည့်ရှုရှာ ဖွေသော်လည်းမရပြီးမှ သ္မီး ကိုမေး၏။ ချစ် သ္မီး၊ ငါတို့ခေါင်းချော်သွားကြသည့် နောက် ငါ တို့ အိပ်ရာ အောက်၌ပတ္တမြားကိုယူသလောဟုမေး၏။ ကျွန်မမသိပါဟုဆို၏။ ထိုစကားကိုပုဏ္ဏားကြားလျှင် သ္မီးနှင့်ငြင်းခုံ၍ရွာလပ်တရားသူကြီးထံတရားစစ်မည်သွားလေသော်တရားသူကြီးသည် သ္မီးနှင့်မိဘသုံးယောက်ကိုစစ်မေးစရာမရှိပြီဟုဆို၏။ ပုဏ္ဏားလည်း မသက်သာ၍မြို့ကွပ်သို့သွား၍ရောက်လေသော်မြို့ကွပ်သည်လည်းရွာ

လပ်တရားသူကြီးနှင့်အတူဆုံးဖြတ်လေ၏။ ပုဏ္ဏားလည်း မသက်သာ၍ မင်းကြီးထံသို့ရောက်လေ၏။

NOTES.

သားအမိသုံးယောက် lit. child, mother, three persons. တဏှင်္ကရာ one of the Buddhas. ဥဒိစ္စ this is probably a class of Brahman, not a name; the usual translation however is 'the Brahman Udeitsa.' အကုဋေ for P. ကောဋိ ten millions. ကုမာရီ P. a girl, young lady. အာဝဇ္ဇန်း (pronounced *āwitzan*) for P. အာဝဇ္ဇနံ meditation. ခက်ထန် close-fisted, difficult to deal with. သေမင်း king death. ဘဏ္ဍာ P. (pronounced *hpadā*) property, goods. အိပ်ကြရာ their sleeping place: note the plural formation of a verbal noun. အနဃ္ဃ for P. အနဃ္ဃကော priceless. ခေါင်းလျှော် to wash the (hair of the) head. အနိုက် whilst, from နိုက် to come in contact with. အဝတ် clothes. ပုဆိုး a cloth worn round the waist: when people bathe they put on a small one. သတိရ to remember; သတိ P. heed, thought; ရ to get. ပုဏ္ဏေး fem. of ပုဏ္ဏား with မ the B. fem. aff. ပတ္တမြား a ruby. စည် or စညံ် whilst, when. ခြေဆေး to wash the feet. ကျွန်မ I, fem. (J. § 77). တရားဆင် to state a case.

မင်းကြီးလည်းအမတ်ကြီးကိုခေါ်၍အမတ်ကြီး၊ ခုနှစ်ရက်အတွင်းတွင်ဤတရားကိုစိစစ်မေးမြန်း၍ရအောင်ပြုလေ။ မရလျှင်စည်းစိမ်ဖျက်စိမ့်မည်ဟုဆိုသောကြောင့်အလွန်စိုးရိမ်သည်ကိုသ္မီးမြင်လျှင်ခမည်းတော်မင်းမြတ်၊ အဘယ်ကြောင့်စိုးရိမ်သနည်းဟုမေး၏။ ချစ်

သမီး၊ ပုဏ္ဏားပုဏ္ဏေးမသမီးသုံးယောက်ငြင်းခုံကြသောပတ္တမြားကိုစစ်ကြောရှာဖွေ၍မရနိုင်သော်ငါ၏စည်းစိမ်ချမ်းသာကိုပျက်စီးစေမည်ဟုမင်းကြီးမိန့်ဆိုသောကြောင့် ငါစိုးရိမ်သည်ဟုဆို၏။ ထိုစကားကိုသမီးကြားလျှင် ခုနှစ်ရက်အတွင်းစစ်ဆေး၍ ဤအမှုကိုရအောင်ထင်ရှားစွာပြုပါမည်လျှောက်လေတော့ဟုဆို၏။ အဖလည်းမင်းကြီးအားလျှောက်လေသော်မင်းကြီးလည်းကောင်းပြီဟုဆို၏။ အမတ်ကြီးသမီးလည်းခမည်းတော်၊ လိမ္မာသောစာချီတယောက်ကိုခေါ်ပါဟုဆိုလျှင်အဖလည်းစာချီတယောက်ကိုခေါ်စေ၏။ ပုဏ္ဏားပုဏ္ဏေးမတို့ကိုခေါ်၍ အကုဋေဥစ္စာရှင်ဖြစ်သောရှင်ပုဏ္ဏားတို့၊ ဤအမှုအဘယ်သို့ဖြစ်သနည်းဟုမေး၏။ ။အမတ်ကြီးသမီး၊ ငါတို့ထိမ်မြားကြသောနေ့မှစ၍ ဤမျှသောဥစ္စာရှင်ဖြစ်ကြခြင်းသည်ကားသားသမီးတို့အားဆင်းရဲခြင်းမဖြစ်စိမ့်သောငှါဆည်းဘူးသည်ဟုဆိုကြ၏။ ။သမီးကိုခေါ်၍မေးသော်အမတ်ကြီးသမီးလည်းမိမ္မသား။ ကျွန်မလည်းမိမ္မသားဖြစ်သည်။ ငါတို့မိဘသေခဲ့သော်ဥစ္စာကိုမင်းကြီးပေးသဋ္ဌေသာရချိမ့်မည်ဟုဆိုပေ၏။ ။ထိုစကားအတိုင်းစာချီကိုရေးစေ၍ ပုဏ္ဏားပုဏ္ဏေးမတို့ကိုခေါ်၍မေးမြန်းလျှင်ငါတို့ဆည်းဘူးသောဥစ္စာနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ သားသမီးတို့ဘို့သာမဟုပ်တုံလောဟုဆိုကြ၏။ ထိုစကားကိုကြားသော်စာချီကိုရေး

မှတ်၍ထားစေ၏။ ။ထိုစကားအဓိပ္ပါယ်သော်ကား သမီး၌ဥစ္စာရှိသည်မှန်လေပြီ။

NOTES.

အတွင်းတွင် in the inside of = တွင် in. ရအောင်ပြုလေ do so as to get, i.e. manage to get back the ruby. မရနိုင်သော် if I cannot get. မိန့် to command. ထင်ရှားစွာ conspicuously. လျှောက် to inform (a person in authority higher than oneself). စာချီ a secretary. ဤမျှ this much, so much (J. § 88). စိမ့် for စေအံ့ causative future. မဖြစ်စိမ့် သောငှါ in order that there may not be. ဆည်းတူး or ဆည်းဖူး to accumulate (wealth). မိန်းမသား lit. woman-child, but often, as here, used in the sense of 'unprotected female.' ပေးသရွေ့ as much as he gives = သမျှ (J. § 75). ချိမ့် for ချေအံ့ (J. § 118). ဘို့ for (J. § 75) မဟုတ်တုံလော is it not so ?

အမတ်ကြီးသမီးကလည်းပုဏ္ဏားတို့သွားကြလေတော့။ သမုဒ္ဒဗိဇ္ဇကုမာရီကိုငါနှင့်အတူနေစေဦး။ မေးမြန်းဆွေးနွေးပြီးမှပို့လာစေမည်ဟုဆိုလျက်တဖန်ပုဏ္ဏားသ္မီးကိုခေါ်စေ၍အတူတကွစားသောက်ရာတွင် အမတ်ကြီးသ္မီးသည်ထိုပတ္တမြားသည်သူငယ်လက်တွင်ရှိ၏။ အဘယ်သို့သောအကြံကိုပြု၍၎င်းဥစ္စာကိုရအံ့နည်းဟုကြံ၍အဖထံသို့ကပ်ပြီးလျှင်ခမည်းတော်တွင်ရှိသောအနဂ္ဃပတ္တမြားကိုပေးမှထိုပတ္တမြားကိုရချိမ့်မည်ဟုဆို၏။ အမတ်ကြီးလည်းပတ္တမြားကိုပေး၍အမတ်သ္မီး

လည်းပုဏ္ဏားသ္မီးကိုချံည်း၍အကျွမ်းဝင်အောင်ပြုပြီးလျှင်ကျိုးစားကြ၏။ ကျိုးစားကြရာတွင်အကျွမ်းဝင်၍ပုဏ္ဏားသ္မီးအားပတ္တမြားကိုပြပေ၏။ ပုဏ္ဏားသ္မီးလည်းမြင်လျှင်အရှင်ဥစ္စာလော။ သူတပါးဥစ္စာလောဟုမေးသော်အဖဥစ္စာသာ။ ငအမိအဖသေလွန်လျှင်မင်းဥစ္စာဖြစ်လိမ့်မည်။ ထိုကြောင့်ငါဝှက်ထားသည်ဟုအမတ်ကြီးသ္မီးဆိုသောစကားကိုပုဏ္ဏားသ္မီးကြားသောအခါကျွန်မ၌လည်းဧင်နည်းတူရှိသည်ဟုဆိုပြန်၏။ ထိုစကားကိုအမတ်ကြီးသ္မီးကြားလျှင်ငါတို့နှစ်ယောက်လည်းမိမ္မချင်းဖြစ်ကြသည်။ စိတ်လည်းတူကြသည်။ အဆိုအမိန့်လည်းတူကြသည်။ အကြံနက်နဲခြင်းလည်းတူကြသည်။ တို့ဥစ္စာကိုပေါင်းဖက်၍ဝှက်ထားသောအပြစ်ကိုသူတပါးမသိစေလင့်ဟူ၍ဆို၏။ အရှင်ဥစ္စာနှင့်လည်းတူသည်ဖြစ်၍ငဥစ္စာကိုမိဘတို့တွေ့ကြမည်ကိုစိုးသောကြောင့်အရှင်ဥစ္စာနှင့်အတူကျွန်မထားပါမည်ဟုဆို၍ထိုပတ္တမြားကိုပေးခဲ့ပြီးလျှင်အမတ်ကြီးသ္မီးသည်ထိုပစ္စည်းကိုရလျှင်အဖအားပေးလေ၏။ အမတ်ကြီးလည်းအဘယ်မှာရချေသနည်းဟုစာချီကိုခေါ်၍မေးသော်စာချီလည်းသတို့သ္မီးအစီအရင်ကိုပြန်ပေ၏။

NOTES.

နေစေဦး let her remain longer; (J. § 117) does not give this force; ဦး pronounced *ón*. ဆွေးနွေး to investigate.

ပို့လာစေမည် will cause her to be sent. အဘယ်သို့သောအကြံကိုပြု၍ by doing what purpose, i.e. by what means. ကပ် to draw near to; adhere. ချဉ်း to approach. အကျွမ်းဝင် to make acquaintance with. ကျီ စား to joke. ၎င်းနည်းတူ in like manner. မိမ္မချင်း woman-companion, i. e. both women. အကြံနက်နဲခြင်း depth of purpose. ပေါင်ဖက် unite, put together.

အမတ်ကြီးလည်းဪ၊ငါ့သို့ကားပညာရှိစွတကားဟုစာချီနှင့်တကွပတ္တမြားကိုမင်းကြီးထံဆက်လေ၏။ အတိမှာရသနည်းဟုမင်းကြီးမေးတော်မူကာလအကျွန်ုပ်သို့စစ်ဆေး၍ရပါသည်ဟုလျှောက်လေ၏။ မင်းကြီးလည်းပတ္တမြားကိုဥဒ္ဒိပုဏ္ဏားအားအပ်ပေးလေသော်အရှင်မင်းကြီး၊အတိမှာရသနည်းဟုမေးကာလမင်းမျက်စိတည့်၍ရသည်ဟုဆို၏။အမတ်ကြီးသမီးကိုလည်းမိဘုရားအရာ၌မြှောက်ထားလေသတည်း။

။ထိုကြောင့်ပညာရှိတရားသူကြီးတို့သည်ဖွေရှာစစ်ကြောမေးမြန်း၍ဆုံးဖြတ်ကြရာ၏။

NOTES.

ဪ Oh! အတိမှာ where, sometimes written အဒိ (J. § 82). အကျွန်ုပ် I; is more respectful than ကျွန်ုပ်, but Judson does not give it in grammar. မင်းမျက်စိတည့်၍ Bandow says this is a figurative expression meaning 'putting the king's eye into (some one),' i.e. 'by the royal power.'

၁၄. သဌေးသားနှင့်မြွေပါ၊ကြောင်၊ခွေးတို့၏ အကြောင်း။

14. The Account of the Rich Man's Son, the Mungūs, the Cat, and the Dog.

ကောဏာဂုံဘုရားလက်ထက်တော်၌။မင်းသား၊အမတ်သား၊သဌေးသား၊ဆင်းရဲသားလေးယောက်တို့သည်တက္ကသိုလ်ပြည်မှာအတတ်ပညာသင်ကြလေသော်မိမိတို့အလျောက်တတ်မြောက်ကြပြီးလျှင်ဆရာအားအတတ်ဂုဏ်ကိုမေးကြရာဆရာလည်းပြောပေ၏။ ။ကမ္ဘာဦး၌ဂဟပတိဝေသာပြည်တွင်သဌေးကြီးလေးယောက်တို့သည်အလွန်ချစ်ခင်ကြ၍တယောက်စီးပွားကိုတယောက်အလိုရှိကြ၏။ထိုအခါသဌေးတယောက်သေခဲ့သော်သားယောက်ျားတယောက်သာရှိ၍ထိုသားကိုအမိသဌေးမကချစ်သား၊မောင့်ဘသေခဲ့ပြီ။မောင်သည်ရင်သွေးဖြစ်၍အမွေခံထိုက်သော်လည်းငယ်သေးသည်ဖြစ်သောကြောင့်မောင့်ဘ၏မိတ်ဆွေသဌေးသုံးယောက်ထံအတတ်ပညာသင်ပါဦးလော့ဟုအသပြာသုံးရာပေး၍ညွှန်လိုက်လေသတည်း။ သဌေးသားလည်းသဌေးအဆောင်အရောင်နှင့်သဌေးသုံးယောက်ထံသို့သွားလေ၏။ထိုအခါ

၌ယောက်ျားတယောက်သည်မိမိခွေးကိုယူ၍လာသည်ကိုတွေ့ကြသတည်း။ သဌေးသားကလည်းဟော့ယောက်ျား၊ခွေးကိုရောင်းမဉ်လောဟုမေးရာဝယ်တပြီးကားငွေအသပြာတရာပေးလော့ဟုဆို၏။ သဌေးသားလည်းအသပြာတရာပေး၍အမိအိမ်သို့ပို့၍အကြောင်းမျိုးကိုသိစေလေ၏။ သဌေးမလည်းငါ့လင်အဆွေအမျိုးတို့အစိရင်ခံ၍ဝယ်သည်ဖြစ်ရာသည်ဟုထင်၍ကောင်းစွာကျေးမွေး၍ထားလေသတည်း။တနေ့သ၌နေ့လယ်ထမင်းစား၍သွားလေသော်ယောက်ျားတယောက်သည်ကြောင်တကောင်ကိုယူ၍လာ၏။ သဌေးသားလည်းဟော့ယောက်ျား၊မင်းကြောင်ကိုရောင်းမည်လောဟုမေးသော်သဌေးသားဝယ်သော်ကားအသပြာတရာပေးလောဟုဆို၏။ အသပြာတရာပေး၍အမိသို့ထိုနည်းတူပို့စေလေ၏။အမိလည်းငါ့လင်၏အဆွေအမျိုးတို့ကိုငါ့သားသည်အစိရင်ခံသည်ဖြစ်ရာသဉ်ဟုထင်၍ကောင်းမွန်စွာကျေးမွေး၍ထား၏။ တနေ့သ၌ထမင်းစား၍သွားလေသော် ယောက်ျားတယောက်မြွေပါကိုကိုင်၍လာလပ်၏။ သဌေးသားမြင်လျှင်ဟော့ယောက်ျား၊ ဤမြွေပါကိုရောင်းမည်လောဟုမေးလျှင်ရောင်းမည်ဟုဆိုပေ၏။ အဖိုးဆိုလော့ဟုဆိုရာဝယ်လိုလျှင်ငွေအသပြာတရာပေးလော့ဟုပြန်ဆို၏။ အသပြာတရာပေး၍အမိအိမ်သို့ပို့စေ၏။

NOTES.

မြွေပါ the mungūs, a kind of ferret. ကောဏာဂုံ for P. ကောဏာဂမနော one of the Buddhas. မိမိတို့အလျောက် each in accordance with his own (station). မြောက် to be elevated, to be up in (some science). အတတ်ဂုဏ် the efficacy of learning; ဂုဏ် for P. ဂုဏ a quality. မေးကြရာ on their questioning: this is a common use of ရာ not mentioned in Judson; it implies duration of action, the locative affix ၌ or တွင် being omitted. ကမ္ဘာဦး (pronounced *kabbaū*) the beginning of the cycle; ကမ္ဘာ for P. ကာမဘဝေါ a state of sensual existence. ဂဟာပတိဝေသာ name of a city. ရင်သွေး breast-blood, i.e. own child. အမွေခံ to inherit. ထိုက် to be suitable, ought. အသပြာ a coin. ညွှန် to point out. အဆောင်အရောင် that which is carried, that which has a bright appearance; i.e. insignia of rank or office. ဝယ်တပြီးကား suppose you were to buy it (an old form) (J. § 109). ပို့ — သိစေ the causative verb စေ governs both the verb ပို့ to convey, သိ to know. တနေ့သ၌ one day. နေ့လယ်ထမင်း mid-day rice. ဝယ်သော်ကား if you buy. အစိရင်ခံ to receive a direction. ထင် to think.

အမိသည်လည်းအဖအဆွေအမျိုးတို့အစိရင်ခံသည် ဖြစ်ရာသည်ဟုကောင်းမွန်စွာကျွေးမွေး၍ထားလေ၏။ သဌေးမလည်းခွေးနှင့်ကြောင်ကိုကားအိမ်ပစ္စည်း ဖြစ်သောကြောင့်မကြောက်မရွံ့ကျွေးမွေး၏။ မြွေပါကို မူကားတောပစ္စည်းဖြစ်သောကြောင့်ကြောက်သည်နှင့်

မကျွေးမမွေး။ ထိုအခါမြွေပါသည်ကြုံညှိုးသည်ဖြစ်လေ၏။ သဌေးမဆရာလည်း ဆွမ်းခံဝင်လာသော တကာမသည် အိမ်ကသက်၍ဆွမ်းလောင်းလျှင် မြွေပါကိုမြင်၍ သြော် တကာမသည်၊ ကြုံစွ တကားဟုဆို၍ လောကထံရှစ်ပါးကိုရွတ်ပေ၏။ သဌေးမကလည်း အခြားကြောင့်ကြုံသည်မဟုတ်ပါ။ သားကိုအဖအဆွေ သဌေးသုံးယောက်မှာ အတတ်အလိမ္မာသင်ပါစေဟု အသပြာသုံးရာပေး၍သွားပါလေစေသော် တနေ့လည်း ခွေးကိုတရာပေး၍ပို့လာစေ၏။ တနေ့လည်းကြောင်ကို တရာပေး၍ပို့လာစေ၏။ တနေ့လည်းမြွေပါကိုတရာပေး၍ပို့လာစေ၏။ ခွေးနှင့်ကြောင်ကိုမူကားအိမ်ပစ္စည်းဖြစ်သောကြောင့်မကြောက်မရွံ့။ မြွေပါကိုသော်ကားတောပစ္စည်းဖြစ်သောကြောင့်မြင်လျှင်ပင်ကြောက်လန့်သည်ဖြစ်၍မကျွေးမမွေးဝံ့သည်နှင့်ကြုံသည်ဟူ၍ဆရာကိုပြော၏။ ဆရာလည်းတောသို့သွား၍လွှတ်လေ့ဟုဆိုပေ၏။ ဆရာမိဘစကားကိုမလွန်၊ အာဏာမဆန်အပ်သောကြောင့်ဆီနှင့်လူးသောအစာနှင့်တကွတောသို့လွှတ်လိုက်လေ၏။ မြွေပါသည်တောသို့ရောက်လျှင်ဤသို့ကြံ၏။ သဌေးသားသည်အသပြာတရာပေး၍လက်သို့ရောက်လျှင်ကောင်းအောင်ငကိုမွေးပေသည်။ အသက်ကိုလည်းလွှတ်ပေသည်။ ကျေးဇူးရှင်ကိုကျေးဇူးဆပ်မည်ဟူ၍တော၌ရသောမဏိဇောတပတ္တမြားလက်စွပ်ကို

ခံတွင်း၌ငုံ၍ ဤလက်စွပ်ကား လက်စွပ်မည်ဆန်း မဟုတ်ပါ။ ခပ်သိမ်းသော အလိုကိုပေးတတ်သည်။ တောင့်တလေလာရရလတံ့သော ပဏ္ဏမြားတည်း။ လက်တွင်ဝတ်၍မြဲလှပါစေ။ သူတပါးကိုမစွတ်ပါစေလင့်ဟု သဌေးသားအား ပြော၍ပေးခဲ့ပြီးသော် တောထဲသို့ဝင်ပြန်လေ၏။

NOTES.

မူကား used after objective adversatively (J. § 61). ဖြစ်ရာ၏။ this ရာ is commonly called euphonic, but more properly denotes 'probability.' အိမ်ပစ္စည်း house-thing, i. e. domestic. တောပစ္စည်း forest-thing, i. e. wild. ဆရာ teacher, i. e. the monk whose instructions in spiritual matters she followed. ဆွမ်း = ထမင်း boiled rice, but applicable only to rice given to mendicants and Brahmans. ဆွမ်းခံ to receive rice, as Buddhist monks do. ဆွမ်းလောင်း to pour the rice into the alms-bowl. တကာမ (pronounced *tăgămá*) for P. ဒါယိကာ + B. မ the female giver (of alms). လောကထံ or လောကဓံ from P. လောက world, ဓမ္မ law. There are eight worldly conditions to which man is subject, viz. gain, loss, fame, dishonour, praise, blame, happiness, suffering. ရွတ် to recite. မြင်လျှင်ပင် even when I saw it. လွန် to exceed, transgress. ဆန် go against, disobey. လူး to smear. အသက်လွှတ် to release alive. ကျေးဇူးရှင် the lord of gratitude, i.e. a benefactor. ဆပ် to repay. မဏိဇောတ P. a sparkling gem: or magic gem. ခံတွင်း bearing-hole, i. e. mouth. ငုံ to carry in the mouth.

လက်စွပ်မည်ဆန်း၊မဟုတ် about to put on hand merely not true, i.e. not merely to wear on the finger (J. § 117). တောင့်တလေရာ whatever you long for. မြဲလှပါစေ let it be very constant (there).

သခွေးသားလည်းတောင့်တ၍တညဉ့်ချင်းတွင်အိမ်ရှေ့၌ပြသာဒ်ဘုံပေါက်၍မင်းကြီးစသောပြည်သူလူအပေါင်းတို့ကြည့်လာကြကုန်၏။ မင်းကြီးလည်းသခွေးသားနှင့်သ္မီးတော်ကိုဆောင်နှင်းလေ၏။ ထိုအခါတွင်မင်းသ္မီးဆရာတော်ပုဏ္ဏားသည်သခွေးသား၏လက္ခဏာကြည့်လေသော်တပါးကိုမမြင်။ လက်စွတ်တခုကိုသာမြင်၍သခွေးသားအရပ်တပါးသို့သွားစဉ်ပြသာဒ်တွင်းသို့ဝင်လေ၍သာယာစွာသောစကားကိုပြောဆိုပြီးလျှင်မင်းသ္မီးကိုသခွေးသားမြတ်နိုးပါသလောဟုမေး၏။ အရှင်ပုဏ္ဏား၊အဘယ်မေးဘွယ်ရှိအံ့နည်း။ ထိုသူကားသခွေးသား။ အကျွန်ုပ်ကားမင်းသ္မီးဖြစ်သဉ့်ဟုဆို၏။ သင်မင်းသ္မီးကိုချစ်သည်မှန်သော်လက်စွတ်ကိုဝတ်ရပါသလောဟုပုဏ္ဏားကမေးလျှင်ဆရာ၊လက်စွပ်ကိုငါမဝတ်သော်အဘယ်သူဝတ်ရအံ့နည်းဟုဆိုပေ၏။ မင်းသ္မီးလည်းတနေ့သ၌သခွေးသားကိုလက်စွပ်ကိုဝတ်ပါရစေဆိုလျှင်အလွန်ချစ်မြတ်နိုးသောကြောင့်ချွတ်၍ပေးပြီးသော်ဤလက်စွပ်ကိုချွတ်၍မပြလင့်။ လက်တွင်သာမြဲပါစေဟုဆို၏။ တနေ့သ၌သခွေး

သားမရှိခိုက်ပုဏ္ဏားလာ၍သာယာစွာပြောပြီးသော် ယမန်ကဆိုသည်အတိုင်းလက်စွပ်ကိုဝတ်ပါရ၏လော။ ဝတ်ရသော်အဘယ်မှာရှိသနည်းဟုပုဏ္ဏားမေးလျှင် ဆရာတော်၊သဉ်မှာရှိပါသဉ်ဟုပြပေ၏။သ္မီးတော်ချွတ် ၍ပြပါဟုတောင်းလတ်သော်အထိန်းတယောက်ကအ ရှင်သ္မီး၊ဆရာတော်ပင်ပန်းစွာတောင်းပါသည်။ကြည့် ပါစေတော့ဟုဆိုသောကြောင့်ချွတ်၍ပုဏ္ဏားအားပြ ပေး၏။

NOTES.

တညဉ့်ချင်း a single night (J. § 125, 5). ဘုံ an abode, a palace; an ornamental roof: probably from P. ဘဝန် a dwelling-place, state of existence. ပေါက် to sprout, come out of. ဆောင်နှင်း to give (a girl) in marriage: used for persons of high estate; from ဆောင် to bear; နှင်း to hand over. တပါးကိုမမြင်လက်စွပ်တခုကိုသာမြင်၍ seeing nothing besides a ring. မြတ်နိုး to love. အဘယ်မေးဘွယ်ရှိအံ့နည်း What will there be for asking? i.e. How can you ask such a question? သင်မင်းသ္မီးကိုချစ်သည်မှန်သော် If he really loves you, Princess. ဝတ်ရပါ၏လော are you allowed to wear. ဝတ်ပါရစေ let me wear (J. § 112). ယမန်က a little while ago. အထိန်း an attendant, one who takes care of. ပင်ပန်းစွာ laboriously, i. e. importunately, earnestly. ကြည့်ပါစေတော့ just let him see it (J. § 112).

ပုဏ္ဏားလည်းလက်စွပ်ကိုရလေသော်ကျိုးရောင်ဆောင်၍လူမရောက်နိုင်သောသမုဒ္ဒရာအလယ်မှာပြသာဒ်၌နေလေ၏။သဌေးသားလည်းလာလတ်သော်လက်စွပ်ကိုပုဏ္ဏားယူလေသောအဖြစ်ကိုကြားလျှင်မင်းသ္မီးကိုဆို၏။သူတပါးကိုမပြလင့်ဟုဆိုပါလျက်ပြချေသောကြောင့်သမုဒ္ဒရာအလယ်မှာမရနိုင်ချေပြီဟူ၍မှိုင်လျက်နေလေ၏။တနေ့သ၌ထိုသူတို့နေကြရာအရပ်နှင့်မနီးမဝေးကြာမျိုးနှင့်ပြည့်စုံသောရေကန်၌နတ်သ္မီးတို့သည်ဘယက်တန်ဆာနှင့်ရေချိုးလာသော်ဘယက်တန်ဆာကိုချွတ်ကြပြီးလျှင်ကမ်းမှာထားလေ၏။သဌေးသားမွေးသောကြောင်လည်းထိုဘယက်ကိုချီ၍ထားလေ၏။ဤတန်ဆာသည်လူနှင့်မတန်ပါ။နတ်နှင့်သာတန်ပါသည်။ပေးပါဟုနတ်သ္မီးတို့သည်လာ၍ကြောင်ထံတောင်းကြသော်ကြောင်ကလည်းယင်းသို့သော်ကားသင်နတ်သ္မီးတို့သမုဒ္ဒရာအလယ်တွင်ပြသာဒ်၌နေသောပုဏ္ဏားရှိရာသို့ငါသွားရအောင်ခရီးကိုဖန်ဆင်းလျှင်ငါပေးတော့မည်ဟုဆို၏။နတ်သ္မီးတို့လည်းဖန်ဆင်းကြပေ၏။ထိုနေ့ပင်ဖန်ဆင်းသောလမ်းကိုကြောင်ဖြည်းညှင်းစွာသွားသော်ပုဏ္ဏားပြသာဒ်သို့ရောက်၍ကြည့်သောအခါပုဏ္ဏားသည်လက်စွပ်ကိုဝတ်လျက်အိပ်နေသည်ကိုသိလျှင်လက်စွပ်ကိုချွတ်၍အသာယူခဲ့ပြီးလျှင်သဌေးသားကိုအပ်၍ကျေးဇူးဆပ်လေသတည်း။ပုဏ္ဏား

လည်းရေတွင်နစ်ကျ၍သေလေ၏။ သဌေးသားလည်းထိုလက်စွပ်ကိုရလျှင်တောင့်တတိုင်းပြည့်စုံလေ၏။ ။

ထိုအခါ၌ခိုးသူငါးရာတို့သည်သဌေးသားကိုသတ်၍လက်စွပ်ကိုခိုးယူမည်လာကြ၏။ ခွေးသည်ငကိုအမိုး၍မျှစင်ပေး၍ကောင်းမွန်စွာကျွေးမွေးပေသောအရှင်ကိုသတ်ရမည်လောဟုခိုးသူအကြီးအကဲကိုကိုက်သတ်၍ရေတွင်းမှာချထားလေ၏။ မိုဃ်းသောက်လျှင်ခွေးကသဌေးသားကိုမနေ့ညကအကျွန်ုပ်မအိပ်ရ။ အလွန်ပင်ပန်းလှသည်ဟုဆို၏။ အဘယ်ကြောင့်နည်းဟုသဌေးသားမေးသော်ခိုသားငါရာတို့သဌေးသားကိုသတ်၍လက်စွပ်ကိုယူမည်ဟုလာကြရာထိုသူတို့တွင်အကြီးအကဲကိုကိုက်သတ်၍ရေတွင်းသို့ချလိုက်လျှင်နောက်ပါလက်သားအားလုံးတို့ထွက်ပြေးလေကုန်၏။ ကျေးဇူးကြီးလှပေသောကြောင့်အသက်စည်းစိမ်ကိုစောင့်ပါသည်ဟုဆို၏။

NOTES.

ကျီးရောင်ဆောင်၍ taking the form of a crow. ယူလေသောအဖြစ်ကို the fact of its being taken. မှိုင် to be down-cast; lost in thought. ကြာမျိုး (all) kinds of water-lilies. ဘယက် a necklace that falls over the chest. ချီ၍ထား lift and place, i.e. carried off. တန် to be suited to. ဖန်ဆင်း to create, make. ပင် even. ဖြည်းညှင်းစွာ slowly, gently. အသာ gently. ဆပ် to repay. နစ် to sink. စင် even (J. § 126, 8). လုပ်ကျွေး to feed. တောင့်တတိုင်း every wish. အကြီးအကဲ a leader, chief. ရေတွင်း a well. ချထား to throw down. မိုဃ်းသောက်လျှင် in the morning. မနေ့ yesterday. မအိပ်ရ could not sleep: J. does not give this force of ရ in § 117. နောက်ပါလက်သား lit. behind—having with—hand-sons, i.e. his accomplices and underlings.

သဌေးသားလည်းဪတိရိစ္ဆာန်ပင်ဖြစ်လျက်အသပြာတရာပေးသည်ဟူ၍ငကိုသူတို့ကဲ့ရဲ့လေကုန်၏။ ငါအသပြာတရာစီပေးသော်လည်းတိရိစ္ဆာန်သုံးခုကြောင့်ဤသို့သောစည်းစိမ်ထက်ငါစံစားရပေသည်တကား။ တောသို့သွား၍မြွေပါကိုယူပြီးလျှင်တိရိစ္ဆာန်သုံးဦးကိုအတူနေကြစေ၏။ မြွေပါကလည်းငါသည်ရွှေကနေ၍စားထိုက်သည်ဟုဆို၏။ ခွေးလည်းငါသာလျှင်ရွှေကနေ၍စားထိုက်သည်။ ကြောင်ကလည်းငါရွှေကနေ၍စားထိုက်သဉ်ဟုဆို၏။ မြွေပါကလည်းရွှေဦးစွာငါသာလျှင်ပတ္တမြားလက်စွပ်ကိုပေးသောသူဖြစ်သဉ်။ ငါသာရွှေဦးစွာနေ၍စားရကောင်းသဉ်ဟုဆို၏။ ကြောင်ကလည်းသင်ပေးသောဥစ္စာသဉ်ကားပုဏ္ဏားဥစ္စာဖြစ်လေပြီ။ နတ်သ္မီးတို့တန်ဆာကိုငါယူ၍နတ်သ္မီးတို့ဖန်ဆင်းသောခရီးသွားသော်လက်စွပ်ကိုယူသောကြောင့်ငါကားစဉ်းစိမ်ပေးပြီမဟုတ်လော။ ငါသာရွှေဦးစွာနေ၍စားရကောင်းသည်ဟုမြွေပါအားဆို၏။ ခွေးကလည်းနင်၏စည်းစိမ်ကိုခိုးသားငါးရာတို့သည်သဌေးသားကိုသတ်၍ယူကြမဉ်ဟုလာသော်သင်းခိုးသူတို့အကြီးကိုငါ

သတ်၍ရေတွင်းသို့ချသော်လက်သားများလည်းပြေးလေကုန်၏။ ထိုကြောင့်ငါသည်သဌေးသားစည်းစိမ်ကိုကယ်သောသူဖြစ်သည်။ အသက်ကိုလည်းကယ်သည်။ မပျောက်မပျက်ရအောင်ငါကယ်သည်။ သင်တို့ထက်ငါရှေ့ဦးစွာစားရကောင်းသည်ဟုဆို၏။ ။ထိုအခါကမ္ဗောဇတိုင်းတွင်မဒ္ဒရာဇ်မည်သောပြည်၌မဒ္ဒရာဇ်မင်း၏သ္မီးဖြစ်သောသုဓမ္မစာရီအမည်ရှိသောမင်းသ္မီးသည်တရားဆယ်ပါးနှင့်ပြည့်စုံ၏။ ဓမ္မသတ်၊ ရာဇသတ်၌လိမ္မာစွာဖြစ်သတည်း။ တပင်တိုင်ပြာသာဒ်၌ကောင်းမွန်စွာထား၏။ အရပ်ရှစ်မျက်နှာတို့မှာလည်းကျော်စောထင်ရှား၏။ ခပ်သိမ်းသောအပြည်ပြည်တို့၌ကြေညာသောကြောင့်လူတို့သည်လည်းသုဓမ္မစါရီမင်းသ္မီး၏အဆုံးအဖြတ်ကိုခံလာကြကုန်၏။ ။

NOTES.

တိရိစ္ဆာန် (pronounced *tireiksan*) a brute beast; from P. တိရိ three, ဣစ္ဆ (*iccha*) desire. ကဲ့ရဲ့ to revile. သုံးခု three. According to J. § 98, the proper auxiliary would be ကောင်, but ခု is often used instead. ထက် above, more than (J. § 94), i. e. more than the three hundred pieces. ရှေ့က and ရှေ့ဦးစွာ first; some write ရှေ့ and others ရှေး, both forms are correct. သင်း of those (J. § 77). ကမ္ဗောဇတိုင်း the kingdom of Kamboja. တိုင်း country or district. မဒ္ဒရာဇ် Maddarit for Maddaraj.

According to Cunningham there was a district known as Madra, in the Panjab, between the Biâs and Jhelam, not far from Taxila. ဓမ္မရာဇ် Dhammarit for Dhamma Rājā, King of Law, a title often given to kings. ဓမ္မသတ်၊ရာဇသတ် P. *Dhammasattam* and *Rājasattam*, books of religious law and criminal law. တပင်တိုင်ပြာသာဒ် the palace in which unmarried princesses live; တပင်တိုင် means that it has only one steeple roof. ကျော်စော to be famous. ထင်ရှား conspicuous. အပြည်ပြည်တို့ many countries (J. § 51). ကြေညာ to be well known.

ဤသို့အငြင်းအခုံဖြစ်ကြ၍မြွေပါ၊ကြောင်၊ခွေး၊သုံးဦးတို့လည်းထိုမင်းသ္မီးအဆုံးအဖြတ်ကိုခံကြမည်ဟုသွားကြလေသော်မြွေပါကငကိုသဌေးသားအသပြာတရာစင်ပေး၍ဝယ်ပြီးလျှင်ကောင်းမွန်စွာကျွေးမွေးပေသည်။တောမှာလည်းလွှတ်ပေသည်။ဤအကြောင်းများကိုထောက်၍ကျေးဇူးရှင်ဖြစ်သောကြောင့်မဏိဇောတပတ္တမြားလက်စွပ်ကိုငါပေး၍ဤသို့သောနန်းပြသာဒ်ဘုံပေါက်သဖြင့်စံစားရသည်ဖြစ်၍ငါသာရှေ့ဦးစွာနေ၍စားထိုက်သည်ဟုဆို၏။ကြောင်ကလည်းမြွေပါပေးသောစည်းစိမ်သည်ပုဏ္ဏားလက်သို့ရောက်လေပြီ။ငါရအောင်ပြု၍သာသဌေးသားဤသို့ခံစားရသည်ဖြစ်၍ငါသာရှေးဦးစွာနေထိုက်စားထိုက်သည်ဟုဆို၏။ခွေးကလည်းမြွေပါပေး၍ရပြီးမှပျောက်လေရာတဖန်ကြောင်ယူ၍ရပြန်သောဥစ္စာကိုခိုးသူတို့ခိုးယူမည်

လာကြသော်ခိုးသူအကြီးအမှူးကိုငါကိုက်သတ်၍ခိုးသူငယ်သားတို့ပါတွက်ပြေးလေကုန်၏။သဌေးသားစည်းစိမ်ကိုကားငါကယ်သည်။အသက်ကိုလည်းငါကယ်သည်။ငါသာရှေးဦးစွာနေ၍စားထိုက်သည်ဟုဆို၏။

သုဓမ္မစာရီမင်းသို့လည်းသဌေးသားစည်းစိမ်ကိုခွေးသည်စောင့်ရှောက်လေသည်။အသက်ကိုလည်းရှည်စေသည်။ထိုကြောင့်ခွေးသည်သင်တို့နှစ်ဦးထက်ရှေးဦးစွာနေထိုက်သည်စားထိုက်သည်။တိရိစ္ဆာန်တို့တွင်ကားသင်တို့ကဲ့သို့သူကျေးဇူးကိုပြုဘိသောသူမရှိပြီဟုသုဓမ္မစါရီမင်းသို့ဆုံးဖြတ်လေသတည်း။

MORAL.

ထိုကြောင့်တိရိစ္ဆာန်ထက်လူမြတ်သော်လည်းသနားလျှင်ကျေးဇူးခံရရာသတည်း။

NOTES.

သုံးဦး (J. § 98), the animals in the story are represented as *rational beings.* ထောက် to have regard to; estimate, consider. နန်း a palace. ခံစား to enjoy. အကြီးအမှူး the chief. ငယ်သား underlings. ပါ together with. ငါ I, is used here instead of the more polite form, because the animals are supposed to be ignorant and uneducated. စောင့်ရှောက် to guard; ရှောက် to pass lengthwise, walk backwards and forwards. ရှည်စေ to prolong. သနား to pity.

၁၅. သဋ္ဌေးသမီးတယောက်ကိုသဋ္ဌေးသားသုံးယောက်လုကြသည့်အကြောင်း။

15. The Account of the Three Sons of Rich Men, who strove for One Rich Man's Daughter.

ထိုအခါတွင်ကမ္ဘောဇတိုင်း၌သဋ္ဌေးလေးယောက်တို့ရှိကုန်၏။ ထိုသဋ္ဌေးလေးယောက်တို့သည်အလွန်ချစ်ခင်ကြသတည်း။ သဋ္ဌေးသုံးယောက်တို့မှာသားတယောက်စီရှိကြ၏။ သဋ္ဌေးတယောက်မှာမူကားသ္မီးတယောက်သာရှိလေသတည်း။ အရောင်အဆင်းနှင့်ပြည့်စုံ၏။ ထိုသဋ္ဌေးသမီးကိုသုံးယောက်သောသဋ္ဌေးသားတို့သည်လည်းတမန်စေကြကုန်၏။ တယောက်သောသဋ္ဌေးသားကလည်းဤမိမ္မဆဲ့ငါနှစ်အရွယ်မစေ့မီလွန်ချေသော်ကောင်းမွန်စွာသင်္ဂြိုဟ်ပါမည်ဟုဆို၏။ သဋ္ဌေးသ္မီးမိဘတို့ကလည်းကောင်းပြီဟုဆို၏။ တယောက်ကလည်း၁၅နှစ်မပြည့်မီလွန်ချေသော်အရိုးကိုလွယ်ပါမည်ဟုဆို၏။ မိဘတို့ကလည်းကောင်းပြီဟုဆိုကြ၏။ တယောက်ကလည်း၁၅နှစ်မပြည့်မီသေခဲ့သော်လုပ်တိုင်းကိုစေါင့်ပါမည်ဟုဆို၏။ မိဘတို့ကလည်းကောင်းပြီဟုဆို၏။ သဋ္ဌေးသ္မီးလည်း၁၅နှစ်မပြည့်မီသေလွန်ခဲ့ပြီ။ လုလင်တို့ဆိုတိုင်းသင်္ဂြိုဟ်ကြပါဟုမိဘတို့ဆိုကြကာလတယောက်ကလည်းငါဂတိရှိပေသည်ဟူ၍ကောင်း

ဗွာသဂြိုဟ်၏။တယောက်ကလည်းငါဂတိရှိပေသည်ဟုဆို၍အရိုးကိုထုပ်ပြီးလျှင်လွယ်၍ယူလေ၏။တယောက်ကလည်းငါဂတိရှိပေသည်ဟူ၍လုပ်တိုင်းမှာစောင့်နေလေ၏။ထိုအခါတွင်ရသေ့ဇော်ဂျီသည်ဟိမဝန္တာတောကလာ၍အရိုးစောင့်ကိုမြင်လေ၍လုလင်အဘယ်ကြောင့်စောင့်နေသနည်းဟုမေး၏။အရှင်၊ငါကားအရိုးစောင့်သောသူဟုဆို၏။လုလင်၊ရှင်ပြန်စေလိုသလောဟုမေးသော်ရှင်ပြန်စေလိုသဉ်ဟုဆိုသဉ်အတိုင်းရှေ့လက္ခဏာအင်္ဂါကဲ့သို့သတို့သ္မီးဖြစ်ပြန်စေ၏။ထိုအခါသဌေးသားသုံးယောက်တို့တွင်သဌေးသားတယောက်ကငါအလောင်းထမ်း၍သင်းဂြိုဟ်သောကြောင့်ငါမရကောင်းလောဟုဆို၏။တယောက်ကလည်းငါအရိုးကိုလွယ်သော်ငါမရကောင်းလောဟုဆို၏။တယောက်ကလည်းငါလုပ်တိုင်းမှာစောင့်ရာတွင်ရှင်ပြန်သည်ဖြစ်၍ငါမရကောင်းလောဟုဆို၏။ငါတို့သုံးယောက်သည်အချင်းချင်းအငြင်းအခုံများသဖြင့်အဘယ်အကျိုးရှိအံ့နည်း။သုဓမ္မစာရီမင်းသ္မီးထံမှာအဆုံးအဖြတ်ကိုခံကြမဉ်ဟူ၍သုံးယောက်စလုံးတို့သွားကြလေလျှင်အကြောင်းမျိုးကိုသုဓမ္မစာရီမင်းသ္မီးအားပြန်ကြလေသော်ဤစကားကိုငါသိပြီ။သဌေးသားတယောက်သည်သဌေးသ္မီးကိုသဂြိုဟ်ပြီးသော်သွားလေပြီ။သဌေးသားတယောက်လည်းအရိုးကိုထုပ်လျှင်သွားလေပြီ။သဌေး

သားတယောက်မှာကားလုပ်တိုင်းတွင်စောင့်နေ၏။ လုပ်တိုင်းစောင့်သောသူမှူကားအမျိုးခုနှစ်ဆက်တိုင်အောင်ယုတ်မာ၏။ ထိုသူစောင့်ရာတွင်သဌေးသ္မီးရှင်ပြန်သော်သေသော်လည်းအတူနေရပြီးဖြစ်သောကြောင့်ယခုရှင်ဖက်ဖြစ်ကောင်းလေသည်ဟုသုဓမ္မစာရီမင်းသ္မီးဆုံးဖြတ်လေ၏။

NOTES.

လု to pull from another, plunder. အရောင်အဆင်းနှင့်ပြည့်စုံသည် to be complete in appearance, i. e. beautiful. တမန် a messenger, go-between who arranges marriages. စေ to send. ဆဲ့ or ဆယ် ten. စေ့ to be complete. လွန် to pass away, die. သဂြိုဟ် to perform funeral rites; from a Sanskrit word meaning ‘assistance.’ အရိုးလွယ် to carry (her) bones. This means that—after cremation he would pick up and carry the bones that were left and deposit them in the burial-ground. လုပ်တိုင်း burial-ground. ဝတိ P. a promise. ထုပ် to do up in a packet. ထုတ် to take out. This is the spelling according to Judson, but the sound is the same and no dependence can be placed on spelling. ရသေ့ဇော်ဂျီ a Rishijogi (pronounced *Yatthezawgyee*). This word is from an Indian source other than Pāli. ဟိမဝန္တာ the Himavantā forest inhabited by Rishis and fabulous animals. အရှင် my lord. ရှင်ပြန်စေလိုသလော do you wish (her) to be caused to be alive again? ရှေ့လက္ခဏာအင်္ဂါ former characteristics and parts. အချင်းချင်း one with another. စလုံး all (J. § 86). ဤစကား ကိုငါသိပြီ I have become acquainted with this story, i.e. I understand. အမျိုးခုနှစ်ဆက်တိုင်အောင် unto the seventh generation. ရှင်ဖက် to associate in life.

၁၆. သူကြွယ်သားနှင့်မယားသုံးယောက်အကြောင်း။

16. The Account of the Rich Man and his Three Wives.

ထိုအခါတွင်မထင်မရှားသောသူကြွယ်သားတယောက်သဉ်အသက်နှစ်ဆယ်မြောက်၍ခင်ပွန်းနေလျှင်အစည်ဆိုစမှတ်ပြုသည်ကားငကိုမြွေခဲ၍သေခဲ့သော်ငအကောင်ကိုမီးမဖုတ်ပါလင့်။ဖောင်ဖွဲ့၍သာမျှောပါဟုအဖန်များစွာဆို၏။တနေ့သ၌ထိုယောကျ်ားသည်မြွေခဲ၍သေလေ၏။မယားလည်းခင်ပွန်းသည်အဖန်များစွာအရှေကာလကပင်မှာသည်ဖြစ်သောကြောင့်ဆွေမျိုးသားချင်းတို့နှင့်တတွဖောင်ဖွဲ့၍မျှောလေကုန်၏။မြစ်အကြေးသို့မျှောလေသော်ပြည်ကြီးတပြည်သို့ရောက်လေ၏။ထိုပြည်ကြီးတွင်အလမ္ဗာယ်မြွေသမားသ္မီးတို့သည်ဆံလျှော်ကြမည်ဟုလာလတ်ကုန်၏။ထိုဖောင်ကိုမြင်ကြလျှင်သူကောင်တင်သောဖောင်တကားဟုသ္မီးအကြီးကဆို၏။သ္မီးအလတ်ကလည်းမြွေကိုက်သည်ဖြစ်၍သေလေသည်လည်းမသိရဟုဖောင်ကိုကူး၍ဆယ်လေ၏။အငယ်ကလည်းအဖကိုလျင်စွာခေါ်၏။အဖလာလတ်၍ဆေးဝါးမန္တရားပြုသော်ရှင်ပြန်လေသတည်း။အလမ္ဗာယ်သ္မီးအကြီးကလည်းငါအလျင်မြင်သည်

ငလင်ဖြစ်ကောင်းသဉ်။အလပ်ကလဉ်းငါကူး၍ဆယ်သည်ငလင်ဖြစ်ကောင်းသဉ်။အငယ်ကလဉ်းငအဖကိုခေါ်၍ဆေးဝါးမန္တရားပြု၍ရှင်ပြန်သော်ငလင်ဖြစ်ကောင်းသည်ဟုဆို၏။အစ်မကြီးကလည်းဆို၏။ညီအစ်မတရကားယောက်ျားတယောက်ကိုလုသောစကားသည်မသင့်ပါတကား။ညီမတို့ငါတို့ပညာဖြင့်မိတ်ကိုချုပ်ပေကြသော်ဤသူကိုသွားပါစေကုန်တော့ဟုဆို၏။ညီအစ်မနှစ်ယောက်ကလည်းအစ်မကြီးစကားသည်မှန်လှပေသည်ဟုဆိုကြ၏။ခြည်မန်းကိုလည်းတိုင်တွင်စွပ်လိုက်လျှင်ကျက်ထူရွေးငယ်ဖြစ်၍မိမိပြည်သို့ပျံလေ၏။ထိုကျက်တူရွေးသဉ်ဥယျာည်တော်၌သစ်သီးတို့ကိုကိုက်စားနေလေ၏။

NOTES.

သူကြွယ် a rich man = သဌေး one of the Vaisya class. မထင်မရှား of no importance, inconspicuous. ခင်ပွန်းနေလျှင် having married. အစည်ဆိုစမှတ်ပြုသည်ကား as for what he was constantly saying. The စ is euphonic for အ (see J. § 125, 4). ခဲ to bite. မီးဖုတ် to cremate. အလောင်း corpse. ဖေါင် or ဘောင် a raft. ဖွဲ့ to unite. မျှော set (me) afloat. အဖန်များစွာ many times, often. မြွေခဲ၍သေလေ၏ died from a snake bite. အရှေကာလကပင် even from aforetimes. မှာ to instruct. မြစ်အကြေ the lower part of a river, as opposed to အညာ the upper part. အလမ္ပာယ်မြွေသမာ, the first part of the word is taken from some other language. It occurs in the Bhūridat Jātaka as အလမ္ပါယနော, but it is

not quite clear whether it is the name of an individual or class. It is, however, commonly used in Burmese for မြွေသမား a snake-charmer. ဆံလျှော် to wash the hair of the head. သူကောင် some one's corpse. တင် to place on. အလတ် the middle (in age). မသိရ (I) am unable to know. ကူး to swim out to. ဆယ် to save, bring in. လျင်စွာ quickly. ဆေးဝါး drugs. မန္တရား Mantarā, charms. အလျင် or အရင် first. အစ်မ an elder sister. ညီမ a younger sister. ညီအစ်မတစု a band of sisters young and old. ချုပ် to restrain. ခြည် thread. မန်း from မန္တရား charmed. လည်တိုင် neck. စွပ် to put on (like a ring). ကျက်တူရွေး a parrot.

ဥယျာဉ်သည်လည်းသစ်သီးသစ်ပွင့်တို့ကိုမင်းကြီးအားဆက်လေသော်ဒိုဥယျာဉ်သည်၊ရှေ့သောအခါသစ်သီးသစ်ပွင့်လှသည်။ယခုမူကားမလှဟုမိန့်တော်မူ၏။အရှင်မင်းကြီး၊ရှေ့သောအခါကျက်တူရွေးတို့မရှိပါ။ယခုသော်ကားကျက်တူရွေးငယ်တကောင်ကိုမနှင်ထုတ်နိုင်အောင်ရှိသည်ဟုလျှောက်၏။ယင်းသို့သော်ကားငှက်ခတ်သမားအပေါင်းတို့ထောင်ကြလေစေဟုမိန့်ဆိုလျှင်ထောင်၍မိလေ၏။သနားဘွယ်ရှိသောကြောင့်မသတ်ဘဲမင်းကြီးထံဆက်လေရာမင်းကြီးလည်းလှပသောကြောင့်သ္မီးတော်အားပေး၏။သ္မီးတော်လည်းကစားဖန်များသောကြောင့်ခြည်မျှင်ကိုမြင်၍ထိုခြည်မန်းကိုချုတ်လေသော်လုင်ပျုဖြစ်လေ၏။ခြည်မျှင်ကိုစွပ်လျှင်ကျက်တူရွေးဖြစ်ပြန်လေ၏။ညည့်ကို

ကားထိုခြည်မျှင်ကိုချွတ်လျက်နေ့ကိုကားခြည်မျှင်ကိုဝွပ်လျက်နေကြသတည်း။ကာလရှည်လပ်သော်မင်းသ္မီးလည်းမတူတရူဖြစ်၍မင်းကြီးနားကြားလေ၏။မင်းကြီးလည်းစစ်သူကြီးကိုခေါ်တော်မူ၍စစ်ကြောမေးမြန်းစေ၏။စစ်ကြောဖွေရှာကြရာတွင်ထိုကျက်တူရွေးငယ်သည်ကြောက်လန့်၍လေသာပေါက်ဖြင့်ထွက်ပျံလေသော်ခြည်မျှင်သည်ပြူတင်းပေါက်တွင်ငြိလေ၍လုင်လှဖြစ်ပြီးလျှင်သဌေးအိမ်သို့တက်ပြေလေ၏။

NOTES.

ဥယျာဉ်သည် a gardener: အသည် according to Judson is 'an owner,' but certainly not in this case; it means 'one who *carries on* a trade.' သမား one who is *skilled in* a trade. ဆက် to present. နှင်ထုတ် to drive out. ငှက်ခတ်သမား a bird-catcher. ထောင် to set a trap. မိ to catch. သနား to pity; probably from သားနာ (my) flesh is pained (for you). လှပ to be beautiful; ပ to shine. ကစား to sport, play, from က to dance, စား to eat. ခြည်မျှင် thread; မျှင် to draw out long. ပျို to be youthful. ချွတ် to take off. ညည့်ကိုကား—နေ့ကိုကား in the night—in the day: adversative (J. § 60). ရှည် to be long. မတူတရူ lit. not like, i.e. to show suspicious signs (of pregnancy); see J. § 126, 3 (b), last paragraph. နားကြား to hear. လေသာပေါက် lit. wind-pleasant-hole, window: ပြူတင်းပေါက် (also written ပြတင်းပေါက် and pronounced *padinbauk*) window, from ပြူ to put the head out; တင် to place; အပေါက် a hole. ငြိ or ညိ to be caught, hitched.

သဌေးလင်မယားလည်းသ္မီးနှင့်တကွထမင်းစား၍နေနှင့်သည်နှင့်လုလင်ကိုမေးကြ၏။လုလင်သည်အကြောင်းမျိုးကိုဆိုပြန်ပေ၏။ယင်းသို့တပြီးကားထမင်ပွဲတွင်လက်နှိုက်၍စားစေကုန်၏။စစ်သူကြီးကျွန်တို့လည်းခိုးသူတယောက်သဌေးအိမ်သို့တက်လေသည်ကိုမှတ်၍လိုက်ကြကုန်၏။သဌေးမယားလည်းငါတို့သ္မီးသားမက်နှင့်ထမင်းစားနေကြပါသည်။ခိုးသူရှိသည်ဆိုသော်ဖန်ယူကြပါဟူ၍အဖွေအရှာခံကြလေ၏။စစ်သူကြီးကျွန်တို့သည်ရှာဖွေ၍မရကြလျှင်သွားကြလေ၏။သဌေးလည်းအရောင်အဆင်းနှင့်ပြည့်စုံသည်ကိုမြင်၍သ္မီးနှင့်ဆောင်နှင်းလေ၏။မင်းသ္မီးလည်းထိုလုင်နှင့်ကင်းသောကြောင့်အနာအဖျားဖြစ်လေ၏။မင်းကြီးလည်းချစ်သမီး၊အဘယ်ကြောင့်အနာအဖျားဖြစ်သနည်းဟုမေး၏။လုင်နှင့်ကင်း၍အနာဖြစ်သည်ဟုအကြောင်းမျိုးကိုပြန်ကြားလေ၏။ယင်းသို့တပြီးကားလုင်ကိုရှာစေဟုမိန့်တော်မူ၏။သဘင်ကြီးစွာပြု၍သဌေးသူကြွယ်၊အမတ်၊စစ်သူကြီးတို့သဉ်ငသဘင်ကိုကြဉ့်လာကြကုန်ဟုစေတော်မူ၏။ထိုသူအပေါင်းတို့လဉ်းကြဉ့်လာကုန်၏။ထိုလုင်လဉ်းသဌေးသ္မီးနှင့်အတူကြဉ့်လာကုန်၏။မင်းသ္မီးလည်းလုင်ကိုမြင်လေသော်ဤသူသည်ငလင်ဖြစ်သည်ဟုဆိုလေ၏။ထိုလုင်မသေမှီမယားကလည်းထိုခဏာ၌မြင်လေသော်ငလင်ဘကားဟုဆိုလေ၏။မြွေကိုက်၍

သေခဲ့သောကြောင့်ဖေါင်ဖွဲ့၍မျှော၏။မသေမှန်ခဲ့သော်ငလင်ဖြစ်ကောင်းသည်ဟုဆို၏။ မင်းသ္မီးကလည်းငအဖအာဏာကိုကြောက်၍သာပြေးလေသည်ဟုဆို၏။ သဌေးသ္မီးလည်းစစ်သူကြီးကျွန်တို့သည်လုင်ကိုခိုးသူထင်၍သတ်ကြလိမ့်မည်ဟူ၍ငမိဘပညာနှင့်လွတ်အောင်ပြု၍ငါနှင့်ပေးစားသော်ငလင်မဖြစ်ကောင်းလောဟုဆို၏။ထိုသို့အငြင်းအခုန်ဖြစ်ကြလေ၍မင်းကြီးကလည်းငါမင်းတကားဟုအနိုင်မပြုဘဲလျက်သုဓမ္မစာရီမင်းသ္မီးထံမှာအဆုံးအဖြတ်ခံကြလေဟုမိန့်ဆိုလျှင်သွားကြလေသတည်း။

သုဓမ္မစာရီမင်းသ္မီးလည်းအကြောင်းမျိုးကိုမေး၏။ မသေခင်ကမယားဖြစ်သောသူသည်ငလင်ကိုမြွေကိုက်၍သေသောကြောင့်မဖုတ်ဘဲမျှောပါဆိုသောကြောင့်မျှောလေ၏။ မျှော၍မသေသော်ငလင်မဖြစ်ကောင်းလောဟုဆို၏။မင်းသမီးကလည်းဤလုလင်သည်ကျက်တူရွေးဖြစ်ခဲ့၍သစ်သီးသစ်ပွင့်တို့ကိုဖျက်ဆီးသောကြောင့်ငှက်ခတ်သမားတို့ကိုခေါ်၍ခတ်ကြလေစေ၏။ခတ်၍ရလျှင်ငါ့ထံသို့ပို့လာ၏။ငါ့ခင်ပွန်းဖြစ်မှငါ့အဖစိစစ်၍ထိုလုလင်ထွက်ပြေးလေပြီတကား။သို့ဖြစ်၍ငါ့လင်မဖြစ်ကောင်းလောဟုဆို၏။သဌေးသ္မီးကလည်းခိုးသူဟုမင်းကြီးကျွန်တို့မှတ်၍လိုက်လာကြသော်လုလင်လည်းသေမည်ကိုကြောက်သောငင့်တို့အိမ်သို့

တက်ပြေးလာ၏။ ဤသူကိုကျွန်တော်အဖကမသေအောင်ပြု၍အသက်ရှင်ရသောကြောင့်ကျွန်တော်နှင့်ပေးစားပြီးဖြစ်၍ကျွန်တော်မလင်မဖြစ်ကောင်းလောဟုဆို၏။ ။

သုဓမ္မစာရီမင်းသမီးကလည်းမယားဟောင်းဖြစ်သောသူသဌေးသမီးမှာလင်ကိုရေတွင်သပြိုဟ်လေသည်ဖြစ်၍ရှင်ပြန်သော်လည်းလင်မပြုသာ။ ။မင်းသမီးမှာလည်းမင်းကြီးကစစ်သူကြီးကိုစေလွှတ်ဖမ်းစေရာမိလျှင်မင်းသမီးမတားနိုင်၍သေခဲ့သော်ဆုံးဘွယ်ရာအကြောင်းရှိသည်ဖြစ်၍လင်ဖြစ်ကောင်းသည်ဟုမဆိုသာ။ ။ယခုလက်ရှိသဌေးသမီးမိဘတို့ကသေသူအားမသေရအောင်ပြုချေသောကြောင့်ရှင်ဖက်လက်ရှိသူရစေဟုဆုံးဖြတ်ပေသတည်း။ ။

NOTES.

စား၍နေနှင့်သည်နှင့် were already at dinner (J. § 115). ထမင်းပွဲ rice (or food) prepared and placed at table. လက်နှိုက် to dip the hand into the dish. သားမက် lit. the longed-for son, i. e. son-in-law (pronounced *thămet*). ကင်း to be separated from. သဘင် a festival, assembly. မသေမှန်ခဲ့သော် if in truth he had not died. အာဏာ P. authority. ငါမင်းကားဟုအနိုင်မပြုဘဲလျက် since I ought not to act imperiously, saying 'I am the king.' ခတ်၍ရလျှင် when they had caught him. တို့ for ငါတို့ our: commonly used. မယားဟောင်း the old (former) wife; ဟောင်း = F. *ancien*, when used for persons.

ရေတွင်သင်္ဂြိုဟ် to perform the funeral obsequies in water. သာ is often used as a qualifying aff. in judgments with the meaning of 'admissible.' မတားနိုင်၍ through being unable to prevent. ဆုံးဘွယ်ရာအကြောင်း reasons of coming to an end, i.e. he would probably have died. လက်ရှိ to have in hand, i.e. to possess. သေသူအား to the dead person, i.e. to one 'as good as dead:' for if the king's servants had caught him he would have been killed.

END OF SUDHAMMACARI.

PART III.

More Advanced Selections, for which the Dictionary must be used.

၁. မဟာပညာကျော်ဖြတ်ထုံး။

1. The Judgment of Mahā Pinyā Kyāw.

[He was Minister of the King of Aracan about A. D. 1620.]

အင်္ဂလံဘာသာဖြင့်အာရကံတိုင်းဟုခေါ်ဆိုသော ရက္ခပူရတိုင်း၊ရခိုင်ပြည်ကြီးကိုအစိုးရတော်မူသော ဘုရင်မင်းမြတ်သည်တရံရောအခါ။ မဟာမုနိဘုရားသို့လှေတော်နှင့်ထွက်တော်မူသည့်တွင်ဆင်ရင်တော်မူသောပတ္တမြားလက်စွပ်သည်ရေသို့ကျွတ်၍ကျ

NOTES.

အင်္ဂလံ England. အာရကံ Aracan. ရက္ခပူရ Rakkhapūra, the Pāli name of an Aracanese city, commonly called ရခိုင် Rakhaing. မဟာမုနိ P. the name of a celebrated pagoda: ဘုရား is the word generally used for 'a pagoda.'

လေလျှင်ငါးတခုမျိုလေသည်။နောက်တလခန့်ရှိလျှင်ထိုငါးကိုတံငါတယောက်ရမိ၍ဝမ်းကိုခွဲလေသော်ထိုငါးဝမ်း၌လက်စွပ်ကိုရပြန်၍တငါလည်းကိုယ်နှင့်မထိုက်မတန်သောပစ္စည်းဖြစ်၍ကြောက်ရွံ့သောကြောင့်လက်စွပ်နှင့်တကွငါးကိုဆောင်ယူပြီးလျှင်မင်းကြီးထံဆက်လာသည့်ကာလ၌အကြောင်းကားအသို့နည်းဟုအမတ်ကြီးမဟာပညာကျော်ကိုမေးတော်မူလျှင်မဟာပညာကျော်ကလျှောက်ဆိုသည်မှာ။အရှင်မင်းမြတ်လက်စွပ်တော်သည်ရေသို့ကျလေသောအခါထိုငါးသည်ဆယ်ယူသိမ်းထားပြီးလျှင်ရွှေဘုန်းတော်ရှိန်ကြောင့်မိမိအသက်ကိုအသေခံလျက်လက်စွပ်တော်ကိုပို့ရောက်ဆက်လာသည်အလိုကားမှန်တိုင်းလျှောက်လျှင်ညာဏ်နည်းသူတို့ငြိုငြင်းရာသောအကြောင်းရှိပါသည်။အရှင်မင်းကြီးဘုန်းကြက်သရေကြီးကျယ်ကြောင်းကိုမြင်သူတို့သိထင်အောင်ပညာဖြင့်ထွန်းပစေမည်လျှောက်ပြီးလျှင်ထိုပတ္တမြားကိုအမဲသားတွင်ထည့်၍အတစ်အတစ်လှီးဖြတ်လျက်ကြဲ၍ထားလေ၏။ကျီးရဲစွန်ရဲတို့လည်းအများဝိုင်းအုံ၍ယူကြရာပတ္တမြားသွင်းထားသောသားတစ်လည်းပါသွား၍၁၀ရက်ခန့်ရှိ

NOTES.

ငါးတခု a fish. The affix ခု is very unusual for animals. မျို to swallow. ရှိန် power. ငြိုငြင်း to deny, cavil at, resent. ကြက်သရေ reputation. ဝိုင်းအုံ to flock round.

သော်ချီယူသွားသောစွန်ရဲကိုလည်းငှက်ခတ်သမားတို့ရပြန်၍သတ်ဖျက်ရာဝမ်း၌လက်စွပ်ရ၍ထူးမြတ်လှသောကြောင့်မထိန်မဝှက်ဝံ့။သားကောင်နှင့်တကွလက်စွပ်ကိုမင်းကြီးအားဆက်ပြန်သည်။နောက်တတန်လဉ်းထိုလက်စွပ်တွင်ပတ္တမြားကိုထုတ်ယူ၍မထင်ရှားသောသူတဦးမှာအပ်ပြီးလျှင်ရောင်းစေလေသဉ်။ကုလားတယောက်ကငွေအသပြာ ၁၀၀၀၀ ပေး၍ဝယ်ထားပြီးလျှင်ရွှေနှင့်ကွင်းလုပ်ပေးပါဟုရွှေပန်းတိမ်းသည်တဦးတွင်အပ်ထားလေသည်။လက်စွပ်ကွင်းပြီးသည်ကာလကုလားသို့မအပ်ရမီ။အိမ်မှာတညည့်ထားစဉ်အတွင်းသူခိုးခိုးယူလေသည်။ကုလားကထိုလက်စွပ်ကိုရလိုကြောင်းနှင့်မင်းထံလျှောက်လျှင်အမတ်ကြီးသို့အပ်သော်အမတ်ကြီးသဉ်သိရင်းအမှုဖြစ်၍ပြီးအောင်စီရင်မည်ဆိုလျှင်ဆိုင်းငံ့လင့်နေကြရသည်နှင့်သူခိုးတို့လည်းရေချိုးမည်ဟုလက်စွပ်နှင့်တကွရေဆိပ်သို့သွားကြလေသည်။ရောက်ကာလထိုလက်စွပ်ကိုကြွက်တွင်းအနီးချထား၍ရေချိုးသည်အတွင်းကြွက်သည်ထွက်ပြူ၍တွင်းဝ၌ရှိသောလက်စွပ်ကိုဆွဲယူထားလေ၏။တ

NOTES.

သားကောင် animal's body. ကုလား a foreigner. အသပြာ a coin, probably means a rupee. ပန်းတိမ်း a worker in silver and gold (pron. *padein*). Make a note of other artificers under this head. သိရင်းအမှု a case he already knew about. ဆိုင်းငံ့လင့် to delay, postpone. ရေဆိပ် a landing- or bathing-place.

ရေးသူကြီးကျွန်တယောက်လည်းကြွက်သားစားလို၍ထိုတွင်းတွင်တူးရှာရာထိုပတ္တမြားကျောက်ကိုတွေ့လျှင်ထိမ်ဝှက်၍မထားဝံ့သောကြောင့်သခင်တရေးသူကြီးသို့ပေးလေ၏။တရေးသူကြီးမြင်လျှင်ပြည့်ရှင်မင်းလက်စွပ်ဖြစ်သည်။မဟာပညာကျော်အမတ်ကြီးအားအခွင့်ပြု၍သူ၏ပညာဖြင့်ထင်ရှားအောင်စီရင်မည့်လက်စွပ်ဖြစ်သည်။အထက်အမွေမှုတွင်ငါတို့စီရင်သည့်ဓမ္မသတ်ကိုလည်းထိုအမတ်ကြီးပယ်သည်။ငါတို့ဩဇာကိုလည်းဖျက်သည်။ယခုရသည့်လက်စွပ်ကိုမပေးဘဲဝှက်ထားရလျှင်ပညာကျော်အရေးပျက်လိမ့်မည်ဟုအကြံပြု၍ဝှက်ထားလေ၏။တရေးသူကြီးအခြားသို့သွားခိုက်ထိုလက်စွပ်ကိုမယားထုပ်ယူကြည့်လေသည်နှင့်အပါးတွင်ထား၍အိပ်ပျော်လေလျှင်ကျီးတခုချီယူသွား၍မိမိနေသောအသိုက်တွင်ထားလေ၏။တရေးသူကြီးလည်းပျောက်ကြောင်းကိုသိလျှင်မယားအားတောက်တီးမြည်တွန်၍အကြံပျက်လေပြီဟုစိတ်နှစ်လုံးမသာရှိလေ၏။ကျီးသိုက်တွင်ပတ္တမြားလက်စွပ်ကိုကျောင်းတပည့်သူငယ်တယောက်ရ၍ဆရာရဟန်း

NOTES.

တူး to dig. ဩဇာ P. reputation. တောက်တီး to scold. မြည်တွန် to find fault. ကျီးသိုက် a crow's nest. ကျောင်းတပည့်သူငယ် a school-boy. ဆရာရဟန်းတော်ကြီး his teacher the abbot.

တော်ကြီးအားပေးလေ၏။ ဆရာရဟန်းတော်ကြီးလည်းမြတ်သောရတနာဖြစ်သည်။ ငါတို့နှင့်ထိုက်တန်သည်မဟုတ်ပေဟုပြည့်ရှင်မင်းအားပေးလေ၏။ မင်းကြီးလည်းအမတ်မဟာပညာကျော်ကိုခေါ်၍ပြောသဉ်တွင်အမတ်ကြီးလည်းထိုလက်စွပ်ကိုအရှင်ရဟန်းသည်အဘယ်မှာရသနည်းဟုရဟန်းကိုမေးသည့်ကာလ။ တပည့်သူငယ်ပေး၍ရသဉ်ဟုပြောလေ၏။ သူငယ်ကိုမေးမြန်းရာကျောင်း၏အနီးသစ်ပင်ထက်တွင်ကျီးသိုက်၌ရသည်ဟုပြောလေသျှင်ကျီးသိုက်ကိုပြစေ၍သိရသည်နှင့်အမတ်ကြီးမဟာပညာကျော်ကအကြံပြုပြန်သည်မှာ။ ထိုပတ္တမြားကျောက်ကိုမထင်ရှားသောသူဆင်းရဲလက်မှကုလားဝယ်ယူ၍ရွှေပန်းတိမ်သည်မှာအပ်သည်။ ရွှေပန်းတိမ်သည်လက်မှပျောက်ပြန်သည်နောက်ကျီးသိုက်တွင်သူငယ်ရ၍ဆရာရဟန်းတော်ကြီး၏လက်သို့ရောက်သည်မှာရွှေပန်းတိမ်သည်လက်ကပင်ကျီးယူသည်မဟုတ်။ ရွှေပန်းတိမ်သည်လက်ကသူခိုးတို့ခိုးယူပျောက်သွားသည်။ သူခိုးတို့လက်က၍ကျီးသိုက်ထဲသို့အသို့သောနည်းနှင့်ရောက်သည်အကြောင်းအရာများကိုစစ်ဆေးမေးမြန်းရန်ကြွင်းကျန်လေသေးသည်ဟုဆင်ခြင်

NOTE.

စစ်ဆေးမေးမြန်းရန်ကြွင်းကျန်လေသေးသည် it still remains to be investigated.

ပြီးလျှင်ဤပတ္တမြားကျောက်ရတနာနှင့်အလုံးသဏ္ဍာန်တူသည့်ချက်ကျောက်တခုကိုရှာ၍ကျောင်းသားသူငယ်ပြသည်ကျီးသိုက်၌ကျီးကိုညဉ့်အခါဖမ်းယူစေ၍ထိုကျီးနှုတ်သီးတွင်ကျောက်ကိုချီယူသောအဟာန်ဖြင့်ကြိုးနှင့်ချဉ်တွဲပြီးလျှင်ကျီးကိုလွှတ်လိုက်၏။မင်းစေလုင်တို့ကိုလည်းမှာထား၍ကျီးပျံရာအရပ်သို့အမှတ်မဲ့လိုက်ရ၏။ကျီးလည်းမိမိကျက်စားမြဲ၊တရားသူကြီးအိမ်၌နားလေသည်။တရားသူကြီးနှင့်၎င်မယားတို့မြင်လျှင်ယမန်ကပျောက်သောလက်စွပ်ကိုချီ၍သွားသောကျီးကားဤကျီးပင်ဖြစ်သဉ်း။ကျောက်နှင့်တကွယခုချီလျက်လာသည်။ဖမ်းဆီးကြဟုအုတ်အုတ်ကျက်ကျက်ဟစ်အော်သည်ကိုမင်းစေလုင်တို့လည်းမနီးမဝေးကစောင့်လျက်ဖြစ်၍ထိုအသံကိုကြားလျှင်အမတ်ကြီးမဟာပညာကျော်အားလျှောက်ကြရာ။မဟာပညာကျော်ကတရားသူကြီးကိုခေါ်၍ကျီးချီယူလာသောလက်စွပ်ကိုအစ်ကိုတို့ဘယ်မှာရသနည်းဟုမေးရာ။လုင်သူငယ်

NOTES.

အလုံးသဏ္ဍာန်တူသည့်ချက် exactly the same size; သဏ္ဍာန် (pronounced *thadān*) P. form; အချက် gives the idea of exactness. အမှတ်မဲ့ unobservedly. ကျက်စားမြဲ usual feeding-place. ၎င် his (J. § 126, 8). အုတ်အုတ်ကျက်ကျက် noisily. မင်းစေလုင် a servant employed by the king, page. အစ်ကိုတို့ elder brother; a polite mode of address; the pl. aff. တို့ includes the wife.

ပေး၍ရပါသည်ဟုပြောသည်တွင်ထိုပေးသောသူငယ်ကိုခေါ်၍မေးမြန်းလျှင်ကျွန်တော်ကြွက်သားစားလိုသဖြင့်ကြွက်တွင်းကိုတူးရာရပါသည်ဟုလျှောက်လေ၏။ အမတ်ကြီးလည်းတူးသည်ဆိုသောကြွက်တွင်းကိုပြစေ၍သိလေလျှင်မင်းစေလုလင်တို့အားအကြောင်းကိုပြန်လိုက်၍ကြွက်တွင်းအနီးအမှတ်မဲ့စောင့်နေစေသည်ကာလရွှေပန်းတိမ်းသည်အိမ်၌ထိုလက်စွပ်ကိုခိုးယူသည်။ သူခိုးတို့လည်းမိမိတို့ရေချိုးမြဲရေဆိပ်သို့ရေချိုးမည်လာကြပြန်ပြီးလျှင်ယမန်ကကြွက်ချီယူပျောက်ဆုံးသည့်လက်စွပ်ကိုနှစ်မြောသဖြင့်စိတ်မကျေကြသောကြောင့်သည်တွင်းအနီး၌ငါတို့လက်စွပ်ပျောက်ဆုံးရလေသည်ဟုမြည်တမ်းတောက်တီးကြသည်တွင်မင်းစေလုလင်တို့ကထိုသူတို့ကိုအမတ်ကြီးထံခေါ်ငင်ပို့အပ်၍ဤလက်စွပ်ကိုအမောင်တို့ဘယ်အရပ်မှာရသနည်းဟုစစ်မေးသည်။ ရွှေပန်းတိမ်းသည်အိမ်ကခိုးယူရခဲ့သည်လက်စွပ်မှန်ပေသည်ခိုးယူ၍ကြွက်တွင်းအနီးတွင်ချထားပြီးလျှင်ရေချိုးနေသည်အတွင်းပျောက်ဆုံးရှိရာယခုမှတွေ့မြင်ရပါသည်ဟုထွက်ဆို၏။ အစစ်ခံအရပ်ရပ်များနှင့်အမှုသည်အစုံအညီခေါ်ပြီးလျှင်မင်းကြီးရှေ့သို့သွင်း၍ဖတ်လျှောက်

NOTES.

တူးသည်ဆိုသောတွင်းကို the hole in which you say you dug. စိတ်ကျေ to be appeased, satisfied. နှစ်မြော to regret. မြည်တမ်း to lament. အစုံအညီ all together.

ပြီးမှရှိခိုးသံတော်ဦးတင်သည်မှာ။ ရွှေလက်တော်ကကျွတ်၍ကျလျှင်မြေလက်မခံဝံ့သောကြောင့်ငါးသိမ်းထားရာထိုငါးကိုတံငါရ၍ဆက်သည်အကြောင်းမှာ။ မြေလက်မခံဝံ့၊ ရေလက်မခံဝံ့။ မြေပိုင်၊ ရေပိုင်ဟုဆိုရန်ရှိပါသည်။ ဘုန်းသမ္ဘာ၊ ပညာသမ္ဘာဗိရှင်တို့ဥစ္စာကိုမီးတွင်ပြစ်လည်းမချစ်ရာ။ ရေတွင်ပြစ်လည်းမနစ်ရာ။ တိရိစ္ဆာန်သတ္တဝါအများတို့လက်သို့အတန်တန်ရောက်သည်မှမပျောက်မဆုံးရသည်အလိုမှာလူလည်းကြည်ညို။ နတ်လည်းလိုဟူသောစကားကဲ့သို့မုက္ခမချွတ်နတ်တို့ညွှန်ပြ၍ဆက်ကြရသည်ဟုယူရန်ရှိပါသည်။ ။ ဤပတ္တမြားလက်စွပ်တော်ပျောက်မှုတွင်အကျိုးအပြစ်ကိုလျှောက်ဆိုရမည်မှာ။ ရဟန်းတော်ကားရတနာကျောက်ကောင်းကိုရသော်လည်းငါတို့ရဟန်းနှင့်မဆက်ဆံအပ်သောပစ္စည်းဟုနှစ်မြို့စုံမက်ခြင်းမရှိဘဲအစိုးရထံပို့အပ်လာသည်

NOTES.

သံတော်ဦးတင် to address a person of very high authority. ရွှေလက်တော် the royal hand; ရွှေ *gold* is used as an honorific term. ဘုန်းသမ္ဘာ glory, from ဘုန်း (pronounced *p̔on*) glory, and သမ္ဘာဝနံ P. fame, honour. ချစ် to be burnt (like food). လူသည်းကြည်ညို။ နတ်လည်းလို beloved of men and gods. စကား here means 'proverb.' မုက္ခ P. မချွတ် B. verily, certainly. ယူရန်ရှိပါသည် it is to be taken (considered). ဆက်ဆံ to belong to. နှစ်မြို့စုံမက် to have a longing for. အစိုးရ a ruler, person in authority.

မှာ။ မြတ်စွာဘုရားပညတ်မိန့်ဆိုတော်မူသောဝိနည်းသိက္ခာပုဒ်တော်နှင့်ညီစွာကျင့်ဆောင်သည်သူမြတ်ဖြစ်၍ထိုရဟန်းတော်ကြီးအားပစ္စည်း၄ပါးကိုမပြတ်ထောက်ပင့်လှူတန်တော်မူသင့်ပါသည်။ ။တခါနှင့်ငှက်ခတ်သမားတို့မှာကိုယ်နှင့်မထိုက်တန်သောအရာကိုသိတတ်သဉ်ဖြစ်၍မင်းဘဏ္ဍာကိုထိန်းစေအပ်သောကျွန်ကောင်းလက္ခဏာဝင်ပါသည်။ ။တရားသူကြီးတို့မှာဘဏ္ဍာတော်ဖြစ်သည်ကိုသိလျက်နှင့်ကျေးဇူးသစ္စာတော်ကိုမစောင့်။ ထိမ်ချန်သူဖြစ်၍ကျွန်ယုတ်နှင့်တူပါသည်။ ။ရွှေပန်းတိမ်းသည်မှာစွန်နှင့်တူပါသည်။ ။ကုလားမှာငါးနှင့်တူပါသည်။ ။သူခိုးမှာကျွန်နှင့်တူသည်ဖြစ်၍သူခိုးနှင့်တရားသူကြီးတို့မှာမင်းပြစ်မင်းဒါဏ်မကင်း။ ရာဇဝတ်ခံစေဟုပညာ၏အစွမ်းဖြင့်စီရင်ရာ။ နွေကာလစည်လျက်တိမ်တောင်တိမ်ခဲတက်

NOTES.

ပညတ် from P. ပညာပေတိ to proclaim; used either as a noun or verb. ဝိနဉ်းသိက္ခာပုဒ် for P. ဝိညာဏံသိက္ခာပဒ the rules regulating the lives of Buddhist monks. ပစ္စည်း၄ပါး the four requisites of a monk, viz. clothing, food, bedding, and medicine. ထောက်ပင့် to support. လှူတန် to give offerings to monks. ထိမ်ချန်သူ a (dishonest) concealer. မင်းပြစ်မင်းဒါဏ် royal punishment: ဒါဏ် from P. ဒဏ္ဍံ punishments. နွေကာလစည်လျက် though it was the hot weather. တိမ်တောင်တိမ်ခဲ masses and mountains of cloud.

လတ်၍လျှပ်ပန်းလျှပ်နွယ်တို့နှင့်တကွပြင်းထန်စွာထစ်အုန်းချိန်းမဲပြီးလျှင်မိုဃ်းကြီးသည်းစွာရွာလေသည်။ ထိုအခါ။ဘုရင်မင်းမြတ်မှစ၍တိုင်းသူပြည်သားရှင်လူအပေါင်းတို့သည်မဟာပညာကျော်အမတ်ကြီးကိုအလွန်တရာနှစ်သက်အားရချီးမွမ်းကြလေသည်။ ။

2. The Story of the Brahmans who entrusted a Sum of Money to a Gardener.

[From *Manu-gyè.*]

ရှေးသောအခါ။ဗါရာဏသီပြည်သို့ပုဏ္ဏားခုနှစ်ယောံတို့သည်ဖုန်းတောင်းယာစကာပြုအံ့ဟုအရပ်တပါးကလာလပ်၍ဗါရာဏသီမင်းကြီး၏ဥယာဉ်စောင့်အိမ်၌တဲလေ၏။ဖုန်းတောင်းယာစကာပြုငွေချောက်ရာရလေသတည်း။ တယောက်တရာစီမရသေးသောကြောင့်အထုပ်ပြု၍ဥယါဉ်သည်တွင်ငွေချောက်ရာကိုနှံထား၍ ဤငါတို့ခုနှစ်ယောက်ဥစ္စာကိုငါခုနှစ်ယော

NOTES.

လျှပ်ပန်း sheet lightning, လျှပ်နွယ် forked lightning. ထစ်အုန်း words expressive of the *sharp crack* of the lightning followed *boom* of the thunder. ချိန်းမဲ to threaten. သည်း to be violent. မိုဃ်းကြီး – သည်းစွာ – ရွာသည် : observe that the adverb is placed between the qualified noun and the verb.

ဗါရာဏသီ Benares. ဖုန်းတောင်း to beg : ယာစကာ P. a beggar. တယောက်တရာစီ one hundred a-piece. အထုပ် a bundle, parcel.

က်စုံညီမှပေးပါ။၎နှစ်ယောက်မညီဘဲမပေးနှင့်ဟုဆို၍အပ်နှံကြ၏။ ။ဥယာဉ်သည်သည်လင်မယားလည်းကောင်းစွာဟုဝန်ခံပေလျှင်ပုဏ္ဏား၎နှစ်ယောက်သွားလေကုန်၏။ပုဏ္ဏားငယ်တယောက်မူကားခရုသင်းမေ့ကျွန်ပြု၍ထားခဲ့၏။ တခေါ်မကသောအရပ်သို့ရောက်မှခရုသင်းမေ့ရစ်ခဲ့သည်။ဤတွင်ရပ်ပါလင့်ဟုဆို၍ပြန်လေ၏။ထိုသို့ပြန်လတ်သော်ဥယာဉ်သည်သည်တို့လည်းပုဏ္ဏားငယ်ကိုမေးလင့်၏။ပုဏ္ဏားငယ်ကအချင်းဥယာဉ်သည်၊ငါ့ခင်ပွန်းပုဏ္ဏားတို့ဆိုသည်ကားငါတို့ပြန်ရသည်မူလည်းရှိသည်၊မပြန်ရသည်မူလည်းရှိသည်၊ငါတို့ဥစ္စာပြန်ယူချေဟုဆိုသောကြောင့်ယူလာရသည်။ အလျင်ပေးလိုက်ဟုတောင်းလေ၏။ဥယာဉ်သည်သည်လည်းပုဏ္ဏားချောက်ယောက်တို့ရပ်လင့်သည်ကိုမြင်၏။ရပ်လင့်သောပုဏ္ဏားတို့လည်းခရုသင်းကိုမေ့သည်ကိုထင်နိုး၍ပုဏ္ဏားငယ်လျင်စေဟုလက်ရပ်၏။ ပုဏ္ဏားငယ်လည်းအချင်းဥယာဉ်သည်၊ငါ့ခင်ပွန်းတို့လျင်လျင်လာခဲ့ဟူ၍လက်ရပ်

NOTES.

စုံညီ all together. ခရုသင်း the conch shell (carried by Brahmans). ကျွန်ပြု to pretend. တခေါ် the distance of a call. မက not enough, i.e. scarcely. မေ့ရစ် to forget (J. § 117). အချင်း friend, sir, you. ပြန်ရသည်မူလည်းရှိသည် it may be we return. ရပ်လင့် to stand waiting. နိုး probable (J. § 125, 4). လျင်စေ be quick. လက်ရပ် to beckon.

သည်ကိုမမြင်ပါလော။လျင်လျင်ပေးလိုက်ဟုဆိုသော်ဥယာညံ်သည်လင်မယားတို့လည်းပုဏ္ဏားတို့လက်ရပ်သည်ကိုမြင်၍အဟုပ်အမှန်ထင်၍နှံသောဥစ္စာထုပ်ကိုအလျင်ပေးလိုက်ချေ၏။ပုဏ္ဏားငယ်ဥစ္စာထုပ်ကိုယူ၍သွား၏။ပုဏ္ဏား၄ယောက်တို့လည်းပုဏ္ဏားငယ်လာလပ်သည်ကိုမြင်လျှင်မငံ့ဘဲသွားနှင့်လေ၏။ပုဏ္ဏားငယ်လျင်လျင်လိုက်ဟန်ပြု၍ခရီးလွဲ၍တခြားသို့သွားလေ၏။ပုဏ္ဏားခြောက်ယောက်တို့သည်ပုဏ္ဏားငယ်လာလပ်သည်ကိုမမြင်လျှင်ဥယာညံ်သည်တို့အိမ်သို့တဖန်ပြန်၍မေးကုန်၏။အချင်းဥယာညံ်သည်တို့၊ပုဏ္ဏားငယ်တယောက်မလာတကားဟုမေး၏။ဥယာဉ်သဉ်လည်းအရှင်တို့ကလျင်လျင်ပေးလိုက်ဟုတောင်းလာသည်။ထိုပုဏ္ဏားငယ်တောင်းစညံ်လည်းရှင်ပုဏ္ဏားတို့လျင်စေဟုလက်ရပ်သောကြောင့်ဟုပ်မှတ်နိုး၍အကျွန်တို့လည်းပုဏ္ဏားငယ်ကိုပေးလိုက်ပေသည်။ပုဏ္ဏားငယ်ထိုဥစ္စာထုပ်ကိုယူ၍သွားခဲ့ပြီဟုဆို၏။ ။ထိုစကားကိုကြားလျှင်ပုဏ္ဏားတို့ကငါတို့ယူချေဟုမစေ။ချင့်ခရသင်းမေ့ရစ်သည်ဟုယူမည်ပြန်လေသည်။ငါတို့ခုနှစ်ယောက်စုံညီမှပေးဆိုသဉ်မဟုပ်လော။ထိုသို့ဆိုလျှက်ဥယာညံ်သည်ငါတို့ဥစ္စာကိုပုဏ္ဏားငယ်တယောက်တဥ်းတောင်းလှည့်

NOTES.

ငံ့ to wait. ဟန်ပြု to pretend, make a feint.

ရာပေးလိုက်ကောင်းအံ့လောဟုဆိုသော်တရားဆင်အံ့ဟုဗါရာဏာသီမင်းကြီးထံသို့သွားကြလေ၏။ ။ဗါရာဏာသီမင်းကြီးလည်းဥယာဉံ်သည်နှင့်ပုဏ္ဏားတို့လာကြသည်ကိုမြင်လျှင်အဘယ်ဆိုဘွယ်ရှိသနည်းဟုမေးတော်မူကာလ။ပုဏ္ဏားတို့လည်းမဟာရာဇာမင်းကြီး၊အကျွန်ုပ်တို့ပုဏ္ဏားခုနှစ်ယောက်သည်အရပ်တပါးကလာ၍ဥယာဉံ်သည်အိမ်တွင်တဲနေစဉံ်တွင်ဖမ်းတောင်းယာစကာပြု၍ငွေ ၆၀၀ ရလေသတည်း။တယောက်တရာမစေ့သောကြောင့်ဥယာဉံ်သည်တွင်ငွေ ၆၀၀ ကိုအပ်နှံ၍ငါတို့ခုနှစ်ယောက်မညီသော်ဤငွေကိုမပေးနှင့်ဟုလျက်ကျွန်တော်တို့ခုနှစ်ယောက်မညီဘဲပုဏ္ဏားငယ်တယောက်တည်းတောင်းလှည့်ရာကိုပေးလိုက်သည်။ပေးရာသလောဟုနားတော်လျှောက်၏။ဥယာဉံ်သည်လင်မယားလည်းအရှင်မင်းကြီး၊တို့ခုနှစ်ယောက်ညီမှပေးဟူ၍နှံပေသည်တည်း။နှံခဲ့လျှင်ပုဏ္ဏားတို့သွား၍တခေါ်မကသောအရပ်တွင်ရပ်၍နေလင့်သည်။ပုဏ္ဏားငယ်တယောက်မူကားငါတို့ပြန်ရသည်မူလည်းရှိအံ့၊မပြန်ရသည်မူလည်းရှိအံ့၊ငါတို့ဥစ္စာပါမိပါစေ၊ပြန်ယူချေဟုစေလိုက်၍ပုဏ္ဏားငယ်ယူပြန်လာသည်။

NOTES.

မဟာရာဇာ P. great king. စေ့ to be complete. တောင်းလှည့် to demand deceitfully. ပါမိပါစေ let us take away with us.

ရှင်ပုဏ္ဏားတို့လည်းပုဏ္ဏားငယ်ကိုလျင်လျင်ယူခဲ့လက်ရပ်သည်ကိုမြင်သောကြောင့်ပုဏ္ဏားငယ်ကိုအကျွန်ပေးလိုက်ပေသည်ဟုနားတော်လျှောက်၏။ ။ထိုလျှောက်ချက်နှစ်ရပ်ကိုကြားလျှင်ဗါရာဏသီမင်းကြီးကဤသို့မိန့်တော်မူ၏။ပုဏ္ဏားတို့ဥစ္စာကိုဥယာဉ်သည်ဋ္ဌနှံ့သောအခါငါတို့ချနှစ်ယောက်ညီမှပေး။မညီဘဲကိုမပေးနှင့်ဆိုလျက်မင်းတို့ကိုပုဏ္ဏားငယ်တယောက်တည်းတောင်းလှဉ့်ရာဥယာဉ်သဉ်ပေးချေသဉ်မသင့်။ပုဏ္ဏားချောက်ယောက်ရပ်လင့်သောနေရာသို့လိုက်ပေးကောင်းလေ၏။ရှင်ပုဏ္ဏားတို့ဥစ္စာကိုဆပ်ပေးစေဟုဗါရာဏသီမင်းကြီးမိန့်တော်မူ၏။ ။ဥယာဉ်သည်လင်မယားဘို့လဉ်းပုဏ္ဏားတို့ဥစ္စာကိုမပေးရတတ်သောကြောင့်ပုဏ္ဏားချောက်ယောက်တို့ကျွန်ဖြစ်လေကုန်၏။ပုဏ္ဏားချောက်ယောက်တို့အမှုကိုအလှည့်အလှည့်လုပ်ကြီခံရကုန်၏။ ။နေ့ရှည်ရက်များရှိလတ်သော်ဥယာဉ်သဉ်မသည်သမီးငယ်မြင်လတ်လျှင်တဆဲ့နှစ်နှစ်ရှိလတ်သော်သမီးငယ်သဉ်ကသူတကာတို့ကျွန်ဖြစ်သည်ကားအရှင်တဦးတည်းသာအလုပ်ကြီခံရသည်။ငါ့မိဘတို့

NOTES.

လိုက်ပေးကောင်းလေ၏ ought to have gone with him and given. အလှဉ့်အလှဉ့် in turn. သမီးငယ်မြင် to see a little daughter, i.e. a daughter was born. တကာ all.

သည်ပုဏ္ဏားချောက်ယောက်တို့၏ကျွန်ဖြစ်၍တနေ့တယောက်အလှည့်အလှည့်ပင်အလုပ်အကြီခံရသည်ကားအဘယ်ကြောင့်ဤသို့ဖြစ်ရသနည်းဟုမေး၏။အမိအဖတို့လည်းယခင်နှစ်ဦးဆိုချက်စကားကိုသမီးအားပြန်ကြားပေ၏။ ။ထိုစကားသမီးငယ်ကြားလျှင်ပညာဖြင့်ကြီမိ၍ယနေ့ကစ၍ချောက်ယောက်တို့တွင်အလုပ်အကြီမခံနှင့်တော့ဟုဆိုပေ၏။ထိုစကားကိုကြားလျှင်သမီးငယ်ဆိုတိုင်းပုဏ္ဏားချောက်ယောက်တို့၏အလုပ်အကြီမခံဘဲနေကြလေ၍အမိအဖတို့သည်သမီးငယ်ဆနွှင်းလိမ်းပြီးသော်ဖြူညက်သောအဝတ်အစားတန်ဆာတို့ကိုဝတ်စေပြီးမှမင်းကြီးထံသို့ဆောင်လေ၏။ထိုအခါသမီးငယ်ကလည်းအရှင်မင်းကြီး၊ပုဏ္ဏားခုနှစ်ယောက်တို့သည်ဥစ္စာနှံသောအခါငါတို့ခုနှစ်ယောက်စေ့မှသာပေးဟူ၍မြဲမြန်စွာဆိုပြီးလျှင်ယခုချောက်ယောက်တို့သာတောင်းဘိသောကြောင့်အကျွန်ုပ်ရှေ့တော်တွင်တရားဆင်ပါအံ့။အရှင်မင်းကြီး၊ရှေ့ဆရာတို့ထားသော ဂါထာလေးပါးကိုအောင်းမေ့တော်မူလော့။

NOTES.

ယခင်နှစ်ဦးဆိုချက် the above statements of the two parties. ဆနွှင်းလိမ်း to smear with turmeric (paste), spelt နံ့နွှင်း by Judson. ညက် fine in texture. အစား is often used as a companion to အဝတ် clothes. တရားဆင် to state a law case. ဂါထာ P. a stanza. ချောက် = ခြောက် six.

အားမရှိသောသူ၏အားကါးမင်းလျှင်တည်း။
သူငယ်တို့၏အားကားငိုကျွေးခြင်းတည်း။
ငှက်တို့၏အားကားကောင်းကင်လျှင်တည်း။
ငါးတို့၏အားကားရေလျှင်ပင်တည်း။

ထိုကြောင့်ရကားအရှင်မင်းကြီး၊ငါတို့ကျွန်ကားအားနည်းသောကြောင့်အရှင်မင်းကြီးအားပြုပါအံ့။ အသပြာ၆၀၀ကိုချေးတော်မူပါမှအကျွန်ုပ်ဆင်ပါရအံ့။ တရားဆင်၍အောင်မြင်ပြီးလျှင်ချောက်ရာသောအသပြာကိုသိမ်းတော်မူပါလော့ဟုနားတော်လျှောက်၏။ ။ မင်းကြီးသဉ်းထိုမိန်းမငယ်စကားကိုနှစ်သက်၍ချောက်ရာသောအသပြာကိုချေး၍မိန်းမငယ်လက်တွင်ထားစေပြီးမှဗါရာဏသီမင်းကြီးကသံတော်ခေါ်ရလေသော်ပုဏ္ဏားချောက်ယောက်တို့သည်လာလတ်၍ဥယာဉ်သည်တို့၏သမီးငယ်သည်ပုဏ္ဏားချောက်ယောက်သားတို့ကိုမြင်လျှင်မင်းကြီးရှေ့တော်သို့ဝင်၍ပုဆစ်တုပ်လက်အုပ်ချီ၍နားတော်လျှောက်၏။

NOTES.

အားပြုပါအံ့ we will depend on: get our strength from. ချေး to lend. အောင်မြင် to conquer, win. သံတော်ခေါ် to summon. ပုဆစ်တုပ် to sit with the legs doubled under one. လက်အုပ်ချီ to raise the hands placed together (as in prayer).

ပညာအရာလောက်ငံစွာသောမှောက်တော်ရှင်ရင်းအလောင်းမင်း၊ပုဏ္ဏားတို့ဥဿာနှံသောအခါငါတို့ခုနှစ်ယောက်ညီမှသာဤဥစ္စာကိုပေး။ငါတို့ခုနှစ်ယောက်မညီသော်မပေးနှင့်ဆိုသည်ဖြစ်သောကြောင့်ယခုချောံယောက်ကိုအကျွန်ုပ်တို့မပေးသာ။ခုနှစ်ယောက်ညီမှရှင်ပုဏ္ဏားတို့ဥစ္စာကိုအကျွန်ုပ်တို့ပေးပါတော့အံ့ဟုနားတော်လျှောက်၏။ ။ဗါရာဏသီမင်းကြီးလည်းထိုစကားကိုကြားသော်ဥယာံည်သည်သမီးဆိုသည်အတိုင်းဟုပ်လှပေ၏။ပုဏ္ဏားတို့နှံသောအခါငါတို့ခုနှစ်ယောက်ညီမှပေး။ငါတို့ခုနှစ်ယောက်မညီဘဲကိုမပေးနှင့်ဂတိရင်းရှိသည့်ဖြစ်သောကြောင့်ခုနှစ်ယောက်စေ့မှပေးလော့ဟုဗါရာဏသီမင်းကြီးမိန့်တော်မူ၏။ပုဏ္ဏားတို့လည်းခုနှစ်ယောက်စေ့အောင်မတတ်နိုင်သောကြောင့်ဥဿာမရတရားရှုံးချေပြီသတည်း။ဥယာည်ံသည်လင်မယားလည်းသမီးငယ်ကျေးဇူးကြောင့်ပုဏ္ဏားတို့ကျွန်အဖြစ်မှလွတ်လေသတည်း။ ။ထိုကြောင့်ရကားဘဏ္ဍာကာရိကဖြစ်သောအိမ်ရှင်တို့သည့်နှံသောလူတို့အစုံအညီယူလာမှသာပေးသင့်သတည်း။

NOTES.

ပညာအရာလောက်ငံ sufficient in wisdom, i.e. wise. မှောက်တော် Royal Highness, Majesty. အလောင်း embryo: used to imply that he may hereafter be a Buddha or universal monarch. ဘဏ္ဍာကာရိက P. a person who is a bailee.

3. The Case of Wife-stealing.

[From *Mahosadhā Jātaka.*]

ဂေါတကာလအမည်ရှိသောယောက်ျားတယောက်သည်မိမိနေသောရွာ၏မနီးမဝေးဖြစ်သောရွာတခု၌လယ်လုပ်သမီးဒီဃဘာလအမည်ရှိသောမိန်းမကိုရည်းငံစိတ်ရှိသည်ဖြစ်၍ထိုဒီဃတာလသတို့သမီး၏မိဘအိမ်၌သွိး၍အလိုငှါအမှုလုပ်ကျွန်ခုနှစ်နှစ်ပတ်လုံးခံပြီးမှဒီဃဘာလနှင့်မိဘတို့ပေးထိမ်းမြားသတည်း။ထိုဂေါတကာလသည်မိမိယောက္ခမအိမ်၌နေပြီး၍တနေ့သ၌ယောက္ခမအိမ်တွင်မနေချင်သောစိတ်ရှိသဖြင့်မိမိမယားဒီဃတာလကိုအဘယ်၊ငါသည်သင်မိဘအိမ်၌နေသဖြင့်ငါ့မိဘအိမ်သို့မရောက်သည်ကြာပြီ။ငါ့မိဘအိမ်၌သွား၍နေကြကုန်အံ့။မိဘတို့အားကံတော့ရန်လက်ဆောင်ပဏ္ဏာ၊ခရီးရိက္ခာစာ၊ခဲဘွယ်ဘောဇည်တို့ကိုပြင်ဆင်လော့။ယခုသွားကုန်အံ့ဟုဆို၏။ဒီဃတာလသည်မသွားမပြောင်းရမည်အကြောင်းကောင်းမွန်သာ

NOTES.

The name ဂေါတကာလ is explained as meaning in P. black-dwarf. ဒီဃတာလ P. 'tall-palm.' ရည်းငံ to be in love with. အဘယ် Lady, Madam, Miss. ကံတော့ to beg pardon. ပဏ္ဏာ P. a present. ရိက္ခာ provisions. ဘောဇည် P. ဘောဇနံ food. ပြင် = ပျင် to prepare.

ယာဗွာသောစကားဖြင့်သုံးကြိမ်တိုင်အောင်မြစ်တားသော်လည်းမနေလို။ယခုပင်သွားမည်၊ပြင်သာပြင်ဟုဆို၍လက်ဆောင်ပဏ္ဏာနှင့်တကွခရီးစါဘောဇဉ်ခဲးဘွယ်ပြင်၍ပြီးသော်ဂေါတကာလသည်လက်ဆောင်ပဏ္ဏာခရီးရိက္ခာစာနှင့်တကွမိမိမယားဒီဃဘာလကိုခေါ်၍မိဘအိမ်သို့သွားလေသော်ခရီးအကြား၌တိမ်သောရေအလျည်ရှိသောမြစ်ငယ်နားသို့ရောက်လေ၏။ထိုသူလင်မယားနှစ်ယောက်လုံးပင်လျှင်ကျေးတောရွာလယ်လုပ်သားလယ်လုပ်သ္မီးဖြစ်၍ရေကိုအလွှန်ကြောက်တတ်ကြကုန်သဖြင့်မြစ်ကိုမကူးဝံ့ဘဲကမ်းနား၌သါထိုဘက်ကိုမျှော်လျက်နေလတ်ကုန်၏။ထိုအခါဒီဃပိဋ္ဌအမည်ရှိသောသူဆင်းရဲတယောက်သည်ခရီးလှည်လည်သွားလာလေသော်ထိုသူလင်မယားနှစ်ယောံနှင့်အကြိမ်သင့်တွေ့ကြုံလေ၏။ ။ထိုအခါဂေါတကာလသဉ်ဒီဃပိဋ္ဌကိုမြင်လေသော်အဆွေ၊ဤမြစ်သဉ်ရေနက်သလော။တိမ်သလောဟုမေး၏။ဒီဃပိဋ္ဌသည်ရေကိုထိုသူလင်မယားနှစ်ယောက်ကြောက်တတ်မှန်းသိလျှင်အဆွေ၊ဤမြစ်ကားအလွှန်ရေနက်သည်။ငါး၊လိပ်၊

NOTES.

ပြင်သာပြင် prepare what you ought to prepare. အလျည် smoothness, pleasant appearance. ကျေးတောရွာ–သား–သမီး country bumpkin. ဒီဃပိဋ္ဌ P. long-back. အကြိမ်သင့် at a suitable moment. မှန်း (J. § 125, 5). လိပ် a turtle.

မကန်း၊မိကျောင်း၊လင်းပိုင်တို့သည်များစွာရှိကုန်သဉ်ဟုဆို၏။ထိုစကားကိုကြားလျှင်ဂေါတကာလသည်အဆွေ၊ဤမြစ်သည်သင်ဆိုတိုင်းမိကျောင်း၊လင်းပိုင်ရဲသဉ်မှန်သော်သင်ကားအဘယ်သို့ကူးလိမ့်မဉ်နည်းဟုမေးလျှင်ဒီဃပိဋ္ဌသည်အဆွေ၊ငါတို့မူကားဤမြစ်၌မိကျောင်း၊လင်းပိုင်တို့နှင့်အဆွေခင်ပွန်းအကျွမ်းဝင်သဉ်ဖြစ်သောကြောင့်ငါတို့ကိုမိကျောင်း၊လင်းပိုင်တို့မညှဉ်းဆဲကုန်ဟုဆို၏။အဆွေ၊ထိုသို့တပြီးကားငါတို့လင်မယားကိုလည်းထိုဘက်သို့ပို့လိုက်စေချင်ပါသည်ဟုဆိုကာလဒီဃပိဋ္ဌသည်ကောင်းပြီပို့အံ့ဟုဆိုလျှင်ဂေါတကာလသဉ်ဒီဃပိဋ္ဌကိုအဆွေ၊ထမင်းဟင်းလျာအချို့အချဉ်ငါတို့မှာပါသဉ်။စားလှဉ့်ဟုခေါ်၍ဘောဇဉ်ခဲဘွယ်ကျွေးမွေး၏။ဒီဃပိဋ္ဌသည်ထမင်းစားပြီးသော်သင်တို့နှစ်ယောက်တွင်အဘယ်သူကိုအရင်ပို့ရမည်နည်းဟုမေးရာဂေါတကာလလည်းမိမိမယားကိုအရင်ပို့စေလိုသောကြောင့်အဆွေ၊သင့်အဆွေမငါ့မယားကိုအရင်ပို့ပြီးလျှင်နောက်မှငါ့ကိုပို့ပါလောဟုဆို၏။ဒီဃပိဋ္ဌသည်ကောင်းပြီဟုဝန်ခံပြီးသော်ဒီဃတာလကိုပခုံးပေါ်၌ထမ်းလျက်အိမ်ကပါသမျှသောအဝတ်တန်ဆာ၊မျိုး၊ရိ

NOTES.

မကန်း a shark. မိကျောင်း a crocodile. လင်းပိုင် a porpoise. ဟင်းလျာ curry stuff. ပါ to have with. ပခုံး the shoulders. မျိုး grain.

ကွာ၊လက်ဆောင်ပဏ္ဏာတို့ကိုလည်းယူ၍မြစ်သို့ဆင်းသက်ပြီးလျှင်အတန်ငယ်ပြကတေ့အတိုင်းသွားပြီးမှဆောင့်ခြောင့်ထိုင်လျက်မြစ်တဘက်သို့ကူးလေ၏။ဂေါတကာလလည်း၊ကမ်းနား၌ရပ်နေမျှော်ကြည့်လျက်ဤမြစ်သည်အလွှန်နက်စွ။ဤသို့သောလူမြင့်မှဤမျှလောက်နစ်လျှင်ငါတို့ကဲ့သို့လူပုများမှာသျှောင်ဖျားမျှပေါ်ဘွယ်မရှိပြီဟုကြံ၏။ဦဿပိဋ္ဌသည်ကူး၍မြစ်လယ်လောံရောက်လျှင်ဦဿတာလကိုအဘယ်၊သင်သည်အဘယ်ကြောင့်ဤလူကွကိုနေပါဘိသနည်း။ဤသင်၏လင်လူကွသည်။အဆင်းသဏ္ဌာန်အားဖြင့်လည်းတစုံတခုမျှနှစ်သက်ဘွယ်မရှိ။အမျိုးစည်းစိမ်လည်းရှိမည်မထင်။သင်သည်ဤလင်ကိုနေ၍အဘယ်အကျိုးရှိပါအံ့နည်း။သင်ကားမြင့်မြင့်သွယ်သွယ်၊ရှုဘွယ်သောကိုယ်ဟန်ရှိ၏။သင့်လင်ကားမည်းမည်းကွကွ။သင်၏ရှေ့ကသွားသည်ကိုသူတပါးမြင်လျှင်အပြစ်တင်ကျီစယ်ပျက်ရယ်ပြု၍ရှက်မှုကြောက်ရန်အတန်တန်နှောင့်ရှက်လျက်တသက်တွင်လင်မနေဘဲအိုရပါသလောက်မျှမကောင်း

NOTES.

ပြကတေ့ S. naturally, in the ordinary manner. ဆောင့်ခြောင့် in a squatting posture. ဤသို့သောလူမြင့်မှ if a man who is so tall. လူပု a dwarf. သျှောင် for ဦးသျှောင် or ယောင် the knot of hair on the top of the head. လူကွ a bandy-legged man. သဏ္ဌာန် for P. သဏ္ဌာနံ form, stature.

ဟန်တကါး။ ရွှေသွားနောက်လိုက်ထိုက်လျော်စွာ။ ငါ
တို့များနှယ်ကိုချစ်ကြင်နာပါတပြီးပိတ်ရှိတိုင်းသော အ
ဝတ်တန်ဆာကိုအခါခါအလဲလဲ။ မမွဲးမနွမ်းခင်ဖြစ်စေ၍
နှစ်သက်ဘွယ်သောစည်းစိမ်ဖြင့်အိမ်ရှင်နှင်းပြီးလျှင်
ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ ခစခြွေရံနှင့်စံမညီးပျော်ရ
အံ့။ သင်ငါ့စကားကိုနားထောင်ပါလျှင်ယခုငါကြီ
ဆောင်ပါမည်ဟုဆို၍သုထမင်းကိုစားလျက်သုမယား
ကိုအားမျှမနာဖြားရောင်းဘိ၏။ ဒီဃပိဋ္ဌစကားကိုကြား
လျှင်ဒီဃတာလသည်ခုနှစ်နှစ်ပတ်လုံးမိဘအိမ်၌အစေ
အပါခံ၍ရှာပါသောမိမိလင်ဂေါတကာလကိုခဏ
ချင်းစဉ်းစိမ်သံနှင့်တရန်တွေ့သူဖြားရောင်းသဉ်စကား
ကိုနားဝင်၍လင်မျှမမှတ်။ ချစ်ခြင်းဖြတ်လျက်နေရပ်ကို
မျှမသိ သောဒီဃပိဋ္ဌကိုသာကြည်ညိုချစ်ခင်ကြင်နာ
သဖြင့်အရှင့်သား၊ အကျွနုပ်ကိုမယားမှတ်မှတ်ချစ်ခင်
ကြင်နာပါလျှင်အရှင့်သားစကားကိုလိုက်နာပါအံ့ဟု
လတ်တလောပင်သဘောတူမျှလေ၏။ ဒီဃတာလစ
ကားကိုကြားလျှင်ဒီဃပိဋ္ဌသည်အဘယ်၊ မစိုးရိမ်လင့်
ဟုဆိုလျက်မြစ်တဘက်သို့ရောက်လေ၏။ ထိုဒီဃပိဋ္ဌ

NOTES.

နှယ် manner. မွဲးနွမ်း old and worn out. နှင်း to bestow (in marriage). စံမညီး to enjoy without surfeit. အားနာ to be deterred by respect for. ဖြားရောင်း to seduce. မှတ်မှတ် in the light of, as. လတ်တလော quickly.

ဒီဃာတာလတို့သည်ကမ်းတဘက်သို့ရောက်လေသော် ဂေါတကာလကိုသင်ခဏမျှနေသင့်ဦးဟုဆိုလျက်ဝမ်းမြောက်ဝမ်းသာအိမ်ပါဘောဇည်ခဲးဘွယ်များကိုစားကြပြီးလျှင်ဂေါတကာလမြင်စည့်ပင်လိုရာအရပ်သို့သွားကြလေ၏။ ဂေါတကာလသည်မြစ်တဘက်ကနေလျက်ဒီဃာပိဋ္ဌိတို့အတူတကွသွားကြသည်ကိုမြင်လျှင်ဤသူသည်ငါ့မယားကိုခိုးယူ၍သွားသည်တကားဟုမယားကြောင့်စိတ်နှောံ၍ပေါက်ရောင်ခုန်ရောင်၊တောင်ပြေးမြောက်ပြေးပြုလျက်ယခုငါသေအောင်ရေပင်နစ်သော်လည်းနစ်စေဟုမြစ်သို့အတန်ငယ်ဆင်းမိလျှင်တင်းမာသောစိတ်ပျောက်၍ကြောက်စိတ်နှင့်တဖန်တက်ပြန်ချေ။ဆင်းပြန်ချေ။မတည်မရပ်နိုင်ဖြစ်သဖြင့်အပြစ်အကျိုးမမြင်နိုင်သောဒေါသစိတ်ဖုံးလွှမ်း၍မြစ်ကမ်းထိပ်ကစိတ်ဗျာပါဒိတက်ကြောင့်အသက်ရှင်လိုလည်းရှင်စေ။သေလိုလည်းသေစေဟုရေထဲသို့ခုန်ဆင်းလတ်သော်ရေတိမ်မှန်းကိုသိ၍အလျင်တဆောကူးလျက်ကမ်းတဘက်သို့တက်လွှားသဖြင့်မယားခိုးမ

NOTES.

စိတ်နှောက် to be disturbed in mind. ပေါက်ရောင်ခုန်ရောင် jumping and stamping, as if about to follow. တက်ပြန်ချည်၊ဆင်ပြန်ချည် going up and then down. တင်းမာ determined, firm. ချေ or ချည် is here used in an alternative sense = တုံ့ (J. § 118). စိတ်ဗျာပါဒိတက် from P. စိတ္တိဗျာပါဒိတတ္တိ distress of mind. လွှား to leap.

ယားခိုးဟုငြိုးစိတ်နှင့်ဆို၍လိုက်လေသောမသူတော်နှစ်ယောက်ကိုမှီလေ၏။ ဒီဃပိင်္ဂတို့ကိုဂေါတကာလမှီလျှင်ဟယ်သူယုတ်မာ။ ငါ့မယားကိုအဘယ်သို့ခိုးယူသွားမည်နည်းဟုဆို၏။ ဒီဃပိင်္ဂလည်းဂေါတကာလကိုဟယ်သူယုတ်သား၊ ငကွ၊ နင့်မယားအဘယ်မှာရှိသနည်း။ ငါ့မယားနှင့်ငါခရီးသွားရာသူမြင်၍မလျောက်ပတ်အောင်အဘယ်ကြောင့်မယားခိုးယိုးစွပ်ဘိသနည်းဟုဆိုပြီးလျှင်လည်ကိုကိုင်ညှစ်၍တွန်းပြစ်လိုက်သဖြင့်မြေ၌လည်းလေ၏။ ဒီဃပိင်္ဂသည်ဒီဃတာလလက်ကိုဆွဲ၍သွားလေ၏။ ဂေါတကာလလည်းလည်းရာမှထပြီးလျှင်ဟယ်သူယုတ်သား၊ ငါသည်ဤမိန်းမကိုမိဘထံ၌ချနှစ်နှစ်အမှုလုပ်အစေအပါခံပြီးမှမိဘနှစ်ပါးစုံပေးထိမ်းမြား၍ရ၏။ ထိုသို့ဆင်းရဲသဖြင့်ရသောမယားကိုအဘယ်သို့ခိုးယူသွားမည်နည်းဟုမနီးမကမ်းကဆိုမြည်လျက်လိုက်၏။ ဤသို့ဒီဃပိင်္ဂ၊ ဂေါတကာလတို့သည်ခိုက်ရန်အငြင်းအခုံနှင့်သွားကြလေသောဘုရားလောင်းကစားရာဇရပ်တံခါးဝခရီးမသို့ရောက်ကြလေကုန်၏။ ရွာသူရွာသားအပေါင်းတို့သည်လည်းများစွာစုရုံး၍ကြည့်ကြကုန်၏။ ထိုအခါဘုရားလောင်းသည်ထိုသူသုံး

NOTES.

ငြိုး revengeful. မသူတော် bad people. ငကွ Mr. Bandy-legs. ယိုးစွပ် to accuse. မနီးမကမ်းက from a distance. ကစား

ယောက်တို့ကိုခေါ်စေ၍ရောက်လျှင်အဘယ်ကြောင့်ခိုက်ရန်ဖြစ်ကြသနည်းဟုမေး၏။ဂေါတကာလသည်ခုနှစ်နှစ်ပတ်လုံးကျွန်ခံမှရကြောင်းနှင့်ဒီဃပိဋ္ဌခိုးယူသည်တိုင်အောင်စကားအလုံးစုံကိုပြန်ကြားကုန်၏။ဒီဃပိဋ္ဌလည်းမဟုတ်မမှန်သောစကားဖြင့်မိမိမယားဖြစ်ကြောင်းကိုဆို၏။ဒီဃတာလကလည်းဤလူကွကိုကျွန်မသိ။ဤသူသည်သာလျှင်မိဘထိမ်းမြားသောလင်တည်းဟုဒီဃပိဋ္ဌကိုသာလင်အမှတ်ဖြင့်မဟုတ်မမှန်သောစကားကိုဆို၏။ထိုသူတို့စကားကိုကြားပြီးသော်မဟောသဓသုခမိန်သည်သင်တို့ငါ၏အဆုံးအဖြတ်ကိုတည်ကြမည်လောဟုမေး၏။ထိုသူသုံးယောက်တို့သည်တည်ပါမည်ဟုဝန်ခံကြလတ်သော်ဤသူသုံးယောက်တို့ကိုအသီးအသီးသင့်ရာနေစေဟုအခြားစီခွဲး၍ထားပြီးလျှင်ရှေးဦးစွာဒီဃပိဋ္ဌကိုခေါ်စေ၍သင်၏အမည်ကိုအသူခေါ်သနည်းဟုမေး၏။အရှင်သား၊အကျွန်ုပ်အမည်ကိုဒီဃပိဋ္ဌဟုခေါ်ကုန်သည်ဆိုသော်သင့်မယား၏အမည်ကိုအသူခေါ်သနည်းဟုမေးသော်ဒီဃပိဋ္ဌလည်းဒီဃတာလ၏အမည်ကိုမသိခြင်းကြောင့်တော်ဆ၍တပါးသောအမည်ကိုပြော၏။သင်၏မိဘအဘယ်ရွာနေ၊အဘယ်အမည်ရှိ

NOTES.

ဇရပ် play-shed. သုခမိန် a wise person; from P. သုခုမညာဏံ precise knowledge (?). တည် to abide by. အမည်ကိုအသူခေါ်သနည်း What is your name? တော်ဆ to guess.

သနည်းဟုမေးပြန်၍ဣဿပိဋ္ဌလည်းကျွန်ုပ်မိဘရွာနေ၊ဤအမည်ရှိသည်ဟုပြော၏။သင့်မယား၏မိဘကားဘယ်ရွာနေ၊အဘယ်အမည်ရှိသနည်းဟုမေးပြန်သော်ဣဿပိဋ္ဌသည်နေသောအရပ်အမည်ကိုမသိခြင်းကြောင့်ရမ်းဆ၍ဤရွာနေ၊ဤအမည်ရှိသည်ဟုမဟုတ်သောအမည့်ကိုဆို၏။ဤသို့ဣဿပိဋ္ဌကိုစစ်မေးပြီးသော်ထိုသူ၏စကားကိုပရိသတ်တို့အားမှတ်သားစေပြီးလျှင်ဣဿပိဋ္ဌကိုဖယ်ရှားစေ၍ဂေါတကာလကိုခေါ်ပြီးသော်ရှေးနည်းဖြင့်မိမိအမည်၊မိဘအမည်ကိုလည်းကောင်း။မယား၏အမည်၊မယား၏မိဘနေရပ်အမည်ကိုလည်းကောင်းမေး၏။ဂေါတကာလသည်သိသောအလျောက်မဖေါက်မပြန်ဟုတ်မှန်တိုင်းအလုံးစုံသောအမည်၊နေရပ်ကိုပြော၏။ဤသို့ဂေါထကာလကိုစစ်မေးပြီးသော်ထိုသူစကားကိုလည်းပရိသတ်တို့အားမှတ်သားစေပြီးလျှင်ဂေါတကာလကိုဖယ်စေ၍ဣဿတာလကိုခေါ်ပြန်သဖြင့်သင်၏အမည်ကိုကားအဘယ်နည်းဟုမေး၏။အရှင်သား၊အကျွန်ုပ်အမည်ကားဣဿတာလတည်းဟုဆို၏။သင်၏မိဘကားအဘယ်ရွာနေ၊အဘယ်အမည်နည်းဟုမေး၏။အကျွန်ုပ်မိဘကားဤမည်သောရွာနေ၊ဤအမည်ရှိ

NOTES.

ရမ်းဆ၍ at random. ပရိသတ် from P. ပရိသတိံ (loc. of ပရိသာ) an assembly. မဖေါက်မပြန် without changing or equivocating.

သဉ်ဟုဆို၏။ သင်၏လင်ကားအဘယ်အမည်ရှိသနည်းဟုမေးလတ်သော်ဒီဃပိဋ္ဌဟူသောအမည်ကိုမသိခြင်းကြောင့်ရမ်းဆ၍ဤအမဉ်ရှိသဉ်ဟုတပါးသောအမည်ကိုပြော၏။ ဤသို့ဒီဃတာလကိုစစ်မေးပြီးသော်ထိုသူ၏စကားကိုလည်းပရိသတ်တို့အားမှတ်သားစေပြီးလျှင်ဂေါတကာလ၊ ဒီဃပိဋ္ဌတို့ကိုခေါ်စေ၍ပရိသတ်တို့အားအချင်းတို့၊ ဤမိန်းမထွက်ဆိုသောစကားသည်ဤလူမြင့်စကားနှင့်တည်းညီသလော။ ယင်းသို့မဟုတ်မူ။ ဤလူပုစကားနှင့်တည်းညီသလောဟုဘုရားလောင်းမေး၏။ ပရိသတ်တို့လည်းအရှင့်သားသုခမိန်၊ ဤမိန်းမစကားသဉ်ဤလူကွစကားနှင့်သာညီ၏။ လူမြင့်စကားနှင့်မညီကြဟုဆိုလတ်သော်ဘုရားလောင်းသဉ်အချင်းတို့၊ ထိုသို့တပြီးကားအဘယ်သူသဉ်မယားခိုးဖြစ်မည်နည်းဟုမေး၏။ ပရိသတ်တို့လည်းအရှင်သား၊ ဤလူကွသည်ဤမိန်းမ၏လင်တည်း။ ဤလူမြင့်ကားမယားခိုးတည်းဟုဆိုကြကုန်၏။ ထိုအခါမဟောသဓသုခမိန်သည်ဒီဃပိဋ္ဌကိုအချင်းယောကျ်ား၊ ဤမိန်းမကားဒီဃတာလအမည်ရှိသည်ဟုလူကွနှုတ်ထွက်အတိုင်းညီကြ၏။ သင့်နှုတ်ထွက်မယားကားဤမိန်းမမဟုတ်။ အမည်တခြား

NOTES.

တည်းညီ in agreement with. နှုတ်တွတ် statement, utterance.

ဖြစ်ခဲ့၏။ သင်အသို့နည်းလျှို့ဝှက်သောအမှုကိုတခုမကျန်သိမြင်တတ်သည်ဟုငါ၏သိကင်းကျေးဖူးကိုမကြားဘူးသလော။ ဤမိန်းမကိုသင်ခိုးမိချေသည်မဟုတ်လောဟုမေး၏။ ဒီဃပိဋ္ဌသည်မလွှဲးမပယ်သောကြောင့်အရှင့်သား၊ ခိုးမိပချေသည်ဟုဝန်ခံရ၏။ ဂေါတကာလလည်းမိမိမယားဒီဃတာလကိုယူ၍ဘုရားလောင်းအားဝမ်းမြောက်ဝမ်းသာခြီးမွမ်းပြီးလျှင်မိမိမိဘအိမ်သို့သွားလေ၏။ ဘုရားလောင်းသည်ဒီဃပိဋ္ဌအားနောင်မပြုမကျင့်စိမ့်သောငှါအဆုံးအမပေး၏။ ဖွါးဘက်တော်သူငယ်တထောင်တို့သည်လည်းသိုဒီဃပိဋ္ဌကိုခြေဖြင့်ယမ်းခတ်ခြင်းလက်ဖြင့်ထောင်းထုခြင်းစသည်ဖြင့်နာကျင်စွာဒဏ်ပေး၍လွှတ်လိုက်ကုန်၏။

4. The Stolen Cart.

[From *Mahosadhā.*]

ယောကျ်ားတယောက်သည်တခုသောရွာမှလှည်းရထားစီးလျက်ထွက်သွားလေ၏။ ထိုအခါသိကြားမင်းသည်လောကကိုကြည့်လတ်သော်ဘုရားလောင်းကိုမြင်၍ဤသုခမိန်ဘုရားအညွန့်အားပညာဂုဏ်ထင်ရှားသောအဖြစ်ကိုငါပြုခြင်းငှါထိုက်သည်ဟုလူ၏အသွင်

NOTES.

လွှဲးပယ် to controvert. ယမ်းခတ် to kick. သိကြား the B. form of P. သက္ကော *Sakko*, the god Indra. လောက P. the world. အညွန့် a shoot, i.e. not yet come to maturity.

ဖြင့်လာလတ်၍ထိုရထားစီးလျက်သွားသောယောကျား၏ရထားနောက်စွန်းကိုကိုင်လျက်အစညံ်အတိုင်းလိုက်၏။ရထားရှင်သဉ်ရထားနောက်မြိတ်စွန်းကိုကိုင်လျက်အစညံ်တစိုက်လိုက်သောလုလင်ကိုမြင်လျှင်၍သူသည်အဘယ်အကြောင်းရှိ၍နောက်သို့အစညံ်တစိုက်လိုက်သည်မသိဟုကြံလျက်အချင်းယောကျား၊သင်အဘယ်အလိုရှိ၍ရထားနောက်စွန်းကိုကိုင်လျက်အစညံ်တစိုက်လိုက်ဘိသနည်းဟုမေး၏။သိကြားလုလင်လည်းအရှင်၊အကျွန်ုပ်သည်သင်၏အထံ၌မှီခို၍နေလိုပါသောကြောင့်လိုက်သည်ဟုဆို၏။ထိုစကားကိုကြားလျှင်ရထားရှင်သည်လုလင်ကောင်းပြီ၊နေတော့ဟုဆိုလျက်အတန်ငယ်သွားပြီးသော်ရထားကိုတန့်ရပ်စေပြီးလျှင်ရထားမှဆင်းသက်၍ကိုယ်လက်သုတ်သင်အံ့သောငှါသွား၏။ထိုရထားရှင်ကိုယ်လက်အသုတ်အသင်သွားခိုက်တွင်သိကြားမင်းသဉ်ရထါးပေါ်သို့တက်၍ရထားကိုစိုင်းနှင်ပြေးနှင့်လေ၏။ရထားရှင်လည်းကိုယ်လက်သုတ်သင်ပြီး၍လာလတ်သော်ရထားကိုထိုလုလင်ခိုးယူပြေးသည်ဟုသိ

NOTES.

နောက်စွန်း hinder part, tail. အမြိတ်စွန်း anything hanging down, like a tail or fringe. အစညံ်တစိုက် continually. အချင်း or ချင်း you. စိုင်းနှင် to drive very fast.

လျှင်အချင်းရပ်လော့ဟုအလျင်တဆောလိုက်လျက်မှလတ်သောအခါ။အချင်း၊သင်အဘယ်ကြောင့်ရထားကိုခိုး၍ပြေးနှင်သနည်းဟုဆို၏။သိကြားမင်းလည်းသင့်ရထားဘယ်မှာနည်း။ဤရထားကားငါ့ရထားတည်း။သင့်ရထားနှင့်အလားတူ၍သာသင်ထင်မှားသည်ဖြစ်မည်။သင့်ရထားမဟုတ်ဟုဆို၏။ဤသို့အချင်းချင်းအငြင်းအခုံစကားနှင့်လူအများလည်းရှုကြည့်ဝန်းရံကုန်လျက်ဘုရားလောင်းကစားရာဇရပ်တံခါးဝခရီးမသို့ရောက်လာကြကုန်၏။မဟောသဓသူခမိန်သည်ထိုသူနှစ်ယောက်ကိုခေါ်ချေဟုစေလိုက်သဖြင့်ဖွားဘက်တော်ရွေဘော်တို့ခေါ်ခဲ့၍ထိုသူနှစ်ယောက်ရောက်လာလတ်သော်ဘုရားလေါင်းသည်ဤသူကားသူတပါးကိုခန့်ငြားကြောက်ရွံ့ခြင်းတစိုးတစိမျှမရှိအလွန်ရဲရင့်၏။မျက်တေါင်လည်းစိုးစည်းမျှမခတ်။စင်စစ်ဤသူသည်လူမဟုက်သိကြားနတ်တည်း။ဤသူကားရထားရှင်တည်းဟုအတတ်အမှန်သိငြားသော်လည်းတရားသူကြီးတို့စစ်မေးရိုးထုံးရှိသည်အတိုင်းအငြင်းအခုံစကားကိုမေး၍အသီးအသီးထွက်ဆိုကြသည်စကားနှစ်ရပ်ကိုကြားပြီးသော်သင်တို့သည်။ငါ၏အဆုံးအဖြတ်၌တည်

NOTES.

အလားတူ to resemble. အချင်းချင်း one with another. ရွေဘော် chosen associates. ခန့်ငြား to fear. စိုးစည်း or စိုးစိ in the least, very little. မျက်တောင်ခတ် to wink. ရိုးထုံး custom.

ကြအံ့လောဟုမေး၏။ တည်ပါမည်ဟုနှစ်ဦးလုံးဝန်ခံကြ
လတ်လျှင် မဟောသဓာသုခမိန်သည် အချင်းတို့၊ သင်
တို့ရထားကိုငါ၏လူတယောက် စိုင်းနှင်စေအံ့။ သင်တို့
နှစ်ယောက်ရထားနောက်မြိတ်ကိုတဘက်စီကိုင်ဆွဲ၍
လိုက်ကြလော့။ ရထါးကိုမလွှတ်လျှင်ရထါးရှင်ဖြစ်စေ။
လွှတ်လျှင်ရထားခိုးဖြစ်စေဟုဆိုပြီးသော်ရထားကိုလု
လင်တယောက်ကိုနှင်စေလျက် ထိုသူနှစ်ယောက်ကို
လည်းရထားနောက်မြိတ်ကိုဆွဲ၍လိုက်စေ၏။ ထိုအခါ
ရထားရှင်သည်လူဖြစ်သောကြောင့်ပန်းမောသော
ကိုယ်ဖြင့်ဆုံးလိုလည်းဆုံးစေတော့ဟုအားလျော့ပါး
သဖြင့်ရထားမှလွှတ်လျက်ကြည့်မျှော်ကာရပ်နေရစ်၏။
သိကြားမူကားရထားနှင့်ထက်ကြပ်ကပ်လျက်လိုက်
လေ၏။ မဟောသဓာသုခမိန်သည်ရထားကိုပြန်လည်
စေပြီးသော်ပရိသတ်အပေါင်းတို့အားအချင်းတို့၊ ဤသူ
ကားရထားနောက်သို့အတန်ငယ်မျှလိုက်၍လွှတ်လိုက်
သဖြင့်နေရစ်၏။ ဤသူမူကားရထားနောက်ကထက်
ကြပ်ပင်လျှင်လိုက်၏။ ထိုသို့လျက်ဤရထားကိုလွှတ်
သေါသူလောက်မျှပန်းဟန်မထင်။ ကိုယ်တွင်လည်းချွေး
တပေါက်မျှမထွက်။ ထွက်သက်ဝင်သက်လည်းမလှိုက်

NOTES.

စိုင်းနှင် to drive fast. ထက်ကြပ် close. ပြန်လည် to turn back. ထွက်သက်ဝင်သက် breathing: lit. outgoing breath,

မဖို။မည်သည်ကိုမျှလည်းကြောက်လန့်ခြင်းမရှိ။မျက်စိကြောင်ကြောင်မျက်တောင်မျှလည်းမခတ်။ဤအထုပ္ပတ္တိကိုထောက်ဆားသော်သိကြားနတ်စင်စစ်ဖြစ်သည်လူမဟုတ်ဟုဆိုပြီးလျှင်သိကြားကိုသင်သိကြားမဟုတ်လောဟုမေး၏။သိကြားမင်းသည်သုခမိန်၊ငါသည်သုခမိန်ဆိုတိုင်းပင်သိကြားမင်းမှန်ပေသဉ်ဟုဆိုလတ်သော်သင်သိကြားနတ်မင်းဖြစ်လျက်အဘယ်ကြောင့်ဤသို့သောအမှုကိုပြုဘိသနည်းဟုမေး၏။သိကြားမင်းလည်းသုခမိန်၊သင်၏ပညာထင်ရှားစေလို၍ငါလာသည်ဟုဆိုလျှင်သိကြားနတ်မင်း၊သင်သည်နောက်ကိုဤသို့မပြုလာနှင့်ဟုဆုံးမပေး၏။သိကြားမင်းသည်မိမိတန်ခိုးကိုပြလျက်ကောင်းကင်၌နေ၍မဟောသဓသုခမိန်သဉ်တရားကိုကောင်းစွာဆုံးဖြတ်ပေသည်ဟုကောင်းကြီးပေးပြီးလျှင်နတ်ပြည်သို့သွားလေ၏။

NOTES.

ingoing breath. လှိုက်ဖို or ရှိုက်ဖို to breathe hard, be distressed in body. ကြောင်ကြောင် staring. အထုပ္ပတ္တိ P. circumstances. လာ euphon. aff., used sometimes in prohibitive sentences. ကောင်းကြီးပေး to praise, bless.

5. The Son superior to his Father.

[From *Mahosadhā.*]

ဝိဒေဟရာဇ်မင်းကြီးသည်သေနကအမတ်ကြီးစီရင်တိုင်းအမိန့်အမှာနှင့်လိမ္မာသောအမတ်တယောက်ကိုအရှေ့မဍ္ဍဂုံရွာသို့စေလွှတ်လိုက်၏။ မဟောသဓာသုခမိန်သည်အမတ်စကားကိုကြားလျှင်မင်းကြီးသည်ငါ့ကိုလည်းကောင်း၊ ခမည်းတော်ကိုလည်းကောင်း၊ မြင်တော်မူလိုချေသည်ဟုသိသဖြင့်ခမည်းတော်သဌေးကြီးထံသွားပြီးလျှင်ရိုသေစွာရှိခိုးလျက်ခမည်းတော်၊ အရှင်မင်းကြီးသည်ခမည်းတော်ကိုလည်းကောင်း၊ အကျွန်ုပ်ကိုလည်းကောင်း၊ မြင်တော်မူလိုသံနှင့်တမန်စေလွှတ်လိုက်သည်ဖြစ်သောကြောင့်ခမည်းတော်သည်အကျွန်ုပ်မသွားမှီအလျှင်တထောင်သောသဌေးအခြံအရံနှင့်အရှင်မင်းကြီးထံသွားတော်မူစေချင်ပါသည်။ ထိုသို့သွားသောအခါလက်ချည်းသက်သက်မသွားမူ၍ထောပတ်သစ်ဖြင့်ပြီးသောစန္ဒကူးကြုတ်ကိုဆောင်ယူ၍သွားတော်မူပါ။ မင်းကြီးထံရောက်လျှင်မင်းကြီးသည်ခမည်းတော်အားပဋိသန္ထာရစကားပြောဟောလျက်

NOTES.

ဝိဒေဟ a people of India; ရဇ် from P. ရဇ္ဇံ kingdom. သေနက P. man's name. ဍ္ဍေဂုံ P. a suburb. အလျှင် = အရင် first. လက်ချည်းသက်သက် entirely empty-handed. ထောပတ် butter. ကြုတ် a covered box. ပဋိသန္ထာရ P. welcome, greeting.

လျှောက်ပတ်သောနေရာ၌ချပေးတော်မူလတ္တံ့။ထိုမင်း ချပေးသောနေရာ၌ခမည်းတော်နေတော်မူနှင့်ပါ။အ ကျွန်ုပ်လာသောအခါမင်းကြီးသည်ပဋိသန္ထာရပြုပြီး လျှင်သုခမိန်၊သင်နှင့်ထိုက်သောနေရာကိုကြည့်၍နေ လော့ဟုဆိုလတ္တံ့။ထိုသို့မင်းကြီးဆိုသောအခါခမည်း တော်မျက်နှာကိုအကျွန်ုပ်ကြည့်ပါမည်။သည်းခံတော် မူပါ။ခမည်းတော်မျက်နှာကိုအကျွန်ုပ်ကြည့်လျှင်ခမည်း တော်သည်နေရာမှထပြီးသော်ချစ်သား၊ဤခမည်းတော် နေရာမှာနေလှည့်ဟုဆို၍ခမည်းဘော်နေရာလွှဲတော် မူပါ။ဤသို့ပြုဘိလျှင်တခုသောပြဿနာသည်အပြီးသို့ ရောက်ပါလတ္တံ့ဟုဆို၏။သိရိဝဍ္ဎနသဌေးကြီးသည်လည်း ကောင်းပြီဝန်ခံ၍မဟောသဓါသုခမိန်စီရင်တိုင်းပင် လျှင်သဌေးတထောင်ခြံရံလျက်ဝိဒေဟရာဇာမင်းကြီး ထံသွားပြီး၍နန်းတော်အရှေ့တံခါး၌ရပ်နေပြီးသော် အရှေ့မဏ္ဍဂုံဋ္ဌာကသဌေးကြီးလာကြောင်းကိုမင်းကြီး အားလျှောက်ထားစေပြီးလျှင်ဝင်စေအမိန့်တော်ပြန်မှ နန်းတော်သို့ဝင်သဖြင့်မင်း၏ရှေ့နောက်မတည့်၊မဝေး မနီး၊လေညာ၊လေအောက်၊ခြောက်ပါးသောအရပ်

NOTES.

သည်းခံတော်မူပါ please put up with it, forgive me. သိရိဝဍ္ဎန P. name or title of Mahosadhā's father. ရှေ့နောက်မတည့် neither straight in front nor right behind. လေညာ against the wind. လေအောက် with the wind.

အပြစ်ကင်းသဉ့်ဖြစ်၍တင့်အပ်သောနေရာ၌ရှိခိုးလျက်ရပ်နေ၏။

ဝိဒေဟရာဇ်မင်းကြီးသဉ်လဉ်းသဌေးကြီးအားပဋိသန္ထာရစကားပြောဟောပြီးသော်သဌေးကြီး၊သင်၏သားမဟောသဓသုခမိန်မပါလောဟုမေး၏။သိရိဝဍ္ဎနသဌေးလည်းအရှင်မင်းကြီး၊နောက်မှခြေတော်ရင်းသို့ရောက်ပါလိမ့်မဉ်ဟုလျှောက်လျှင်ဝိဒေဟရာဇ်မင်းကြီးသည်အလွန်နှစ်သက်သည်ဖြစ်၍သဌေးကြီး၊သင်အားလျောက်ပတ်သောနေရာကိုသိသဖြင့်နေလော့ဟုနေရာချပေး၏။သဌေးကြီးသည်လည်းအပြစ်ခြောက်ပါးကင်းသောမင်းပေးနေရာ၌နေ၍ခစား၏။မဟောသဓသုခမိန်သည်လည်းဘယက်တန်ဆာစသည်တို့ဖြင့်တန်ဆာဆင်ပြီးသော်ဖွားဘက်ရွှေဘော်တထောင်ခြံရံလျက်တန်ဆာဆင်အပ်သောမြင်းရထားစီး၍အရှေ့မဏ္ဍိဂုံရွာမှနန်းတော်သို့ဝင်အံ့ဟုလာလတ်သော်ကျုံးပေါ်၌သွားသောမြီးတကောင်ကိုမြင်လတ်လျှင်သန်သန်မြန်မြန်အားအန်စွမ်းပကားရှိသောလုလင်ပျိုတို့ကိုအချင်းတို့၊ထိုကျုံးရိုး၌သွားသောမြီးကိုလိုက်၍မိအောင်ဖမ်းပြီးမှမမြည်မဟစ်နိုင်အောင်ဇက်ခွံ့ပြီးလျှင်ဖျာ

NOTES.

ကျုံး a moat, ditch. မြီး or မြည်း an ass. သန်သန်မြန်မြန် vigorous. ကျုံးရိုး rampart. မြည်ဟစ် to bray. ဇက်ခွံ့ to bridle. ဖျာ a mat.

ဖြင့်လိပ်၍ပိုက်ချီယူဆောင်ခဲ့ကြဟုစေလိုက်၏။ထိုအခါ
လုသင်ပျိုတို့လည်းမဟောသဓာဆိုတိုင်းမြဲးကိုဖမ်း၍
ယူဆောင်ခဲ့ပြီးသော်မဟောသဓာသုခမိန်သည်တ
ထောင်သောသူငယ်ရွှေဘော်ခြံရံလျက်မြို့တွင်းသို့ဝင်
လေ၏။ခရီးမင်းလမ်းမင်းအိမ်စည်နှစ်ဖက်နေမိန်းမ၊
ယောကျ်ား၊အရွယ်မရောက်သူ၊အရွယ်ရောက်သူ၊
အရွယ်လွန်သူ၊လူအပေါင်းတို့သည်ဤသူငယ်ရွှေဘော်
အလယ်ရထါးထက်၌နှစ်သက်ကြည်ညိုဘွယ်သောသ
တို့သားသည်အရှေမဏ္ဍဂုံရွာသိရိဝဍ္ဎနသဌေး၏သား
ထင်ရှားသောသုခမိန်ဟူသောသတို့သားပင်တည်း။
ဤသတို့သားသည်ဖွားစကပင်လျှင်ဆေးတုံးကိုကိုင်
လျက်ဖွား၍စကားအမိနှင့်ပြောသည်ဟုကျော်စောခြင်း။
ရှေ့ဦးကတလီပန်းချီ၊ပန်းပု၊ပိဿကာဆရာတို့မတတ်
နိုင်သောဇရပ်ထူးဇရပ်ကောင်းကိုဆောက်၍အ
ကောက်တထောင်ရေဆိပ်ရှိသောရေကန်ကိုစီရင်သည်
တတန်။ပန်းမှန်သီးပွင့်မျိုးတို့နှင့်ပြည့်စုံသောဥယည်ကို
စိုက်ပျိုးသဖြင့်တန်ခိုးသဘင်းကျော်စောခြင်းဖြစ်သည်
တချက်။ဤသုခမိန်ကိုအကြိမ်ကြိမ်ယခုရှုကြည့်၍လည်း
ငါတို့အားမရနိုင်ဟုအချင်းချင်းမေးကြပြောကြရှုမျှော်

NOTES.

လိပ် to roll up. မင်းလမ်း the chief road to the palace. တလီ once. ပိဿကာ (pron. *peittakā*), a carpenter, architect. ထူး curious, extraordinary.

ကြလျက်နန်းတော်ရှေတံခါးဝတိုင်အောင်လိုက်၍ကြည့်ကြကုန်၏။ မဟောသဓာသုခမိန်သည်နန်းတော်အရှေတံခါးဝသို့ရောက်လျှင်ရောက်ကြောင်းကိုမင်းကြီးအားလျှောက်ထားစေ၍ဝိဒေဟရာဇ်မင်းကြီးသည်နှစ်သက်ရွှင်လန်းစွာမဟောသဓာသုခမိန်ကိုယခုပင်ဝင်စေဟုမင်းမိန့်ပြန်မှသူငယ်ဖွားဘက်ရွှေဘော်တထောင်ခြံရံလျက်ဝင်၍နန်းတော်သို့တက်ပြီးသော်မင်းကြီးအားရှိခိုးလျက်တင့်အပ်သောနေရာ၌ရပ်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်းမဟောသဓာသုခမိန်ကိုမြင်လျှင်နှစ်သက်ဝမ်းမြောက်ခြင်းဖြင့်ပဋိသန္ထာရစကားမေးမြန်းပြောဆိုပြီးသော်ချစ်သားသုခမိန်၊ သင်အားလျောက်ပတ်သောနေရာကိုသိသဖြင့်ကြည့်၍နေလော့ဟုဆို၏။ ထိုအခါမဟောသဓာသုခမိန်သည်လည်းခမည်းတော်သဌေးကြီး၏မျက်နှာကိုကြည့်၍သဌေးကြီးသည်လည်းအထက်မှာထားရင်းရှိသဉ်အတိုင်းမိမိနေရာမှထပြီးလျှင်ချစ်သား၊ ဤနေရာ၌နေလှည့်လော့ဟုဆို၏။ မဟောသဓာသုခမိန်သဉ်လဉ်းခမည်းတော်သဌေးကြီး၏နေရာ၌နေလေ၏။ ။ထိုသို့အဖနေရာ၌နေသည်ကိုမြင်လျှင်လေးယောက်သောအမတ်သုခမိန်တို့သည်ကိုယ်ဣန္ဒြေ

NOTES.

ဣန္ဒြေ from P. ဣန္ဒြိ faculty, moral quality, perception ;

ကိုဖျက်၍လက်ခုပ်တီးကာပြင်းစွာရယ်ကြလျက်အန္ဓဗါလကိုပဏ္ဍိတထင်၍အရှင်မင်းကြီး၊ခေါ်တော်မူမှားချေပြီဟုဆိုကြကုန်၏။အမတ်ကြီးလေးယောက်တို့လည်းကျီစယ်ရယ်ဟန်ဂုဏ်ညှို့အောင်ကြံ၍ဝန်တိုသံပြက်ရယ်ပြုသည်ကိုအတုလိုက်၍အထိုက်အလိုက်ကိုမသိကုန်သောနန်းတွင်းသား၊မှူးမတ်အပေါင်းတို့သည်ပြစ်တင်ကဲ့ရဲ့၊ကျိုးမဲ့နှိပ်နယ်၊ပြက်ရယ်ပြုကြကုန်၏။ဝိဒေဟရာဇ်မင်းကြီးသည်လည်းတိမ်မြူစင်သောလပြည့်ဝန်းကဲ့သို့ရွှန်းရွှန်းရွှင်ရွှင်ကြည်လင်သောမျက်နှာရှိတုန်းပါကိုရာဟုဖမ်းသောလကဲ့သို့ခဏချင်းညှိုးနွမ်း၍စိတ်ဝမ်းမရွှင်မပြုံးနှလုံးတော်မသာဖြစ်လေ၏။မဟောသဓသုခမိန်သည်မင်းကြီးမျက်နှာမသာသည်ကိုမြင်လျှင်အရှင်မင်းကြီးမျက်နှာတော်မသာဟန်တကား။အဘယ်ကြောင့်နည်းဟုမေး၏။ဝိဒေဟရာဇ်မင်းသည်လည်းသုခမိန်ငါနှလုံးမသာရှိသည်မှန်၏။အဘယ်ကြောင့်နည်းဟူမူကား။သင်သည်ဖွားစကပင်လျှင်ဂုဏ်အင်

NOTES.

ဣန္ဒြေဖျက် to lose one's sense of propriety. အန္ဓဗါလ P. stupidity. ပဏ္ဍိတ P. wisdom. ဂုဏ်ညှို့အောင်ကြံ၍ thinking to deteriorate his merits. ဝန်တိုသံပျက်ရယ် disagreeable derision. အထိုက်အလိုက် what is proper. ကျိုးမဲ့နှိပ်နယ် crushingly disrespectful. တိမ်မြူ haze. စင် free from. ရွှန်းရွှင် bright. အတုန်း time whilst. ရာဟုဖမ်း seized by Rāhu, i.e. eclipsed.

အထူးခုနှစ်ဦးသောတရား၊ ဆယ်ပါးသောပြဿနာတို့ကိုဖြေဆိုစီရင်နိုင်သည်ဟုကြားရခြင်းသည်ကောင်းခြင်းမင်္ဂလာဖြစ်၍နှစ်လိုဘွယ်ဖြစ်၏။ ယခုသင့်ကိုမြင်ရခြင်းမှုကားအကြားနှင့်မညီမလျော်။ အကျော်အစောနှင့်မလိုက်ဖက်။ နှစ်သက်ဘွယ်မရှိဟုဆို၏။ မဟောသဓသုခမိန်သည်အရှင်မင်းကြီး၊ အဘယ်ကြောင့်နှစ်လိုတော်မမူသနည်းဟုမေး၏။ ဝိဒေဟရာဇ်မင်းကြီးလည်းသုခမိန်၊ အထူးငါပြောဘွယ်မရှိပြီ။ အမျိုးမြတ်သူ၊ မင်း၊ ပုဏ္ဏား၊ သဌေးသူကြွယ်တို့ဓလေ့မိဘကိုထား၍သားချင်းဆွေမျိုးတွင်အသက်အရွယ်ကြီးသောသူကိုမှူနေရာမှထစေခြင်းငှာမထိုက်။ သင်မူကားယခုဆပ်၍မပြေနိုင်သောကျေးဇူးရှင်အဖသဌေးကိုလျက်နေရာမှထစေသဖြင့်အဖနေရာမှာသင်နေသဉ်အခွင့်သင့်တင့်တော်လျော်ပါသလောဟုမေး၏။ မဟောသဓသုခမိန်သည်မင်းကြီးစကားကိုကြားလျှင်အရှင်မင်းကြီး၊ အရာတိုင်းမှာပင်သားထက်အဖမြတ်သည်ထင်မှတ်တော်မူသ

NOTES.

အကြားနှင့်မညီမလျော် not in accordance with the report. လိုက်ဖက် to coincide. လိုတော်မမူ see J. § 125, 6. ဓလေ့ custom. ထား this verb is constantly used in the sense of ‘to say nothing of.’ လျက် even; J. does not give this force. အရာတိုင်းမှာပင် even in all matters.

လောဟုမေး၏။မင်းကြီးလည်းသုခမိန်၊အရာတိုင်းမှာပင်သားထက်အဖြစ်သည်ဟုဆိုလတ်သော်မဟောသဓာသုခမိန်သည်အရှင်မင်းကြီး၊အကျွန်ုပ်တို့ကိုမြင်းကောင်းတစီးနှင့်သဌေးကောင်းတယောက်ပို့ဆက်ရမည်စေတော်မူသည်မဟုတ်လောဟုဆိုပြီးလျှင်နေရာမှထ၍မြင်းကိုဆောင်ခဲ့ကုန်သောလုလင်ပျိုတို့ကိုကြည့်လျက်အချင်းတို့၊မြင်းကိုသွင်းယူခဲ့ဟုဆို၍မြင်းကိုသွင်းစေသဖြင့်မင်းကြီးခြေရင်း၌အိပ်စေလျက်တားပြီးမှအရှင်မင်းကြီး၊ဤမြင်းသည်အဘိုးမည်မျှထိုက်သနည်းဟုမေး၏။ဝိဒေဟရာဇ်မင်းကြီးသည်သုခမိန်၊မြင်းကောင်းဖြစ်လျှင်အလွန်အားဖြင့်ရှစ်ကျပ်အဘိုးထိုက်သည်ဟုဆို၏။မဟောသဓာသုခမိန်သည်အရှင်မင်းကြီး၊ဤရှစ်ကျပ်တန်မြင်းထီးနှင့်ဆက်ဆန်၍အဿဇါနည်မြင်းမဝမ်း၌ဖြစ်သောအဿတိုရမြင်းကောင်းသည်ကားအဘယ်မျှအဘိုးထိုက်သနည်းဟုမေး၏။သုခမိန်သတို့သား၊အဿတိုရမြင်းကောင်းအဘိုးကားသာ၍ထိုက်သည်ဟုမင်းကြီးဆိုလျှင်မဟောသဓာသုခမိန်သည်အရှင်

NOTES.

အလွန်အားဖြင့် at most. ရှစ်ကျပ် eight kyat; the *kyat*, commonly called *tical*, weighs a little more than the silver rupee. အဿဇာနည် (from P. အဿာ a mare, အဇာနိယျာ thoroughbred) a blood mare. အဿတိုရ from P. အဿတရော a mule.

မင်းကြီး၊ အဘယ်ကြောင့်ဤသို့အမိန့်ရှိသနည်း။ ယခုတွင်ပင်လျှင်အရာတိုင်း၌သားထက်အဖမြတ်သည်ဟုအမိန့်ရှိတော်မူသည်မဟုတ်လော။ အရှင်မင်းကြီး၊ အမိန့်ရှိတိုင်းမှာပင်သါးထက်အဖမြတ်သည် မှန်လျှင်သားဖြစ်သောအသာတို့ရမြင်းကောင်းထက်လည်းအဖဖြစ်သောမြ်းထီးမြတ်သင့်ကောင်းပါသည်။ အရှင်မင်းကြီး၊ ဤသို့အရာတိုင်းသို့လိုက်၍ဆိုက်ရာသောအမြတ်အယုတ်ကိုယူရပါမည်စင်စစ်မှန်လျှင်အရှင့်သုခမိန်ကျော်အမတ်ကြီးလေးယောက်တို့သည်ဤမျှလောက်ကိုမျှမသိနိုင်ကြဘဲလျက်လက်ခုပ်တီး၍ရယ်ကြသည်မှာထိုပညာရှိလေးယောက်တို့၏အမျှော်အမြင်ပညာသည်အံ့သြစရာများပေတောင်း။ ဤသူကောင်းလေးယောက်တို့ကိုအဘယ်မှာအရှင်မင်းကြီးရပါချေသနည်းဟုပြက်ရယ်မှုပြု၍ဆို၏။

6. The Chameleon.

[From *Mahosadhā.*]

ထိုနေ့ခင်းတနေ့သ၌ဝိဒေဟရာဇ်မင်းကြီးသည်များစွာသောမှူးမတ်အခြွေအရံနှင့်တကွမဟောသဓာသု

NOTES.

တောင်း closing aff. (J. § 119), probably the verb တောင်း I demand of you. အံ့သြ = အံ့ဩ.

ခမိန်ကိုခေါ်၍ဥယဉ်သို့ထွက်သွားလေသော်ပုတ်သင်တခုသည်ဥယျည်တံခါးရွက်အထက်များ၌နေ၏။ ထိုပုတ်သင်သဉ်မင်းကြီးလာသည်ကိုမြင်လျှင်တံခါးရွက်အများမှဆင်းသက်၍မြေ၌ဝပ်လျက်မင်းကြီးသို့ရှေ့ရှုနေ၏။ ဝိဒေဟရာဇ်မင်းကြီးသည်တံခါးရွက်မှဆင်းသက်၍မိမိသို့ရှေ့ရှုဝပ်လျက်နေသောပုတ်သင်ကိုမြင်လျှင်မဟောသဓသုခမိန်ကိုခေါ်၍ချစ်သားသုခမိန်၊ ဤပုတ်သင်သည်အသို့ပြုသနည်းဟုမေးရာမဟောသဓသုခမိန်သည်လည်းအရှင်မင်းကြီး၊ ဤပုတ်သင်သည်အရှင်မင်းကြီးကိုမြင်လျှင်ဘုန်းတော်ကြောင့်မနေဝံ့၍အရှင်ဟူသောအမှတ်ဖြင့်ရှိသေစွာအရှင်မင်းကြီးအားခစားပါသည်ဟုဆို၏။ ဝိဒေဟရာဇ်မင်းကြီးသည်သုခမိန်စကားကိုကြားလျှင်ဤပုတ်သင်သည်အကယ်၍ငါ့အားခစားသည်မှန်မူခစားခြင်းအကျိုးမဲ့မဖြစ်စေလင့်။ ထိုပုတ်သင်အားထိုက်လျောက်ရာစည်းစိမ်ဥစ္စာကိုပေးလော့ဟုဆို၏။ မဟောသဓသုခမိန်သည်အရှင်မင်းကြီး၊ ဤပုတ်သင်ငယ်အားတပါးသောစည်းစိမ်ဥစ္စာကိုပေးသော်လည်းအကျိုးရှိမည်မဟုတ်။ ခဲဘွယ်စားဘွယ်သဉ်သာလျှင်မိမိတို့၏စည်းစိမ်ဖြစ်ပါသဉ်ဟုလျှောက်၏။

NOTES.

ပုတ်သင် (P. တကဏ္ဋတကော) a blood-sucker or chameleon. ရှေ့ရှု right in front of. ခစား to do reverence.

ဝိဒေဟရာဇ်မင်းကြီးသည်လည်းထိုသို့တပြီးကားပုတ်သင်တို့သဉ်အဘယ်အစာကိုစားသနည်းဟုမေးသော်မတောသဓာသုခမိန်သည်အရှင်မင်းကြီး၊အမဲးကိုပုတ်သင်တို့စားကုန်သည်ဟုလျှောက်၏။ထိုသို့အမဲးကိုစားသော်အဘယ်မျှလောက်အမဲးကိုပေးလျှင်တနပ်စာလောက်မဉ်နဉ်းဟုမင်းကြီးမေးသော်မဟောသဓာသုခမိန်သည်အရှင်မင်းကြီး၊တချင်ရွေးဘိုးမျှသောအမဲးသော်လည်းတနပ်စာလောက်ကောင်းပါ၏ဟုလျှောက်လျှင်ဝိဒေဟရာဇ်မင်းကြီးသည်မင်းခယောက်ျားတယောက်ကိုခေါ်၍တနေ့လျှင်လေးရွေးဘိုးအမဲးဝယ်၍ဤပုတ်သင်အားသင်မပြတ်ကျွေးမွေးဟုဆိုပြီးလျှင်ဥယျာဉ်၌မွေ့လျှော်သမျှကစား၍နန်းတော်သို့ဝင်လေ၏။ထိုမင်းချင်းသည်မင်းကြီးဆိုတိုင်းထိုနေ့မှစ၍မပြတ်လျှင်လေးရွေးဘိုးအမဲးဝယ်၍ဤပုတ်သင်အားအစာကျွေး၏။တနေ့သ၌ဥပုသ်နေ့ကြိမ်သဖြင့်မုတ်ဆိုးတငါတို့သါးငါးမလုပ်၍ဈေး၌အမဲးမပေါ်မရောင်းခြင်းကြောင့်အမဲးမရသဖြင့်လေးရွေးခန့်သောအသပြာကိုဖေါက်၍ကြိုးသီပြီး

NOTES.

အမဲး meat. တနပ်စာ one meal. ချင်ရွေး or ရွေး, this is the seed of a plant, *Abrus precatorius*, used as a weight by goldsmiths. မင်းခယောက်ျား or မင်းချင်း an attendant. ဥပုသ် from P. ဥပေါသထော a fast-day. ကြိုးသီး to string.

လျှင်ပုတ်သင်လည်၌ဆွဲး၏။ ထိုအခါပုတ်သင်ငယ်သည် အသပြာကိုရသဖြင့်ထိုလေးရွေးမျှလောက်သော အသပြာကိုမှီ၍ငါဥစ္စာစည်းစိမ်ရှင်တကားဟုမာန်ထောင်လွှား၍ဖြစ်၏။ ထိုနေ့ပင်လျှင်ဝိဒေဟရာဇ်မင်းကြီးသည် များစွာသောမှူးမတ်အခြံအရံနှင့်တကွမဟောသဓာကိုခေါ်၍ဥယျည်သို့ထွက်၏။ ထိုပုတ်သင်သည်မင်းကြီးလာသည်ကိုမြင်လျှင်ဥစ္စာကိုမှီ၍ဖြစ်သောမာန်ဖြင့် ငါနှင့်ဝိဒေဟရာဇ်မင်းကြီးသည်အဘယ်သူဥစ္စာသာ၍ များမည်နည်း။ ငါလည်းဥစ္စာရှင်။ မင်းကြီးလည်းဥစ္စာရှင်။ မင်းကြီးအားခစား၍အဘယ်အကျိုးရှိတော့အံ့နည်း ဟုမိမိလည်၌ပဲးဝက်မျှလောက်သောဥစ္စာနှင့်အခြင့်အတွက်မရှိများစွာသောဝိဒေဟရာဇ်မင်းကြီးဥစ္စာကို ထပ်တူပြုလျက်တံခါးရွက်မှမဆင်းသက်ဘဲတံခါးရွက်ဖျား၌ဥက္ခောင်းကိုညိတ်ကာမင်းကြီးသို့ရှေ့ရှုနေ၏။ ဝိဒေဟရာဇ်မင်းကြီးသဉ်ထိုပုတ်သင်၏အမူအရာကိုရပ်တန့်၍ရှုကြည့်လျက်မဟောသဓာသုခမိန်၊ ဤပုတ်သင် ငယ်သည်ရှေး၌ငါထွက်တော်မူလျှင်တံခါးရွက်မှဆင်း သက်၍မြေ၌ဝပ်နေသည်။ ယခုမူကားရှေးနှင့်မတူ။ ငါ

NOTES.

မါန်ထောင်လွှား to be puffed up with pride. ပဲးဝက် half a pea, i.e. half an anna, a coin. အခြင့်အတွက်မရှိ countless. ထပ်တူ equal to.

လာတော်မူသည်ကိုမြင်လျက်တံခါးရွက်ဖျားမှမသက်မဆင်း။ ဦးညိတ်လည်ညိတ်စိတ်မာန်ထောင်လွှားဟန်နှင့်နေသည်မှာအဘယ်အကြောင်းကြောင့်နေသနည်း။ သင်ဆင်ခြင်၍သိသါအောင်လျှောက်လော့ဟုမေး၏။ ထိုစကားကိုကြားလျှင်မဟောသဓာသုခမိန်သည်ရှုကြည့်ဆင်ခြင်လတ်သော်ဤနေ့သည်ဥပုသ်နေ့ဖြစ်၍ငါးအမဲးဈေးမှာမပေါ်မရသဖြင့်ပုတ်သင်စာကျွေးမင်းချင်းသဉ့်ပုတ်သင်လဉ့်၌အသပြာပဲးဝက်ကိုဖေါက်ဆွဲးသည်ဖြစ်မည်။ ထိုအသပြာကိုမှီ၍ဤပုတ်သင်မာန်ရှိသည်ဖြစ်ရာသည်ဟုသိပြီးလျှင်အရှင်မင်းကြီး၊ ဤပုတ်သင်ငယ်သဉ့်ရှေး၌မရစဖူးသောပဲးဝက်မျှသောဥစ္စာကိုရသောကြောင့်ထိုဥစ္စာဖြင့်အတင်းခံ၍နိုင်ငံတိုင်းကြီးသခင်အရှင်မင်းကြီးကိုမထီမလေးမေးတညိတ်ညိတ်ပြုဘိသည်ဟုလျှောက်သတည်း။ မဟောသဓာသုခမိန်စကားကိုကြားလျှင်ဝိဒေဟရာဇ်မင်းကြီးသဉ့်ပုတ်သင်စာကျွေးသောမင်းချင်းကိုခေါ်စေ၍ထိုအကြောင်းကိုမေးလျှင်ထိုမင်းချင်းလဉ်းဟုတ်မှန်တိုင်းထိုအကြောင်းကိုမင်းကြီးအားလျှောက်၏။ ပုတ်သင်စာကျွေးသောမင်း

NOTES.

ကာ = လျက် (J. § 109). မရစဖူး never obtained (J. § 115). အတင်းခံ to be stubborn, impudent. မေး the lower jaws, chin. တညိတ်ညိတ် noddingly.

ချင်းစကားကိုကြားလျှင်ဝိဒေဟာရာဇ်မင်းကြီးသည်ဤမဟောသဓာသဉ်သဗ္ဗညုတညာဏ်ကိုရသဉ်နှင့်အတူထိုပုတ်သင်သဉ်မိမိအားပြော၍ပြုသကဲ့သို့တစုံတခုသောအခြင်းအရာကိုမျှမမြင်မကြားရဘဲမိမိပညာအစွမ်းဖြင့်ဟုတ်မှန်တိုင်းသိသာအောင်ဖြေလျှောက်ပေသဉ်။ ထိုသို့သောပညာရှိသုခမိန်အားမြို့တံခါးလေးမျက်နှာတို့၌ဖြစ်သောအခွန်အတုတ်ကိုငါးဆုပေးတော်မူ၍ဤသို့သောတိရစ္ဆာန်မိုက်အားအစာမပေးနှင့်ဟုဆို၏။ မဟောသဓာသုခမိန်သည်အရှင်မင်းကြီး၊ ဥစ္စာစည်းစိမ်ဟူသည်ကားနည်းသည်များသည်မရှိ။ ဤသို့သေါတိရစ္ဆာန်များကိုထါး၍ပညါရှိသေါလူတို့သော်လည်းဥစ္စာကိုမှီ၍မာန်ထောင်ထားပလွှါးတတ်ကုန်၏။ ထိုသို့သေါအရာကိုနှစ်လုံးတော်မြတ်မကပ်မူ၍အထက်ကခစားဘူးသည်ကိုသာအောင်းမေ့တော်မူသာဖြင့်ပေးမြဲသောဝတ်ကိုဖြတ်တော်မမူပါလင့်ဟုလျှောက်၍ပေးမြဲတိုင်းပေးစေ၏။

NOTES.

သဗ္ဗညုတညာဏ် P. omniscience. အခွန်အတုပ် revenue. ထား၍ let alone. နှစ်လုံးကပ် to take to heart. ဝတ် from P. ဝတ္တံ practice.

7. The Discourse between Prince Mahājanaka and the Fairy Maṇimekalā.

[From *Mahājanaka Jātaka.*]

ဘုရားလောင်းသင်္ဘောလွှင့်သည့်နေ့ပင်လျှင်မိထိလာပြည်၌ဘထွေးတော်ပေါလဇနကမင်းနာလေ၏။ သင်္ဘောလွှင့်လေသော်ခုနှစ်ရက်ဖြင့်ပင်လျှင်ယူဇနာခုနှစ်ရာတိုင်တိုင်ရောက်သဖြင့်လေအဟုန်ပြင်းခြင်းကြောင့်မခိုင်မခံ့နိုင်သည်ဖြစ်၍သင်္ဘောပျဉ်စပ်တို့သည်ကွဲပေါက်ခြင်းသို့ရောက်လေကုန်၏။ ထိုသို့ကွဲပျက်ရာမှရေဝင်လပ်သဖြင့်မစောင်းမတိမ်း၊ သမုဒ္ဒရာအလယ်၌နစ်လေ၏။ ထိုအခါခုနှစ်ရာသောသင်္ဘောသားတို့သည်သေအံ့သောဘေးမှကြောက်လန့်ကုန်သဖြင့်ငိုကျွေးမြည်တမ်းလျက်မိမိတို့အလိုရှိရာ၊ အသီးအသီး၊ နတ်တို့ကိုကိုးကွယ်ရှိခိုးကြကုန်၏။ ဘုရားလောင်းမင်းသားမှူကားရောက်လာသောဘေးကိုငိုကျွေး၍လွတ်နိုင်မည်မဟုတ်။ အားထုတ်အပ်သောယောကျ်ားတို့၏အစွမ်းသာလျှင်ဘေးလွတ်ကြောင်းဖြစ်သည်ဟုနှစ်လုံးစွဲးယူ

NOTES.

လွှင့် to sail. ဘထွေး father's younger brother. ယူဇနာ P. twelve miles. တိုင်တိုင် throughout, i.e. quite (J. § 76). ပျဉ်စဝ် the planks. စောင်းတိမ်း to heel or roll over. အသီးအသီး several. နှစ်လုံးစွဲးယူ to bear in mind.

တော်မူသဖြင့်ငိုကျွေးခြင်းကိုမပြု။ဥပဒ်လွတ်ကြောင်းမဟုတ်၍သမုဒ္ဒရာနတ်ကိုလည်းမရှိမခိုးဘဲ၊ပျညံ်ကွဲ၍သဘော်ခနစ်မှန်းသိလျှင်ထောပတ်သစ်ကိုသကြားနှင့်နယ်၍ဝစွာစားပြီးသော်ခိုင်းခံ့ညံ့မွှတ်သောပုဆိုးနှစ်ထည်ကိုရေမဝင်စေခြင်းငှါဆီဆွတ်ကာမြဲးစွာဝတ်၍လင်းယညံ့်တိုင်ထက်သို့တက်လေ၏။

သဘော်သားခုနှစ်ရာတို့သည်လည်းယောကျ်ားတို့၏လုံ့လကိုတစုံတခုမျှမပြုကြဘဲ၊ပိုးရိမ်ကြောက်လန့်ခြင်းဖြင့်ပြင်းစွာငိုကျွေးလျက်ငါး၊လိပ်၊မကန်းတို့၏အစာဖြစ်လေကုန်၍သဘော်ထက်ဝန်းကျင်တဥသဘခန့်သော မဟာသမုဒ္ဒရာရေသည်သွေးအတိလွှမ်းရှက်သဖြင့်ချင်းချင်းနီမြန်းရှိလေ၏။ဘုရားလောင်းသည်လင်းယညံ့်တိုင်ထွဋ်ဖျား၌ရပ်လျက်ဤမည်သောအရပ်၌မိထိလာပြည်ရှိရာသည်ဟုမှတ်၍လင်းယညံ့်တိုင်ဖျားမှခုန်လေသော်ခွန်အားကြီးတော်မူခြင်းကြောင့်ငါး၊လိပ်၊မကန်းတို့စားရာကိုလွန်၍တဥသဘခန့်လောက်သော

NOTES.

ဥပဒ် for P. ဥပဒ္ဒဝေါ accident, calamity. ထောပတ် butter. သကြား sugar; this word is from a foreign source. နယ် to knead. ဝစွာစား to eat one's fill. ညံ့မွှတ် fine in texture. လင်းယညံ့် a sail. လိပ် a turtle. မကန်း a shark. ထက်ဝန်းကျင် circumference (J. § 75). ချင်းချင်း an intensive adverb used with words expressing redness. ဥသဘ for P. ဥသဘံ = fifty

အရပ်သို့ကျလေ၏။ ။ထိုသဘော်ာနှစ်သောနေ့ပင်လျှင်မိထိလာပြည်၌ဘထွေးတော်ပေါလဇနကမင်းသည်ဘဝပြောင်းလေ၏။ဘုရားလောင်းလည်းထိုကျရာသောရေအပြင်မှစ၍မြခုံလောက်ကြား၌ထားသောရွှေတုံးကဲ့သို့လှိုင်းလုံးလှိုင်းကြား၌နုထွားလှသောကိုယ်တော်ဖြင့်ပေါ်တုံပျောက်တုံ၊တပြောင်းပြန်ပြန်၊အားအန်ဖြည့်တင်လျက်တနေ့ချင်းကူးခတ်၍လိုရာကိုရောက်တော့မည်ကဲ့သို့၊မတွန့်တိုဘဲ၊ရဲရင့်တင်းမာခြင်းဂုဏ်၊ခုံခုံမင်မင်လျင်စွာရောက်ကြောင်း၊ကောင်းမြတ်သောလုံ့လဝန်ဖြင့်ခုနှစ်ရက်ပတ်လုံးကူးတော်မူ၏။ ။ထိုကူးတော်မူရသောခုနှစ်ရက်တွင်း၌နေ့တိုင်းမပြတ်လျှင်အခါကိုမျှော်ချင့်၍နေ့လွဲညစားဖြစ်ကောင်းသောစားဘွယ်သောံဘွယ်တစုံတခုအနှီးအစပ်မျောကပ်လာသော်လည်းမသုံးဆောင်ဘဲဆားငန်ရေဖြင့်ခံတွင်းကိုဆေးလျက်ဥပုသ်

NOTES.

yards (about). အထွဋ် a summit. ဘဝပြောင်း to change from one existence to another, i.e. to die. ခုံလောက် (pronounced *k'anauk*) a stone for supporting a cooking-pot, and also used for the points in which precious stones are set in rings. ပေါ်တုံပျောက်တုံ appearing and disappearing in turns (J. § 117). တပြောင်းပြန်ပြန် tossed over and over. ချင်း a single one (J. § 103). တွန့်တို to flinch. ခုံမင် to be eager. ဝန် for P. ဝဏ္ဍ a collection: applies to ဂုဏ် as well as လုံ့လ; i.e. by the accumulated power of his bravery and industry, etc. မျှော်ချင့် to estimate. ဥပုသ် for P. ဥပေါသထ a fast.

ဆောက်တည်တော်မူ၏။ထိုကာလ၌မိဘကိုအရိုအသေလုပ်ကျွေးခြင်း၊သူတပါးတို့အားချစ်ခင်သနားခြင်း၊အလှူပေးခြင်း၊သီလဆောက်တည်ခြင်းစသည့်ဂုဏ်နှင့်ပြည့်စုံသောယောကျ်ားမြတ်တို့ကိုမဟာသမုဒ္ဒရာ၌နစ်မွန်း၍မသေစေလင့်ဟုစတုလောကပါလါနတ်မင်းကြီးလေးယောက်တို့ကမဏိမေခလာမည်သောနတ်သမီးအားသို့နစ်မွန်းသောသူတို့ကိုဆယ်တင်စိမ့်သောငှါသမုဒ္ဒရာ၌အစောင့်ထားသတည်း။ဘုရားလောင်းနစ်တော်မူသောခုနှစ်ရက်တွင်ကားမဏိမေခလာနတ်သမီးသည်မိမိဘုံဗိမါန်၌နတ်၏စည်းစိမ်ကိုစံစားခြင်းဖြင့်မေ့လျော့၍သမုဒ္ဒရာမှာမည်သို့ဖြစ်လေအံ့နည်းဟုသမုဒ္ဒရာကိုမကြည့်မဆင်ခြင်မိဖြစ်၏။ ။

ခုနှစ်ရက်မြောက်သောနေ့မှသတိရ၍မဏိမေခလာနတ်သမီးသည်ငါသမုဒ္ဒရာကိုမကြည့်မိသည်ယနေ့ခုနှစ်ရက်ရှိပြီ။အကြောင်းအသို့နည်းဟုသမုဒ္ဒရာကိုရှုကြည့်ဆင်ခြင်လေသော်ရွှေတုံးကဲ့သို့တပြောင်းပြန်ပြန်ကူးသောဘုရားလောင်းကိုမြင်လျှင်မိထိလာပြည့်ရှင်သားဖြစ်သောဤမဟာဇနကသတို့သားသည်အကယ်

NOTES.

စတုလောကပါလါ P. the four guardians of the world. မဏိမေခလာ Maṇimek̔alā, P. the jewel-girt one. ဗိမါန် P. ဗိမါနံ a celestial mansion.

၍မဟာသမုဒ္ဒရာ၌နစ်မွန်း၍ဆုံးချေအံ့ငါသည်နတ်အစည်းအဝေးသဘင်သို့ဝင်ရတော့မည်မဟုတ်။

ဤသို့ကြံလျက်တင့်တယ်စွာသောမြခါးရန်းကြိုးပြိုးပြိုးပြက်တောက်ပသောအဝတ်တန်ဆာတို့ဖြင့်တန်ဆာဆင်အပ်သောနူးညံ့ယည်သွေးစွာကိုယ်ဖြင့်ဘုရားလောင်းရှိရာမဟာသမုဒ္ဒရာအပြင်သို့သွား၍မနီးမဝေးသောကောင်းကင်ကကိုယ်ထင်ပြကာရပ်လျက်ကောင်းမြတ်သောလုံ့လဖြင့်တည်းကူးသလော။ရှူးမှူးသောစိတ်ဖြင့်တည်းကူးသလောစုံစမ်းအံ့ဟုကြံပြီးသော်ရှေ့ဦးစွာဘုရားလောင်းအားစုံစမ်းလေ၏။ ။အပြောကျယ်စွာသော ဤသမုဒ္ဒရာအလယ်၌ခြင့်ရွယ်မျှော်လှမ်း၍ကမ်းကိုမမြင်ဘဲလျက်ရဲရဲရူးရူးကူးဘိသည်ကားအသူနည်း။တဖက်ကမ်းသို့မရောက်နိုင်ရာသောဤမဟာသမုဒ္ဒရာ၌အပင်အပန်းကူးသဖြင့်အဘယ်အကျိုးထူးကိုရ၍ကိုယ်ဆန္ဒပြည့်မည်ထင်မြင်ဘွယ်ရှိသောကြောင့်မရပ်မနားကြိုးစားအားထုတ်ခြင်းကိုပြုဘိသလော။သင့်ကူးခြင်း၌အဘယ်အကျိုးရှိပါအံ့နည်း

NOTES.

ဆုံးချေအံ့ should he die; အံ့ = လျှင် (J. § 108). ခါးရန်းကြိုး girdle. ပြိုးပြိုး glittering. ပြက် to sparkle. အပြော surface. တည်း (J. § 126, 8). ခြင့်ရွယ် to calculate, aim at. ရူးရူး straightforward. ဆန္ဒ P. wish.

ဟုဆို၏။ ။နတ်သမီးစကားကိုကြားလျှင်ဘုရားလောင်းသည်ဤသို့ကြံ၏။ဤသမုဒ္ဒရာ၌ငါကူးရသည်ကားယနေ့ခုနှစ်ရက်ရှိပြီ။တစုံတယောက်သောသူကိုမျှမမြင်ရစဖူး။ယနေ့မှသာဤသို့သောစကားကိုကြားရ၏။အဘယ်အသံနည်းဟုကောင်းကင်သို့မျှော်ကြည့်လတ်သော်နတ်သမီးကိုမြင်၍စကားတုံ့ပြန်အံ့သော၌ဤသို့ဆိုတော်မူ၏။နတ်သမီး၊ပြုရကျင့်ရသည့်ဝတ်ကိုစူးစမ်းဆင်ခြင်၍လုံ့လ၏အကျိုးစက်ကိုလည်းစူးစမ်းဆင်ခြင်၍ငါသည်နေလေ့ရှိ၏။ထိုကြောင့်သမုဒ္ဒရာအလယ်၌ကမ်းကိုမမြင်ဘဲငါလုံ့လထုတ်၏။ ။

နတ်သမီး၊လောက၌ဤသို့ပြုလျှင်ဤအပြစ်ဖြစ်၏။ဤသို့ပြုလျှင်ဤအပြစ်မှလွတ်၏။ဤအမှုကိုပြုလျှင်ပစ္စုပ္ပန်တွင်သာအကျိုးရှိ၏။ဤအမှုကိုပြုလျှင်သံသရာမှာလည်းအကျိုးရှိ၏။လူတို့၏ကျင့်ရဆောင်ရသောဝတ်တို့မှာလည်းပစ္စုပ္ပန်သံသရာမျက်မှောက်၊မျက်ကွယ်အပြစ်လွတ်ကြောင်း၊ကောင်းစွာအားထုတ်အပ်သောယောကျ်ားတို့၏လုံ့လသည်အကျိုးမဲ့ဖြစ်ဘူးသည်မရှိ။

NOTES.

စဖူး ever (J. § 115). စကားတုံ့ lit. word in turn, i.e. reply. ဝတ် result. အကျိုးစက် resultant benefits. ပစ္စုပ္ပန် P. ပစ္စုပ္ပန္နော the present. မျက်မှောက် lit. the space before one's eye, i.e. the present. သံသရာ P. future. မျက်ကွယ် what is hidden from the eye, i.e. the future.

ပစ္စုပ္ပန်သံသရာတွင်တခုခု၌သုခကိုမလွတ်စေနိုင်ရာပြီဟူ၍ရှုးစမ်းဆင်ခြင်နေလေ့ရှိသည်နှင့်အညီ၊ ယခုအပြောကျယ်စွာသောမဟာသမုဒ္ဒရာ၌လည်းယောက်ျားတို့၏လုံ့လကိုမလျှော့သဖြင့်တခုခုသောအကျိုးစီးပွါးနှင့်လွတ်ကင်းတော့မည်မဟုတ်ဟုအားထုတ်ခြင်း၌အကျိုးကိုမြင်သည်စင်စစ်ဖြစ်လျက်၍သမုဒ္ဒရာ၏ကမ်းကိုမမြင်ကာမျှနှင့်အဘယ်ကြောင့်ယောက်ျားတို့၏လုံ့လကိုလျှော့ထိုက်အံ့နည်း။ကမ်းကိုမြင်သည်ဖြစ်စေ၊မမြင်သည်ဖြစ်စေ၊အကျိုးကိုမြင်သဖြင့်ငါလုံ့လပြုတော့သည်ဟုဆို၏။ ။ဘုရားလောင်းစကားကိုကြားလျှင်နတ်သမီးသည်အလွန်နှစ်သက်ခြင်းဖြင့်တရားကိုနာလိုပြန်သောကြောင့်၍သို့ဆိုပြန်၏။ ။

လုလင်ပျို၊ယောက်ျားတို့၏လုံ့လဖြင့်အကျိုးရှိကြောင်းကိုသင်ဆိုသည်မှာတပါးသောအရာ၌သင်ဆိုတိုင်းမှန်၏။အစေါက်အပြောအားဖြင့်မရေတွက်နိုင်သော၍မဟာသမုဒ္ဒရာ၏အလယ်၌ကူးသောသင့်အားမှုကားကမ်းသို့မရောက်နိုင်ဘဲအကျိုးမဲ့ပျက်စီးခြင်းသို့ရောက်လတံ့တကား။ကြိုးစားအားထုတ်ပါသောသင်၏လုံ့လသည်လည်းအရာမဟုတ်ခြင်းကြောင့်အချည်းနှီးဖြစ်

NOTES.

သုခ P. happiness. စင်စစ် certainly. အစောက် depth. အပြော breadth. အရာမဟုတ်ခြင်းကြောင့် on account of its futility. အချည်းနှီး useless, of no avail.

၍ကိုယ်ပင်ပန်းကာမျှသာရှိမည်မဟုတ်လောဟုဆို၏။ နတ်သမီးစကားကိုကြားလျှင်ဘုရားလောင်းသည် နတ်သမီး၊ ကမ်းသို့မရောက်၍သေရသော်လည်းအပြစ်ကင်းလွတ်ရစ်အောင်သေမည်ဟုဆိုပြီးမှနတ်သမီး၊ အကြင်သူသည်ယောက်ျားတို့လုံ့လကိုမလျှော့ဘဲကောင်းစွာလုံ့လပြုသည်ဖြစ်အံ့၊ ထိုသူသည်မိဘဆွေမျိုးချစ်နှစ်လိုအပ်သော အဆွေခင်ပွန်းတို့၏အလယ်၌ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်းမခံရ။ နောက်တဖန်ပြန်၍နောင်တမရှိရ။ ငါတို့သည်လည်းဤသမုဒ္ဒရာအလယ်၌ကမ်းသို့မျှမရောက်နိုင်ဘွယ်မရှိတကားဟုအကယ်၍လုံ့လကိုလျှော့ချေငြားအံ့၊ ယောက်ျားမြတ်ဖြစ်ကျိုးအဘယ်မှာရှိတော့အံ့နည်း။ သင်နတ်သမီးမှစ၍အဆင့်ဆင့်ကြားသဖြင့်ငါ့ကိုချစ်နှစ်လိုကျန်သောသူအပေါင်းတို့သည်မဟာဇနကမင်းသားကား၊ မိမိပင်ယောက်ျားအားနှင့်ပြည့်စုံသူစင်စစ်မှန်လျက်အသက်မရှိသောကျွန်းတုံးကဲ့

NOTES.

ရစ် is a root meaning 'to wind round,' but, as an auxiliary, gives an idea 'of remaining behind;' its various uses are well shown in this piece (J. § 117). နောင်တ n. regret. လျှော့ to relax. ငြား (J. § 118) is said to be simply euphonic, but in this place ငြား clearly helps to show that အံ့ is 'subjunctive' and not 'assertive.' အဆင့်ဆင့် one after another. ကျွန်းတုံး a teak log.

သို့လုံ့လမပြုဘဲနေလေခြင်းကြောင့်မဟာသမုဒ္ဒရာမှာပျက်စီးလေသည်ဟုချစ်ခင်စုံမက်သောအားဖြင့်ထိုက်သမျှအခွင့်ရှာကြံ၍ငါ့အားအပြစ်မတင်ရစ်ပြီလော။ ထိုသို့ဖြစ်သောကြောင့်သေသော်လည်းအပြစ်ဘင်လွတ်ရစ်အောင်ယောကျ်ားတို့လုံ့လကိုငါပြုသည်ဟုဆို၏။

ထိုစကားကိုကြားလျှင်နတ်သမီးသည်မင်းသား၊ အကြင်သူသည်လုံ့လမပြုအပ်သောအရာ၌လုံ့လပြုမှားချေအံ့၊ ထိုသူ၏လုံ့လသည်အရာမကျခြင်းကြောင့်လိုအပ်သောကိစ္စ၊ တောင်းတအပ်သောအကျိုးမပြီး။ အသက်၊ ကိုယ်လုံးအဆုံးရှုံးပျက်စီးခြင်းသို့ရောက်သော်လည်းရောက်ရာ၏။ ကိုယ်စိတ်၏ပင်ပန်းကာမျှလည်းရှိတတ်၏။ ပရိသတ်အလယ်၌ရှက်ဖွယ်သော်သည်းရရာ၏။ ယခုမင်းသားမှာလည်းကမ်းကိုမမြင်သောမဟာသမုဒ္ဒရာ၌ကူးသည်ဟူ၍လုံ့လနေရာကျပါအံ့လောဟုမေး၏။ ထိုစကားကိုကြားလျှင်ဘုရားလောင်းသည်နတ်သမီး၊ အကြင်သူသည်လုံ့လပြုသဖြင့်အပြီးသို့မရောက်နိုင်သောအမှုကိုသိလျက်မိမိ၏အသက်ကိုမစောင့်၊ ထိုသို့သဘောရှိသောသူသည်အကယ်၍မိမိလုံ့လလျှော့အံ့၊ ထိုသူသည်လူပျင်း၊ လူတန်ဟူသောအဖြစ်ကိုသိရာ၏။ ။

NOTES.

ထိုက်သမျှအခွင့်ရှာကြံ၍ in proportion to. အရာမကျ misplaced. ကိစ္စ P. business, deed. သော်လည်း even, also. နေရာကျ well directed. ပျင်း idle. တန် worthless.

ဤလောက၌ရှေ့ကုသိုလ်ကံမဖွံ့ဖြိုးလွန်ကုန်သောသူတို့သည်မိမိတို့နှင့်ထိုက်တန်ရာလယ်လုပ်ခြင်း၊ကုန်သွယ်ခြင်းအစရှိသောအမှုတို့ကိုဆောင်ရွက်လိုသည်ဖြစ်စေ၊မဆောင်ရွက်လိုသည်ဖြစ်စေ၊ကိုယ်အလိုဆန္ဒပြည့်စုံမည်စင်စစ်မှန်လျှင်ပျင်းရိသည်ဟူ၍မနေအပ်။ကောင်းစွာသောလုံ့လဖြင့်အခါခပ်သိမ်းပင်ကိုယ်နှင့်တန်သည်၊နှုတ်ဖြင့်တန်သည်၊စိတ်ဖြင့်ကြံမည်ဟုထောက်ခြင့်၍လုံ့လပြုအပ်လှတော့သည်။နတ်သမီး၊လုံ့လရှိကုန်သောသူတို့၏လုံ့လအကျိုးစက်ကိုများစွာငါပြောရတော့မည်မဟုတ်။ဤသမုဒ္ဒရာ၌ငါနှင့်အတူခုနှစ်ရာသောသင်္ဘောသား၊ကုန်သည်တို့လည်းနစ်မွန်းကြသည်တွင်ထိုခုနှစ်ရာသောသင်္ဘောသားတို့သည်ယောကျ်ားတို့၏လုံ့လချို့တဲ့ခြင်းကြောင့်ငါး၊လိပ်တို့၏အစာသာဖြစ်ကြလေကုန်ပြီ။ငါမူကားယောကျ်ားတို့၏လုံ့လကိုမလျှော့ခြင်းကြောင့်ဘေးမှလွတ်၍သင်နတ်သမီးကိုအနီးကြပ်ကြပ်၊အမှတ်ထင်ထင်ငါမြင်ရ၏။သင်သနားချစ်ခြင်းရှိ၍ငါကိုဆောင်ပါလျှင်လည်းလိုအင်အပြီးရောက်ခြင်းအ

NOTES.

ကုသိုလ် merit, for P. ကုသလော meritorious. ကံ for P. ကမ္မ luck, lot in this life; the result of past deeds. ဖွံ့ဖြိုး abundant. လယ်လုပ်ခြင်း agriculture. ကုန်သွယ်ခြင်း trade. ပျင်းရိ indolent. တန် suitable. ထောက်ခြင့် to estimate. ချို့တဲ့ to be wanting. အနီးကြပ်ကြပ် close at hand. အမှတ်ထင်ထင် distinctly. လိုအင် the object of (my) desire.

ကျိုးရှိလတံ့။သင်မဆယ်တင်၍ဤတွင်ပင်ငါဆုံးရသော်လည်းလုံ့လပြုကျိုးစက်ငါ၌ရှိလေပြီ။ငါသည်အစွမ်းရှိတိုင်း၊အားရှိတိုင်း၊မဆုပ်မဆိုင်းသောလုံ့လဖြင့်မဟာသမုဒ္ဒရာကမ်းသို့ကူးလျက်ယောက်ျားတို့ပြုအပ်သောလုံ့လကိုပြုအံ့သတည်း။ ။ဘုရားလောင်စကားကြားလျှင်မဏိမေခလာနတ်သမီးသည် ဤမင်းသားကားအလွန်စကားမြဲမြံလှပေသည်ဟုနှစ်သက်သဖြင့်ဤသို့ဆို၏။မင်းသား၊အစောက်အပြောအားဖြင့်မရေတွက်နိုင်ကျယ်စွာသောမဟာသမုဒ္ဒရာအလယ်၌နစ်မွန်းသောသင်သည်သူတပါးတို့ပြုနိုင်ခဲသောမြဲမြံခြင်းစိတ်ဖြင့်တွန့်လိပ်ဆုတ်နစ်ခြင်းမရှိ။မိမိလိုရာရောက်ကြောင်းကောင်းမြတ်ဖြောင့်စင်းသောလုံ့လနှင့်ပြည့်စုံသည်မှန်ပေ၏။ယောက်ျားတို့ပြုရာသောလုံ့လနှင့်ပြည့်စုံခြင်းကြောင့်ဘေးမှလွတ်၍ဤသမုဒ္ဒရာ၌မနစ်မွန်းဘဲချမ်းသာလေ၏။ယခုနှစ်လုံးမွေ့လျော်ရာအရပ်သို့သင်သွားတော့။ယခုငါဆယ်တင်အံ့။အဘယ်အရပ်သို့ပို့ဆောင်ရမည်နည်း။

NOTES.

အစွမ်း ability. အား strength. မြဲမြံ steadfast. တွန့်လိပ် to shrink from. ဆုတ်နစ် to draw back from. ဖြောင့်စင်း upright.

Short Historical Extracts.

[From *Maṇiratanāpôn.*]

1.

စာကြိုဆိတ်တွင်သတို့မင်းဖျားနတ်ရွာစံလျှင်၎င် စာကြိုဆိတ်ဝယ်မှူးတော်မတ်တော်တို့မင်းလျာမရှိ၍ တိုင်ပင်ကြံစည်ကြလျှင်တကောင်းသိမ်ပတေ့၊ရမည်း သင်းသီလဝါ၊တောင်တွင်းသီဟပတေ့၊အစရှိသောမှူး တော်မတ်တော်အဓတို့သည်အမြင့်မြို့စားတရာဖျား ကြီးသည်အမျိုးအမည်၊အရည်အသွားနှင့်ညီညွတ်သည်။ နှစ်လုံးယဉ်ကြေးသိမ်မွေ့သည်။အကျင့်သီလနှင့်ပြည့်စုံ သည်။ပေးကမ်းစွန့်ကြဲခြင်းလည်းရှိသည်။တော်မှန် ဖြောင့်မတ်သောသဘောလည်းရှိသည်။ရတနာသုံးပါး ကိုကြည်ညိုမြတ်နိုးခြင်းရှိတတ်သည်။ယင်းသို့ဖြစ်သော

NOTES.

စာကြိုဆိတ် name of a place. သတို့မင်းဖျား title of a king, A.D. 1364. နတ်ရွာစံ to die: used for kings. မင်းလျာ an heir to the throne. တကောင်း name of an old Burmese city. သိမ်ပတေ့ a title. ရမည်းသင်း name of a place. သီလဝါ (P. virtuous) a title. တောင်တွင်း name of a place. သီဟပတေ့ (P. the lord of lions) a title: an old way of writing သီဟပတိ Sihapati. အမြင့်မြို့စား the Lord (eater) of Amyin. တရာဖျား a title. အမျိုးအမည် lineage. အရည်အသွား ability. ရတနာသုံးပါး the three jewels, viz. Buddha, his law, and the monks.

ကြောင့်ရွှေထီးရွှေနန်းနှင့်လျော်ပေသည်ဟုတိုင်ပင်လျှင်စိတ်ညီကြ၍အမြင့်မြို့စားတရဖျားကိုမင်းပြုပါဟုတောင်းပန်၍သက္ကရာဇ်၇၂၉ခုတပေါင်းလတွင်မင်းဧကရာဇ်အဖြစ်သို့ရောက်တော်မူသည်။မင်းကြီးစွာစော်ကဲးဟူသောအမည်ကိုလည်းခံတော်မူသည်။

2.

သက္ကရာဇ်၈၉၃ခု၊ကဆုန်လဆန်း၁ရက်၊၅တေးနေ့။တောင်နန်းမိဘုရားကြီးသားတော်၊မင်းပြိုင်ဘုရင်၊မဟာသီဟသူရ၊ညီတော်မင်းဆွေသည်ခမည်းတော်အရိတ်အရာကိုစံနေတော်မူ၏။ ။နောင်တော်ဘုရင်မဟာသီဟသူရမိဘုရားကိုကိုယ်တော်မိဘုရားအရာထား၍

NOTES.

သက္ကရာဇ် Thekkarit; era. ခု this numeral affix always follows a date unless it ends in 0, in which case the word ပြည့် must be used. B.E. 729 = A.D. 1367. တပေါင်း month of Taboung (March, or nearly so). ဧကရာဇ် for P. ဧကရာဇာ monarch. ကြီးစွာစော်ကဲး a title; စော်ကဲး a chief, now only used for petty hill-chiefs. ကဆုန် month of Kas̉on = May. ၅တေး this is a peculiar way of writing ကြာသပတေး Thursday, which is the *fifth* day of the week. အရိပ်အရာ the privileges inherited from a predecessor: from အရိပ် a shadow. နောင် an elder brother; only used for exalted persons. ဘုရင် (pronounced *b'ayin*) a prince. မဟာသီဟသူရ title of king who reigned in Ava A.D. 1469–80.

ဘိသိတ်ခံတော်မူသည်။ ။နန်းတက်သော သက္ကရာဇ် ၈၆၃ ခုနတ်တော်လ ရွှေနန်းရှင်နရပတိကို နောင်တော်သားရွှေနော်ရထာ ကျွန်ငသောက်ကြွာ သည် ရွှေနန်းရှင် အမှတ်မဲ့နေတော်မူစဉ်တွင် ထားနှင့်လုပ်ကြံလေ၏။ ထီးဖြူကိုခုတ်မိ၍ ကိုယ်တော်ကို ထီးဖြူအုပ်သကဲ့သို့ရှိလေ၏။ ယင်းသို့အခိုက်တွင် ရွှေနန်းရှင်နရပတိအထိန်းတော်၊ ရေနံ့သာစားသည် ပြေးထ၍ ငသောက်ကြွားကို ဖက်လေ၏။ ငသောက်ကြွာ လည်း ထားနှင့်အကွ ရုန်းရင်းရာတွင် အထွေးထွေးပက်လက်လည်းကျလေ၏။ ရေနံ့သာစားသည် ငသောက်ကြွာ လွတ်ချေလျှင် အရေးတော်ပျက်တော့မည်။ ကျွန်တော်နှင့်အကွ ပင်ကွပ်တော်မူတော့ဟု နားတော်လျှောက်၏။ ရွှေနန်းရှင် လည်း ရေနံ့သာစားကို လွတ်အောင် ငသောက်ကြွာကိုသာ လက်သုံးတော် ထားနှင့်ကွပ်တော်မူလေ၏။ နန်းထက်တွင်ပင်သေလေ၏။ ။

NOTES.

ဘိသိတ် for P. အဘိသေကော the ceremony of sprinkling water at a coronation. နတ်တော် the month Nattāw = December. နရပတိ title of king. ရွှေနော်ရထာ a title. ငသောက်ကြွာ man's name. ရွှေနန်းရှင် lord of the golden palace, i. e. king. လုပ်ကြံ to assault, attempt the life. အထိန်းတော် a royal attendant. ရေနံ့သာစား the keeper of the scent. ပက်လက် on the back, supine. လည်း = လဲး to topple over. ကွပ် to slay.

3.

ဘုရင်မဟာသီဟသူရလက်ထက်။ သက္ကရဇ်၈၃၃ခုတွင်။ ဟံသဝတီမှာ။ တလိုင်းရှင်စောပုအနိစ္စရောက်၍သမက်တော်ဓမ္မစေတီမင်းပြုလေ၏။ ။ထိုမင်း၏ကျွန်လက်ဖျံတလုံးတည်းဖြစ်သောသူရဲကောင်း၊ ငညီလုံးကိုသမိန်မရမ်းဟူသောဘွဲ့နှင့်စစ်တောင်မြို့ကိုစားစေ၏။ သမိန်ပရမ်းလည်းဓမ္မစေတီမင်းထံအစီရင်ခံ၍ခန္တီးမြို့မှာမြေခြားနားသံတိုင်ကိုစိုက်ထားလေ၏။ ။တရုပ်ဦးတည်ဘွားကမြေခြားသံတိုင်ကိုနှုတ်စေဟုအမိန့်ပေးသော်တရုပ်စစ်သူကြီးတို့သည်ခန္တီးမြို့သို့ရောက်လျှင်မြေခြားသံတိုင်ကိုနှုတ်၍အဝမြို့သို့အမတ်တယောက်ကိုမြင်းစီးသုံးသောင်းနှင့်စေလှာကြ၏။ စေတန်ကား။ ရှေးပုကံနော်ရထာစောလက်ထက်။ ရွှေပေါင်းချောင်၊ ငွေ

NOTES.

ဟံသဝတီ the country of Pegu. ရှင်စောပု name of a celebrated Talaing or Peguan queen. အနိစ္စရောက် to die. သမက် or သားမက် a son-in-law. လက်ဖျံတလုံးတည်း the bone of the arm from elbow to wrist all in one: a peculiar formation of the arm supposed to give great strength. သူရဲကောင်း a champion, knight. ဘွဲ့ a title of nobility. စားစေ cause to eat, i.e. to give for maintenance. ဓမ္မစေတီ title of Talaing king of Pegu (A.D. 1460). မြေခြားနားသံတိုင် iron boundary pillars. တရုပ် Turks, i.e. Chinese. ဦးတည်ဘွား Emperor of China. အဝ Ava. စေတန်ကား the purport of his message was. ပုကံနော်ရထာစော Nāwrat'ā Zaw of Pugan (A.D. 1010).

ပေါင်းချောင်ဆက်ဘူးသည်။အစဉ်ဆက်ဘူးသည်အတိုင်းဆက်ကောင်းမည်ဟုစေလှာ၏။ ။ဘုရင်မဟာသီဟသူရလည်းခမည်းတော်ဘုရင်နရပတိလက်ထက်တွင်အစဉ်အရိုးမရှိကြောင်းကိုဆို၍နေရလေပြီ။ငါပေးတွက်မရှိဟူ၍မိန့်တော်မူ၏။ ။တရုပ်တို့ကလည်းရွှေနန်းရှင်ကဤသို့မိန့်လျှင်ရန်စစ်ကြီးစွာဖြစ်တော့မည်။ရွှေနန်းရှင်ကသူရဲးကောင်းမြင်းစီးတယောက်၊ငါတို့ကလည်းသူရဲးကောင်းမြင်းစီးတယောက်၊စီးချင်းတိုက်စိမ့်မည်။ရွှေနန်းရှင်ကနိုင်လျှင်လည်းငါတို့ပြန်တော့မည်ငါတို့ကနိုင်လျှင်လည်းငါတို့တောင်းသည်အတိုင်းပေးရမည်ဟုဆိုကြလေ၏။ ။ထိုစကားကိုကြားသော်ဘုရင်မဟာသီဟသူရလည်းသားတော်အိမ်ရှေ့မင်းစသောမှူးမတ်တော်တို့ကိုတိုင်ပင်တော်မူ၏။ထိုအခါအိမ်ရှေ့မင်းကတရုပ်တို့သည်မြင်းစီးနိုင်နင်းလှသည်။ကျွန်တော်တို့ကားမည်မည်ဝါဝါလူနှင့်မတန်ချေ။အစီးအနင်း၊အရေးအရာတတ်သောသူ၊တလိုင်းအမတ်သမိန်ပရမ်းကိုခေါ်၍စုံစမ်းတော်မူပါဟုလျှောက်ပြီးလျှင်ခမည်းတော်သမိန်ပရမ်းကိုခေါ်၍စုံစမ်းတော်မူသော်ဇမ္ဗုဒီပကျွန်းမြေအ

NOTES.

လှာ this is a causative form of လာ to come. အစဉ်အရိုး customary. နိုင်နင်း to be a master in the art. မဉ်မဉ်ဝါဝါ reduplicated form of မည်ဝါ whatever. ဇမ္ဗုဒီပ P. the

ပြင်ဝယ်ဆင်လျှင်တစီးချင်း၊ မြင်းလျှင်တစီးချင်း၊ ခြေလျှင်တယောက်ချင်းကျွန်တော်ကြောက်သောသူမရှိ။ ကြိုက်သောမြင်းကိုသနားတော်မူပါ။ အရေးအရာလှအောင်အမှုတော်ကိုထမ်းပါမည်ဟုနားတော်လျှောက်၏။ ဘုရင်မဟာသီဟသူရလည်းကြိုက်သောမြင်း၊ ဆင်ကိုရွေးကောက်၍ယူလေဟုမိန့်တော်မူသောကြောင့်ကျုံးနားတွင်မြင်းကြမ်းတစီးကိုရ၍စီးနင်းယဉ်ကျေးစေပြီးလျှင်စစ်ဝတ်တန်ဆာတို့ကိုဆင်ရင်၍တရုပ်ဘာသာတတ်သောသူကိုခေါ်၍တပ်ထဲသို့ထွက်သွားလေ၏။ တရုပ်အမတ်လည်းမြင်းဖေါင်းဝတ်ကိုစီး၍အဲးမောင်းအချိန်သုံးပိဿာကိုကိုင်၍တပ်ကထွက်လာ၏။ သမိန်ပရမ်းလည်းမြင်လျှင်မြင်ချင်း၊ ငအစ်ကိုလည်းအမတ်သူရဲကောင်း၊ ငါလည်းအမတ်သူရဲကောင်းဖြစ်သည်။ သုံးကြိမ်စေ့အောင်မြင်းရေးစီးကြရစေဦး။ ယင်းသို့မှအရတိုက်မည်ဆို၏။ ။သူရဲကောင်းနှစ်ယောက်အရေးအရာသုံးကြိမ်ပြလျှင်လက်ဝါးပြ၍

NOTES.

great southern continent of the Burmese world. မြင်းကြမ်း an unbroken (rough) horse. ယဉ်ကျေးစေ to tame, break in. စစ်ဝတ်တန်ဆာ armour and arms. ဖေါင်းဝတ် grey. အဲးမောင်း a kind of spear. ပိဿာ a weight of about 3 lbs. 10 ozs., commonly called a viss. မြင်လျှင်မြင်ချင်း the instant he saw him. တိုက် to engage in combat. လက်ဝါးပြ to show the palm of the hand (as a signal).

အရတိုက်တော့မည်ဟုအမတ်စလုံကျော်ခေါင်ကဆိုသော်သမိန်ပရမ်းလည်းတိုက်တော့မည်ဆိုလျှင်မြင်းကိုအကုန်လွှတ်၍နှီးလျှင်အမတ်စလုံကျော်ခေါင်လည်းမိမိစွဲးသောထားခုတ်မဉ်မိုး၏။ မိုးရာတွင်သံချပ်ကြိုးပြတ်သည်ကိုသမိန်ပရမ်းမြင်လျှင်လှံနှင့်ထိုးလိုက်၍စလုံကျော်ခေါင်သဉ်မြင်းပေါ်ကကျလေ၏။သမိန်ပရမ်းလဉ်းကျရာမှာဥက္ခောင်းကိုဖြတ်ကောက်၍ရမှမြင်းကိုအကုန်လွှတ်၍မြို့သို့ဝင်ပြန်လာ၏။

NOTES.

အရတိုက် to fight in earnest. စလုံကျော်ခေါင် a Chinese name or title. အကုန်လွှတ် to send at full speed. မိုး to cover, i.e. to strike at with a sword. သံချပ် lit. iron plates, but used for any part of a coat of mail.

PART IV.

Newspaper Cuttings.

၁. ထားပြတိုက်ခြင်း။

1. Dacoity.

ပုဇွန်တောင်သစ်ခေါင်းမောင်စံဒွန်းအိမ်တွင်လွန်ခဲ့သည့်သောက်ကြာနေ့က။ညည့်၇နာရီခွဲအချိန်လောက်တွင်။လူ၅ယောက်အတင်းဝင်၍မောင်စံဒွန်းကိုဖမ်းပြီးလျှင်ကြိုးနှင့်ချည်နှောင်ထားပြီးလျှင်ငွေသား၆၀၀ိနှင့်လက်ဝတ်လက်စားတန်ဘိုး၂၀၀ိလောက်တောင်းရာထုတ်ပေးလိုက်ရကြောင်း။မောင်စံဒွန်းမယားကိုထားပြများကဖမ်းယူသွားပြီးလျှင်ခရီးအတော်ဝေးကြားမှပြန်လွှတ်လိုက်သည်။ထားပြများကိုမရမရှိသေးသော်လည်းငွေရှိကြောင်းကိုသိသောလူတယောက်ကိုမယုံသင်္ကာမှုနှင့်ဖမ်းဆီးထားကြသည်။

NOTES.

ပုဇွန်တောင် a quarter of Rangoon. သစ်ခေါင်း a forest timber contractor. မောင် brother = Mr. စံဒွန်း man's name. သား real, pure. မယုံသင်္ကာမှုနှင့် on suspicion.

၂. အာဏာမဲ့ဘိန်းဆောင်ယူမှု။

2. Opium Smuggling.

လွန်ခဲ့သည့်သောက်ကြာနေ့တွင်။ပုဇွန်တောင်မီးရထားလမ်းတွင်။မီးရထားအဆင်း။တရုပ်တယောက်ကိုဘိန်းချိန်တိုလာ၆၀၀နှင့်ဖမ်းဆီးရမိသည်နှင့်မြို့ဝန်ကလေးရုံးတော်သို့ပို့ဆက်ရာ။တရုပ်ကိုဒါဏ်ငွေ၃၀၀နှင့်ထောင်ဒါဏ်၄လအလုပ်ကြမ်းနှင့်စီရင်ချက်ချမှတ်သည်။ဒါဏ်ငွေကိုမပေးမဆောင်နိုင်ရှိကဲ့လျှင်ထောင်ဒါဏ်၃လထပ်မံခံစေစီရင်ချက်ချမှတ်သည်။ဒါဏ်ငွေကိုရခဲ့လျှင်းဆုငွေပြုလုပ်၍ဖမ်းဆီးသူတို့အားပေးရမည်။ဘိန်းကိုလည်းအစိုးရဘဏ္ဍာတော်ပြုလုပ်ရမည်။၎င်းတရုပ်သည်မန္တလေးမြို့မှလိုက်လာသောသူဖြစ်၍ဘိန်းကိုခေါင်းအုန်းထည်းတွင်ဖွက်၍ယူဆောင်ခဲ့သည်။

NOTES.

မီးရထားလမ်း railroad. တိုလာ *tolā*, an Indian weight. မြို့ဝန်ကလေး assistant magistrate. အစိုးရဘဏ္ဍာတော်ပြုလုပ် to make government property, i.e. confiscate.

၃. သွေးဆောင်ဖျက်ဆီးမှု။

3. Seduction.

အထက်သတင်းစာထုတ်ဝေရာပါ။မန္တလေးမြို့အနောက်ပြင်အောင်းနန်းရိပ်သာရပ်ဘုံပိုင်တန်းနေမျိုး

ဆိုသူမိန်းကလေးတဦးကိုဒင်းရပ်နေမောင်ဘိုးမြဆိုသူလူကလေးတဦးကဈေးချိုတော်သို့ဘိနပ်ရောင်းရန်သွားရာ။လမ်းခရီးအကြားတွင်မြင်းရထားနှင့်တင်ဆောင်ခေါ်သွား။ဒင်းကတတန်စစ်ကိုင်းမြို့အပိုင်ရွာတောင်ရွာသို့ခေါ်သွား။၃ရက်၄ရက်ကြို့ကြာရှိနေသည့်အတွင်းဘမိတို့ကထောက်လှမ်းသိရှိသွားရောက်ခေါ်ယူခဲ့ပြီးလျှင်ဆိုင်ရာ၈မှတ်ဂါတ်မှာတိုင်တန်းရှိသည်နှင့်မောင်ဘိုးမြဆိုသူကိုခေါ်ငင်စစ်မေးပြီးလျှင်ရာဇသတ်ပုဒ်မ၃၆၃၊၃၆၆အရတရားစွဲ၍ရုံးတော်သို့ပို့ရာံ။အရေးပိုင်မင်းရုံးတော်မှာတင်သွင်းစစ်မေးရာ။ဒင်းတို့ထွက်ချက်များနှင့်စီစစ်တော်မူ၍မောင်ဘိုးမြအပေါ်မှာအလုပ်မဲ့ထောင်ဒါဏ်၃လနှင့်ငွေဒါဏ်၁၀၀ိခံဆောင်စေ။ငွေဒါဏ်၁၀၀ိမဆောင်နိုင်လျှင်အလုပ်ရှိထောင်ဒါဏ်၃လတိုး၍ခံစေ။အမိန့်ချပေးတော်မူကြောင်းနှင့်ကြားသိရလေသည်။

NOTES.

သွေးဆောင်ဖျက်ဆီး to entice and ruin. သတင်းစာ newspaper. ထုပ်ဝေရာ issue. အောင်းနန်းရိပ်သာရပ် in the Aungnanyeiktha quarter. ဘုံပိုင်တန်း Bombay street. မမျိုး woman's name. ဈေးချိုတော် a market-place in Mandalay. ထတန် again. ၈မှတ် No. 8. ဂါတ် E. guard, police-station. ရာဇသတ် penal code. ပုဒ်မ section. အရေးပိုင် deputy-commissioner. အလုပ်မဲ့ without labour, i.e. simple imprisonment. တိုး၍ increasing, i.e. further, additional.

၄. အလောင်းကစားပြုလုပ်ကြောင်း။

4. Gambling.

ဥရောပတိုက်ဣတာလီပြည်အနီးမန်တီကာလိုမြို့။ဖဲအလေါင်းကစါးရုံးကြီးတွင်မကြာမီနေ့ရက်အခါက။မိမိရှေးကံကုသိုလ်ထောက်ပံ့သဖြင့်ဖဲအလောင်းကစားပြုလုပ်၍ရွှေဒင်္ဂါး၃၀၀၀၀ခန့်အောင်နိုင်ရရှိသည်အတွက်။အမည်နာမထင်ရှားကျော်စောသောအင်္ဂလိပ်လူမျိုးမစ္စတာဝဲဆိုသူသည်မိမိနေရပ်ဌာနဖြစ်သောအင်္ဂလန်ပြည်သို့ပြန်လည်ဆိုက်ရောက်သောအခါ။မိမိစိတ်နှလုံး၌မရောင့်ရဲးနိုင်သည်ဖြစ်၍ဖဲအလောင်းကစားပြုလုပ်လိုသောကြောင့်ယခုတဖန်မန်တီကာလိုမြို့အလောင်းကစားရုံးကြီးသို့လာရောက်။ထပ်မံဖဲအလေါင်းကစားပြုလုပ်၍ရွှေဒင်္ဂါး၂၀၀၀ရှုံးနိမ့်သည်နောက်။ရွှေဒင်္ဂါး၃၀၀၀ကိုလက်ကိုင်ထား၍အလောင်းကစားပြုလုပ်ရာ။မကြာမီနေ့ရက်တွင်အထက်ကအောင်နိုင်ရရှိဘူးသောရွှေဒင်္ဂါး၃၀၀၀၀လုံးပင်ရှုံးနိမ့်လိမ့်မည်လက္ခဏာတူကြောင်းနှင့်သတင်းစာတစောင်၌ရေးသားပါရှိလေသည်။

NOTES.

အလောင်းကစားပြုလုပ် to gamble, bet. ဥရောပတိုက် Europe. ဣတာလီ Italy. မန်တီကာလို Monte Carlo. ဖဲ cards. မီ for မှီ before. မစ္စတာ Mister. ဝဲ Wells.

၅. ခိုးယူမှုပြစ်ဒါဏ်စီရင်ကြောင်း။

5. Punishment for Theft.

မရှုဆိုသူမိန်းမကိုပဉ္စည်းခိုးယူမှုနှင့် ၅မှတ်ဂါတ်စာဆင်တို့ကမေးစစ်ပြီးလျှင်မေးချက်ထွက်ချက်အရ။ ရာဇသတ်ပုဒ်မ ၃၇၉ နှင့်တရားစွဲ၍ရာဇဝတ်ရုံးတော်သို့ပို့ရောံ။ မြို့ဝန်ကလေးရုံးတော်မှာတင်သွင်းစစ်မေးရာ။ ထွက်ချက်များတွင်သိသာထင်ရှားရှိသောကြောင့်ရာဇသတ်ပုဒ်မ ၃၇၉ ကိုကြူးလွန်ပြစ်ထောင်ဒါဏ် ၁၅ရက်ခံစေအမိန့်ချပေးကြောင်းကိုကြားသိရလေသည်။

NOTES.

မရှု Ma Shu, name of a woman. စာဆင် E. sergeant of police. ရာဇဝတ် criminal. ရာဇဝတ်ရုံး magistrate's court. မြို့ဝန်ကလေး assistant town magistrate.

၆. မုဒိမ်းပြစ်မှုမထင်ရှား၍ပလပ်ကြောင်း။

6. Charge of Rape dismissed.

အထက်သတင်းစာထုတ်ဝေရာပါ။ ပြင်ဦးလွင်မြို့ရုံးတော်က။ ပို့ရောက်သည့်မြင်းစီးသူရဲအမှုထမ်းမောင်တုတ်နှင့်အပေါင်းပါလူ၁တို့အပေါ်မှာရာဇသတ်ပုဒ်မ ၃၇၆ အရ။ မုဒိမ်းပြုကျင့်မှုနှင့်မန္တလေးမြို့သို့ပို့ရောက်။ စက်ရှင်အါဏာတော်ရဥတ္တရဌာနခရိုင်ဆိုင်ရာဝန်ရှင်တော်မင်းကြီးရုံးတော်မှာတင်သွင်းစစ်မေးရာ။ အသီးအ

သီးထွက်ဆိုချက်များတွင်ပြစ်မှုမထင်ရှား၍ပလပ်စေ။ အမိန့်ချပေးတော်မူကြောင်းကိုကြားသိရလေသည်။

NOTES.

ပလပ် to dismiss (a charge). မြင်းစီးသူရဲးအမှုထမ် mounted police constable. မုဒိမ်း rape. စက်ရှင် E. sessions. စက်ရှင်အာဏာတော်ရ one who has the powers of a Sessions Court. ဥတ္တရ P. north. ဌာန P. place. ခရိုင် a division composed of districts with a common centre. ဝန်ရှင်တော်မင်းကြီး Commissioner of a Division.

၇. လက်ရောက်ရိုက်နှက်မှုပြစ်ဒဏ်စီရင်ကြောင်း။

7. Assault.

မန္တလေးမြို့ထောင်မှူးကြီးကထောင်ဥပဒေပုဒ်မ၄၉အရ။အကျဉ်းသားမောင်ဘိုးဆင်ဆိုသူသည်အကျဉ်းသားတဦးကိုဝါးထုတ်နှင့်ရိုက်နှက်လက်ရောက်ပြုလုပ်ကြောင်း။၄မှတ်ဂါတ်မှါတိုင်တန်း။အကျဉ်းသါးမေါင်ဘိုးသင်ကိုခေါ်ယူစစ်မေးပြီးလျှင်ရာဇသတ်ပုဒ်မ၃၂၅နှင့်တရားစွဲ၍ရုံးတော်သို့ပို့ရောက်။အရေးပိုင်မင်းရုံးတော်မှာတင်သွင်းစစ်မေးရာသိသာထင်ရှားရှိသောကြောင့်မောင်ဘိုးဆင်မှာထောင်ဒဏ်၁၅လခံစေ။အမိန့်ချပေးဘော်မူကြောင်းကိုကြားသိရလေသည်။

NOTES.

ပြစ်ဒဏ် punishment. ထောင် jail. မှူး jailer. အကျဉ်းသား one undergoing rigorous imprisonment. ထုတ် for ဒုတ် a stick.

၈. လိမ်လည်မှုပလပ်ကြောင်း။

8. Case of Cheating dismissed.

လွန်ခဲ့သည့်တနင်းလာနေ့က။ဗိန်ပန်းရပ်နေတရားလိုမမကြီးကတရားခံမိုင်းလုံကျမိုင်းမောင်ခွန်နူအပေါ်တွင်။ရာဇသတ်ပုဒ်မ ၄၁၇ အရ။ငွေ ၅၀ ဗိကျော်လိမ်လည်ယူသုံးမှုနှင့်မန္တလေးမြို့နယ်ပိုင်ဝန်ထောက်တော်မင်းသခင်ဘုရားရုံးတော်တွင်လျှောက်ထားစွဲဆိုတောင်းခံရာ။ရုံးမင်းကရာဇသတ်ပုဒ်မ ၄၀၆—၄၀၉ များနှင့်စွဲ၍မောင်ခွန်နူကိုစစ်ဆေးမေးမြန်းကါလ။တဦးနှင့်တဦးချစ်ခင်စုံမက်အကြင်လင်မယားဖြစ်၍ပေးကမ်းရယူသုံးစွဲကြောင်းထုခြေသည်နှင့်။လျှောက်ထားရာပါငွေများကိုမောင်ခွန်နူအပေါ်တွင်တောင်းခံမရှိ။ပလပ်စေ။စီရင်ချက်ချပေးတော်မူလိုက်ကြောင်းကြားသိရလေသည်။

NOTES.

မိုင်းလုံကျမိုင်း a title. နယ်ပိုင်ဝန်ထောက် Assistant-Commissioner in charge of subdivision. ရုံးမင်း the magistrate or judge.

၉. လူကိုခိုးယူမှုအကြောင်း။

9. Kidnapping.

လွန်ခဲ့သည့်မကြာမှီနေ့ရက်အခါက။မန္တလေးမြို့အနောက်ပြင်ဗိန်ပန်းရပ်နေမောင်ဗိန်၊မယားမချမ်းတို့

၎င်းရပ်နေအသက် ၁၃ နှစ်ကျော်ရွယ်မမြဆိုသူမိန်းကလေးကိုမိဘနှင့်စိတ်ထွက်မကြည်မသာရှိသည့်အတွင်း မချမ်းကဖျားယောင်းသွေးဆောင်။ မိမိလင်နှင့်ယင်ပါးစေပြီးမှရန်ကုန်မြို့သို့ပို့၍မမြဆိုသူမိန်းကလေးကိုကြေးငွေရှာကြံပေးရမည်စေခိုင်းသည်နှင့်။ မတုတ်ဆိုသူထံငွေ ၆၀ အတိုးနှင့်လက်မတ်ရေးထိုးချေးငှါးရှိသည့်အတွင်း။ အဘမောင်သာစံက ဆိုင်ရာရုံးတော်တွင်လျှောက်ထား။ ဝါရမ်းနှင့်ဖမ်းယူပြီးလျှင်ယခုအခါဆိုင်ရာရုံးတော်တွင်စစ်မေးရှင်းလင်းဆဲရှိကြောင်းကြားသိရလေသည်။

NOTES.

ဖျားယောင်း entice. ယင်ပါး for ယံဉ်ပါး to have sexual intercourse. ချေးငှါး to hire. ဝါရမ်း E. warrant. ဆိုင်ရာရုံး the court having jurisdiction. ရှင်းလင်းဆဲ is being cleared up (J. § 108).

၁၀. ဇာပန်ကျွန်းကြီး၌မြေငလျင်တုန်လှုပ်ကြောင်း။

10. Earthquake in Japan.

ဇာပန်ကျွန်းကြီး၌။ မကြာမီနေ့ရက်အခါက။ အကြီးအကျယ်မြေငလျင်တုန်လှုပ်၍အိမ်ခြေအရေအတွက်များစွာပျက်စီးဆုံးပါးနစ်နာခြင်းဖြစ်ကြရာ။ လူအပေါင်းတို့ကကြေးငွေအမြောက်အများထည့်သွင်းလှူတန်ကြပါလျက်ဆင်းရဲသားကျွန်တော်မျိုးတို့ပိုက်ပျိုးလုပ်ကိုင်

သည့်စပါးကောက်နှံများပျက်စီးဆုံးပါး၍စားရေရိက္ခာငတ်မွတ်ခေါင်းပါးသောအခါ။ ကူညီထောက်ပံ့ရန်စုဆောင်းထားသောအလှူငွေ၁၆သန်းကိုလည်းအစိုးရမင်းတို့ကထုတ်နှုတ်ပေးမည်ရှိရာ။ လွှတ်တော်မှူးမတ်အရာရှိတို့ကခုခံလျက်အခြင်းပဋိဃာတ်ဒေါသဖြစ်ပွါးရှိနေကြောင်းနှင့်သတင်းရောက်ရှိလေသည်။

NOTES.

ဇာပန် Japan. ငလျင်တုန်လှုပ် an earthquake: ငလျင် the fabulous monster that causes the earthquake: probably ငါးရှဉ့် an eel. အိမ်ခြေ a household, family. အမြောက်အများ much. စားရေရိက္ခာ provisions. ၁၆သန်း Rs. 16,000,000. လွှတ်တော်မှူးမတ် the councillors of state. ပဋိဃာတ် for P. ပဋိဃတ္တိ quarrel.

၁၁. ရဟန်းတော်တပါးခွေးရူးကိုက်သည့်ရောဂါနှင့်ပြန်လွန်တော်မူသည့်အကြောင်း။

11. Death of a Monk from the Bite of a Mad Dog.

မန္တလေးမြို့မြောက်ပြင်၊ အမရဌာနီရပ်အနီး၊ ဂေါသိတာရာမတိုက်အတွင်း။ သတင်းသုံးနေသော ဝါတော် ၂၇ ဝါရှိရဟန်းဦးစာရိန္ဒအရှင်သည်ပန်းတိမ်းသည်ဆရာမောင်ရွှေသာကလှူတန်းလိုက်သောခွေးငယ်ကိုမွေးမြူထားရာ။ လွန်ခဲ့သည့် ၃လလောက်က။ ၎င်းခွေးငယ်ကိုရေချိုးရာတွင်လက်ကိုကိုက်လိုက်သောဒါဏ်

ရာသည် ယခုလပြည့်ကျော်မှပေါ်ပေါက်လာရာ။ ၄ရက် ၅ရက်ခန့်ရှိမှ။ သမားတို့ကိုခေါ်ယူကုမစေရာ။ သမားပေါင်း ၃ကျိပ်ကျော်တို့နှင့်တဆေးမကေါင်း။ တဆေးကေါင်းလဲပြောင်းကုမသော်လည်းမရဏသဘောကိုမလွန်နိုင်သည်ဖြစ်၍ ၁၂၅၃ ခုပြာသိုလပြည့်ကျော် ၁၂ရက်နေ့တွင်ပြန်လွန်တေါ်မူကြောင်းကိုကြားသိရလေသည်။

NOTES.

ပြန်လွန် to die (used for the Buddhist monks). တိုက် a collection of monasteries. သိတင်းသုံး to perform the duties of an ascetic. ဝါ the Buddhist lent, or rainy season; a Buddhist monk reckons his standing by the number of ဝါ he has kept. ဦးစာရိန္ဒ monk's name. မရဏသဘော P. the nature of death, death. လွန် to pass by, i.e. to escape death. ပြာသို month of Pyatho, about January.

၁၂. လှုပ်ရှားထကြွပြုလုပ်သောမင်းလောင်းဆိုသူ ထားပြများအကြောင်း။

12. Pretender to the Throne.

ရခိုင်ဒိဗိဇံ။ စစ်တွေမြို့ရသော့တောင်နှင့်နတ်ခေါ်ဒိစရိတ်နယ်ပယ်အရပ်ဒေသများတွင်။ မိမိကိုယ်ကိုမင်းလောင်းရောင်ဆောင်၍သေနတ်လက်နက်၃ကျိခွဲးကိုင်လျက်လှုပ်ရှားထကြွရှိနေသောထားပြလူဆိုးအရေအတွက်၂၄ယောက်တို့ကိုပုလိပ်အမှုထမ်းသားတို့လိုက်

လံဖမ်းဆီးရှိနေရာ။မရမမိသေးကြောင်း။မကြာမီက၎င်းထားပြလူဆိုးသူဆိုးတို့နှင့်တွေ့ဆိုင်ပစ်ခတ်တိုက်ခိုက်ကြရာ။ပုလိပ်အမှုထမ်းသားတို့ဘက်တွင်အကြပ်ကလေးဟာဝီဒါတယောက်ကျဆုံးသည်ပြင်။လက်နက်ကိုင်တယောက်မှာပြင်းထန်စွာထိခိုက်နာကျင်ရှိသော်လည်းထားပြလူဆိုးသူဆိုးတို့ဘက်၌တစုံတယောက်သောသူတို့ကျဆုံးမရှိဘဲဆုတ်ခွါသွားကြကြောင်း။၎င်းတို့ကိုလိုက်လံဖမ်းဆီးရန်ပလက်ဝအရပ်မှာပုလိပ်အမှုထမ်းသားတို့ကိုဆင့်ဆိုထားကြောင်း။

NOTES.

လှုပ်ရှားထကြွပြုလုပ် to get up a rebellion. ဒိဗိဇံ E. division. ဒိစရိတ် E. district. မင်းလောင်း a usurper, embryo prince. ပုလိပ် E. police. တွေ့ဆိုင် to meet face to face. ပစ်ခတ် to fire. အကြပ်ကလေး sub-officer. ဟာဝိဒါ H. havildar. ပလက်ဝ name of a place.

၁၃. ဓာတ်သတ္တုတွင်းများကိုတူးဖေါ်လုပ်ကိုင်ကြောင်း။

13. Discovery of Minerals.

မြန်မာနိုင်ငံတော်အထက်ပိုင်းတောတောင်အရပ်ဒေသများတွင်။အမျိုးမျိုးသောဓာတ်သတ္တုတွင်းတူးဖေါ်လုပ်ကိုင်ခြင်းအကြောင်းအရာနှင့်စပ်လျည်၍အင်္ဂလိပ်

သတင်းစာတစောင်၌ရေးသားဖေါ်ပြသည်မှာ။မြန်မာနိုင်ငံတော်အထက်ပိုင်းတောတောင်မှစ၍ရေစမ်းချောင်းတဉ့်ရှိရာ။အရပ်ဒေသများ၌တွေ့ရှိသောခဲမဖြူ၊ခဲမပုပ်ဓါတ်သတ္တုအစရှိသည်တို့သည်အခြားတိုင်းပြည်နိုင်ငံ၌ရရှိသောဓါတ်သတ္တုများကဲ့သို့ကောင်းမွန်သဉ်ဟုအင်္ဂလန်ပြည်၌နေထိုင်ရှိသောပညာရှိအပေါင်းတို့ကပြောဆိုကြကြောင်း။

ပတ္တမြားကျောက်တွင်းတူးဖေါ်လုပ်ကိုင်ရှိနေသောကုမ္ပဏီတို့သဉ်ခဲသတ္တု၊သံသတ္တုတွင်း၌တည်ရှိသောတောတောင်အရပ်ဒေသများကိုတွေ့ရှိသော်လည်းထိုသတ္တုတွင်းများကိုတူးဖေါ်ယူဆောင်ရာ။ခရီးလမ်းဝေးကွာလျက်စရိတ်ကြေးငွေမျါးစွာကုန်ကျလိမ့်မည်ဖြစ်သောကြောင့်မတူးမဖေါ်ဘဲရှိနေကြကြောင်း။

ထိုအပြင်။မြန်မာနိုင်ငံတော်မြောက်ပိုင်း။ချင်းတွင်းနယ်ပယ်တောတောင်အရပ်ဒေသများမှာ။ရွှေသတ္တုတည်ရှိသောစမ်းချောင်းများကိုလည်းတွေ့ရှိကြောင်း။

ထိုအပြင်လည်းကျောက်မီးသွေးတွင်း၊ရေနံတွင်းများကိုတူးဖေါ်လုပ်ကိုင်ရန်ဘွဲ့စည်းထားသောကုမ္ပဏီလူစုတို့သည်လည်းယခုအခါစမ်းသပ်၍လွန်ပေါက်တူးဖေါ်လုပ်ကိုင်ရှိနေရာ။အကျိုးကျေးဇူးခံစါးရလိမ့်မည်ဟုမျှော်လင့်တောင့်တရှိနေကြလေသည်။

NOTES.

ဓါတ် for P. ဓါတု minerals. သတ္တု P. minerals (not in Childers). စပ်လျည် connected with. အင်္ဂလိပ် English. အင်္ဂလန် England. ကုမ္ပဏီ E. company. ကျောက်မီးသွေး coal. ဖွဲ့စည်းထား form, unite. လွန်ပေါက် to bore.

၁၄. မန္တလေးမြို့မြစ်ဆိပ်ကမ်းနားတွင်။ တပ်မြို့တည်ထောင်ရန်စီမံချက်ကိုငြင်းပယ်ကြောင်း။

14. Leading Article in 'Mandalay Times' on Establishment of Cantonments on the River Bank, Mandalay.

သုနာပရန်တ၊ တမ္ဗဒီပ၊ ကမ္ဗောဇစသောတိုင်းကြီးပြည်ကြီးတို့နှိုက်။ ခိုမှီမွေ့လျော်ပျော်နေကြသောသဌေး၊ သူကြွယ်၊ ကုန်သည်ကြီးငယ်စသောပြည်သူအပေါင်းတို့နှင့်မပြတ်ရောပြွမ်းကူးသန်းရောင်းဝယ်ဖောက်ကားဆက်ဆံရာဌာနဖြစ်သောမန္တလေးမြို့တော်ကြီး၏မြစ်ဆိပ်ကမ်းနားတွင်တပ်နယ်မြေပြုလုပ်၍တပ်မြို့တည်ထောင်ရန်စီမံချက်ကိုကော်မီတီလူကြီးမင်းတို့ကမည်သည့်အကြောင်းနှင့်သဘောမတူသည်ကို ၁၈၉၂ခုမတ်လ ၈ရက်အင်္ဂါနေ့နံက်၇နာရီခွဲးအချိန်တွင်။ မန္တလေးမြို့မြူနီစီပါယ်ရုံးတော်နှိုက်၅၈ကြိမ်

NOTES.

တပ်မြို့ cantonments. သုနာပရန္တ၊ တမ္ဗဒီပ၊ ကမ္ဗောဇ၊ names of certain districts in Upper Burma. မပြတ် always. ရောပြွမ် mix together. ကော်မီတီ E. committee. မတ် E. March. မြူနီစီပါယ် E. municipal.

မြောံကော်မီတီလူကြီးမင်းတို့အရပ်ရပ်ဆိုင်ရာအစည်းအဝေးကြီးတွင်။စစ်ဗိုလ်ချုပ်ကြီးအတွက်။ဥတ္တရဌာနခရိုင်ဝန်ရှင်တေါ်မင်းကြီးက၁၈၉၂ခုဖေဖေါ်ဝါရီလ၂၄ရက်နေ့နံပါတ်၉၆၈—၅နှင့်မေးမြန်းသောစာကိုဖတ်ရှုဆင်ခြင်စဉ်းစား၍ကော်မီတီလူကြီးမင်းများကပြောဆိုကြည်ညီမှာ။

မြစ်ဆိပ်ကမ်းနါးတွင်တပ်မြေပြုလုပ်တပ်မြို့တည်ထောင်ကကူးသန်းရောင်းဝယ်ကြီးကျယ်ခမ်းနားသောနေရာအရပ်မှမြို့တွင်းသို့တည့်တည့်ဝင်စရာလမ်း၊မြစ်ဆိပ်သို့သွားသောလမ်းကိုပိတ်ဆို့သဖြင့်မြို့၏အကျိုးစီးပွါးပျက်ပြားမည်အကြောင်းအထက်၁၈၈၉ခုနှစ်ကဖေါ်ပြဘူးသောအချက်ထက်တိုး၍နိုင်ခံ့လုံလောက်သည်မဟုတ်။၈၉ခုနှစ်ကအကြောင်းကိုဆင်ခြင်စဉ်းစားကြသောအခါယခုခရိုင်ဝန်ရှင်တော်မင်းကြီးလည်းအကြီးဥက္ကဋ္ဌပြီစီဒင်မင်းအဖြစ်နှင့်ပင်ရှိလျက်ကော်မီတီလူကြီးမင်းတို့ကမြူနီစီပယ်နယ်နိမိတ်အတွင်းမြစ်ဆိပ်ကမ်းနားတွင်တပ်မြေပြု၍တပ်မြို့တည်ထောင်ရန်အလိုမရှိသည်ကိုဖေါ်ပြဘူးကြောင်း။ထိုပြင်ဤတပ်နယ်သည်

NOTES.

၅၈ကြိမ်မြောက် fifty-eighth. စစ်ဗိုလ်ချုပ်ကြီး general. ကြဉ်ညီ to agree. ခမ်းနား suitable. ဖေဖေါ်ဝါရီ E. February. ဥက္ကဋ္ဌ P. eminent, high. ပြီစီဒင် E. president. နိမိတ် for P. နိမိတ္တံ a mark, boundary.

အမိန့်တော်ပြန်တမ်းဂေဇက်သတင်းတွင်မပါမရှိဘူးသည်ကိုလည်းထုတ်ဘော်ပြောဆိုဘူးကြောင်း။

မြစ်ဆိပ်ကမ်းနားတွင်တပ်မြို့တည်ထောင်ဘို့အကယ်စင်စစ်လိုပါမူ၊အထက်မြန်မာနိုင်ငံတော်ကိုအင်္ဂလိပ်မင်းတို့အုပ်စိုးသည်မှာ။ ၅နှစ်ကြာရှိပြီးဖြစ်၍ဤ၅နှစ်အတွင်းတွင်တည်ထောင်ပြီးမြောက်ရှိပါလျက်မတည်ထောင်။ ယခုမှတည်ထောင်ရန်လိုမည်လက္ခဏာမရှိကြောင်း။

သို့ဖြစ်၍။စစ်ဘက်အရာရှိမင်းတို့ဘော်ပြသောအခြေသည်နိုင်ခံ့လုံလောက်သောအခြေမဟုတ်ဟုကော်မီတီလူကြီးမင်းတို့သဘောတွင်ထင်မြင်ရှိကြသည်နှင့်၊၎င်းစီမံချက်ကိစ္စကိုရပ်စဲပါစေမည်အကြောင်းကိုတွေ့မြင်ကြားသိရကြောင်း။

သို့အရပ်ရပ်။ကျွန်ုပ်တို့တွေ့မြင်ကြားသိရသဖြင့်အများပြည်သူလူအပေါင်းတို့သည်ကော်မီတီလူကြီးမင်းတို့၏ခံငြင်းပယ်ချက်ကိုမပြတ်နှစ်လုံးသွင်းမိသဖြင့်ပီတိဝမ်းမြောက်ထောပနာမြှောက်ထိုက်ကြပေသည်။

အဘယ်ကြောင့်ဆိုသော်၊ထိုနေရာဌာနတွင်တပ်မြေလုပ်၍တပ်မြို့တည်ထောင်မူ၊ကုန်သည်ကြီးငယ်၊ဆင်းရဲ

NOTES.

ဂေဇက် E. gazette. မြောက် gives the idea of 'fulfilment, accomplishment.' စစ်ဘက် military. စီမံချက် order. သို့အရပ်ရပ် on these grounds. ပီတိ P. joy.

သါးမျိုးစွာသောပြည်သူအပေါင်းတို့သည်အစဉ်ထာဝရအမြဲနေရာမှရွှေ့ပြောင်းသွားလာရာဆိုသောအလုပ်သဉ်ကူးသန်းရောင်းဝယ်၊အတဉ်မကျ၊စီးပွါးယုတ်လျော့၍စရိတ်ကြေးကိုယ်ပန်းနွမ်းရိဘွယ်ဖြစ်ရာသည်လည်းတကြောင်း။

၎င်းနေရာဌါနကိုအထက်အောက်၊အနီးအဝေး၊မြို့ကျေးရွာများမှသဘော်စီး၊လှေစီးအစရှိသောအသီးသီးလာရောက်ကြသောကုန်သည်ကြီးငယ်တို့လည်းမန္တလေးမြို့ကြီးနှင့်ရောင်းလမ်းဝယ်လမ်း၊သွားလမ်းလာလမ်း၊လွယ်လင့်တကူ၊မပင်မပန်း၊နီးကပ်စပ်လျှည်သောကြောင့်အလွန်ပင်နှစ်သက်စုံမက်ကြသည်သဘောရှိကြောင်း။

၎င်းဌာနရွှေ့ပြောင်းရလျှင်အရပ်ရပ်ကုန်သည်ကြီးငယ်တို့၊အစည်ထာဝရနေရာမဟုတ်သည်နှင့်၊စိတ်တိုင်းကိုယ်တိုင်းမကျ၊ကူးအားသန်းအားမှယုတ်လျော့၍ပြည်၏အကျိုးစီးပွါးနီးပါးရန်ရှိကြောင်း။

သို့အကြောင်းကြောင့်အရပ်ရပ်ကိုစေ့စပ်ဆင်ခြင်လျှင်ကော်မီတီလူကြီးမင်းတို့ရခံငြင်းပယ်ချက်သည်အလွှန်နှစ်သက်ဘွယ်ကောင်းလှပေသည်ဟုကျနုပ်တို့စိတ်တွင်မှတ်ထင်မိပေသည်။

NOTES.

ထာဝရ P. permanent. အတည်မကျ unsettled. စရိတ်ကြေး expense. ကိုယ်ပန်း bodily fatigue. နွမ်းရိ exhausted. လွယ်လင့်တကူ easily. စေ့စပ် in conjunction.

ကြေးနန်းသတင်း။

Telegraphic News.

၁၅. မန္တလေးမြို့မီးလောင်ခြင်း။

15. Fire at Mandalay.

မန္တလေးမြို့အေပြီလ ၂ရက်၊
တကူးလဆန်း ၉ရက်။

ဗုဒ္ဓဟူးနေ့တွင်လောင်သောမီးသည် အိမ်ခြေသုံးလေးရာလောက်ကျွမ်းလောင်၍ငွေ၁၀သိန်းတန်ဘိုးလောက်ဆုံးပါးကြသည်။ကြေးနန်းရုံးနှင့်စပ်လျည်သောအချို့တန်ဆာပလာများကိုရလိုက်၍ဆက်လက်၍ကြေးနန်းအလုပ်ကိုတောင်ကြုန်းရိုးနှင့်တပ်မြို့ရိုးကြားတွင်အိမ်ဖြူ

NOTES.

ကြေးနန်း the common word for anything connected with the electric telegraph. အိမ်ခြေ a household. ကျွမ်း to be consumed by fire. ကြေးနန်းရုံး telegraph office. စပ်လျည် connected with. တန်ဆာပလာ implements, instruments. ဆက်လက်၍လုပ် to carry on, continue. အိမ်ဖြူ a tent.

ဆောက်၍ကြေးနန်းရုံးလုပ်ကြရသည်။ ၎င်းနေရာတပ်ရိုးကိုဖျက်ဖောက်သောမီးရထားလမ်းတွင်ဖြစ်သည်။ကြေးနန်းရုံးနှင့်စပ်ဆိုင်သောငွေ၁၆၀ဗိလောက်မစ္စတာပါလပ်ကာသိမ်းယူထားခင်သည်။ ၎င်းမီးတွင်အသေအပျောက်ရှိသည်ဟူ၍သတင်းမရသေး။မီးသည်အကူးအလောင်မြန်လွန်းသည့်အတွက်မီးကိုလွှတ်ကင်းရန်ကြိုစည်သောအကျိုးမဖြစ်နိုင်။ရေများအသင့်ရှိသော်လည်းလေအလွန်ပြင်းထန်ခြင်းအတွက်မတတ်နိုင်ကြ။မစ္စတာဘုလုပ်တိုက်ကရှမ်းတန်းလမ်းအထိရှိတိုက်အိမ်များမှာမီးကျွမ်းလောင်သည်။သို့ရတွင်ဆိလမ်အိမ်တန်းအဆုံးနေဘံပေးတွင်အိမ်များဒိုင်အရက်ချက်ရုံးကိုလွန်၍ကောင်းကောင်းလွှတ်သည်။ကြာသပတေးနေ့ဒုတိယမီးတကြိမ်မှာ။အရှေ့ဘက်မြို့အပိုင်းတွင်အလွန်နာကြီးသည်ဟူ၍ရိပ္ပတ်ရသည်။ဆုံးပါးသောပစ္စည်းတန်ဘိုးများငွေအသိန်းတရာကျော်လောက်ရှိသည်။မီးကျွမ်းလောင်သောအိမ်များအပြင်ကျောင်းတိုက်ပေါင်း၁၁တိုက်မီးလောင်သည်။၎င်းတို့အနက်အမည်ရသောကျောင်းတိုက်များမှာ။စံကျောင်းတော်ခေါ်သောရွှေကျောင်းကြီး၂ဆောင်၊မှန်

NOTES.

မစ္စတာပါလပ် Mr. Pollock (?). ခင် = နှင့် prior past (J.§115). အသင့် ready. ဘုလုပ် Bulloch (?). ဆိ = C. ဒိုင် one who holds a spirit or opium monopoly. အရက်ချက်ရုံး a distillery. ရိပ္ပတ် E. report. ကျောင်းတိုက် a collection of monasteries.

ကျောင်းတိုက်၊အလွန်ကျော်စောသောခင်မဂန်စလင်းနှင့်အင်းကန်းကျောင်းတိုက်၊၎င်းကျောင်းတိုက်တွင်နေထိုင်ကြသောဘုန်းတော်ကြီးများသည်စာတတ်ပုဂ္ဂိုလ်များဖြစ်ကြ၍မင်းတုံးမင်းလက်ထက်ကတံဆိပ်ရဆရာတော်များဖြစ်သည်။မှန်ကျောင်းတိုက်မှာ။၁၁နှစ်လောက်ကမင်းတုန်းမင်းကဆောက်လုပ်သောကျောင်းဖြစ်၍ငွေ၁၆သိန်းကုန်ကျသည်။သည်ပြင်လည်းမီးကလေး၂ကြိမ်လောင်သေးသည်။ကြာသပတေးနေ့တွင်။နန်းတော်မြောက်သူရဲဈေးတွင်လောင်သည့်မီးတခုမှာ။ကင်းတော်ဂါတ်တွင်ညည့်ကလောင်သည်။အိမ်တအိမ်သာလောင်မိသည်။ယခု၃နာရီခွဲအချိန်တွင်မီးတခုလောင်၍နေသည်မှာ။ဈေးချိုနှင့်တမီးဘက်ကိုကျ၍ဂါတ်နှင့်အနီးဆီမှာကျသည်။အသေအချာမသိရသေး။၎င်းကြေးနန်းတခုအဆို။မန္တလေးမြို့အေပရီလ၂ရက်၊မန္တလေးတွင်မီး၂ကြိမ်ထပ်မံလောင်ပြန်သည်မှာ။ပဌမမီးမှာ။မန္တလေးမြို့အရှေ့မြောက်ပြင်တွင်နံက်၆နာရီလောက်တွင်မီးလောင်ရာ။မွန်းတည့်အချိန်တွင်မီးငြိမ်း

NOTES.

ဘုန်းကြီး great glory: the usual term for a monk or priest. ပုဂ္ဂိုလ် from P. ပုဂ္ဂလော a person: used to denote the head of a monastery: cf. E. parson. မင်းတုံးမင်း the last king but one, Thibaw's father. အေပရီ or အေပြီ April. နံက် morning.

သည်။ ဒုတိယမိး မှာ။ မြွှာ များနေကြသောရပ်ရွာတွင် လောင်၍အေနှင့်ဘီလမ်းစပ်ကြားတွင်ဖြစ်၍မန္တလေးမြို့ နှင့်ကမ်းဆိပ်နှင့်အနီးတွင်ကျသည်။ လေပြင်းထန်သည်နှင့် မိးကိုလေရပ်ပေးသကဲ့သို့မြန်မာအိမ်ပေါင်း၊ ရာပေါင်း များစွာကျွမ်းလောင်သည်။ ၎င်းမိး မှာ။ မွန်းလွဲ ၃ နာရီ သောက်တွင်ငြိမ်းသည်။ ဒုက္ခကြီးစွာရောက်ကြသည်။ မြွှာများမှာ။ မိမိတို့ပစ္စည်းများကိုသာ သယ်ပိုးလုပ်ကိုင် ကြသည်။ ယူရိုပိယန်များမှာသာ လျှင်ဝိုင်းဝန်းကူညီ ကြသည်။ အသေအပျောက်ဆို၍မကြားမသိရသေး။

NOTES.

အေ = A. ဘီ = B. ရပ်ပေး to fan. မွန်းလွဲ post meridian. J. does not offer any explanation of မွန်း the meridian, but it may be connected with အမွမ်း a pinnacle; source of a river. သယ်ပိုး to remove. ယူရိုပိယန် European.

Petitions.

NOTE.—The spelling of the petitions is not always according to Judson, but they are printed as in the manuscripts.

1. Plaint in Civil Suit.

ပြည်မြို့ဝန်ထောက်တော်မင်းရုံးတွင်တရားမ
မှုနံပါတ် ၁၅၄။

တရားလို	မိရွှေမ	ပန်းဆိုးတံရပ်နေ။
တရားခံ	ငလူကြီး	ပေါင်တည်ရွာနေ။

စပါးဘိုးငွေဒင်္ဂါ ၁၄၇ ၀ိ—၀ဲ—၀ံ ရလိုမှု။

၁။ ၁၈၈၃ခုနှစ်။အောက်တိုဘာလ ၅ရက်နေ့၌ဘုရားကျွန်တော်မသည်ပြည်မြို့တွင်တရားခံသို့ပွဲခနှင့်ရောင်းချရုံစပါးအတင် ၇၅၀ ကိုပေးအပ်လိုက်ပါသည်။

၂။ အောက်တိုဘာလ ၃၁ရက်နေ့တွင်တရားခံသည် ၄င်စပါးကိုငွေ ၁၅၀၀ိ နှင့်ရောင်းပါသည်။

၃။ ၎င်ငွေအတွက်တရားခံပွဲခငွေ၂၅သင့်ပါသည်။

၄။ ၁၀၀၃ခုနိုဝင်ဘာလ ၆ ရက်နေ့တွင် ၎င်စပါးဘိုးငွေကိုတရားခံထံကျွန်တော်မတောင်းပါသည်။

၅။ ၎င်ငွေကိုတောင်းသော်လည်းမပေးပါ။

၆။ သို့ဖြစ်ပါ၍ကြိုငွေ၁၄၇၈—ဝဲ—ဝံကိုစရိတ်နှင့်တကွပေးဆပ်စေရံအမိန့်ဒီကရီကယ်မသနားတော်မူပါမည်အကြောင်းကိုလျှောက်ထားပါသည်အရှင်မင်းမြတ်ဘုရား။

မိရွှေမလက်မှတ်

NOTES.

ပြည်မြို့ the town of Prome: ပြည် is the B. name; Prome is the Talaing name. တရားမ Civil Law. နံပါတ် E. number. တရားလို plaintiff. တရားခံ defendant. မိရွှေမ name of plaintiff; မိ = Mrs. or Miss: used in court documents, or to young or inferior persons. ငလူကြီး name of defendant; င is used for Mr. in court documents or to inferiors, but is not polite. ပန်းဆိုးတဲ the dyers' quarter. ပေါင်တည် a village in Prome district. ၈—ဝဲ—ဝံ the large circle over a figure denotes rupees; ` stands for ဝဲ = one anna; ˚ for ပိုက် = one pie. အောက်တိုဘာ E. October. နိုဝင်ဘာ E. November. ပွဲခ brokerage. အတင်း a basket = one bushel. စရိတ် costs in suit. ဒီကရီ E. a decree.

2. Request to be allowed to hold a Theatrical Performance.

မော်လမြိုင်မြို့ဝန်မင်းသွင်ဘုရားရုံးတော်။

ဘုရားကျွန်တော်ကိုရွှေအောင်ရှိခိုးအစီရင်တော်ခံပါသည်ဘုရား။

ဘုရားကျွန်တော်သည် ၄နံပါတ်ရပ်တွင်။ စေတီကြီးကုံးတော်ခြေရင်း၌။ ပြာသိုလ်လပြည့်နေ့ကစ၍ ၃ညည့်ဆက်လျက်မြမ္မာဇာတ်ပွဲသဘင်ကြွင်းပလိုပါသည်ဖြစ်သော့ကြောင့်အခွင့်လက်မှတ်ကယ်မသနားတော်မူပါမည့်အကြောင်းရှိခိုးအစီရင်တော်ခံပါသည်ဘုရား။

ကိုရွှေအောင်

၁၂၄၅ ခုပြာသိုလ်လဆန်း၁ရက်နေ့။

NOTES.

မော်လမြိုင် Moulmein. မြို့ဝန်မင်း magistrate of a town. After တော် understand ၌ in. ကို *elder brother*, mode of addressing an elderly man = Mr. ရွှေအောင် the man's name; ရွှေ *gold*, is generally put before the proper name. ဘုရား My Lord, or, Your Worship; always put at end as well as beginning of opening sentence. ၄နံပါတ်ရပ် No. 4 Street. ဇာတ်ပွဲ a theatrical performance in which men and women are the actors. အခွင့်လက်မှတ် a permit.

3. Request for an Appointment as Head Clerk.

ဘုရားကျွန်တော်မောင်ရွှေရိုးရှိခိုးအစီရင်တော်ခံပါသည်ဘုရား။ ။ကျွန်တော်မျိုးသည်အစိုးရမင်းအမှုတော်ကိုတလလျှင်၂၀ကျနှင့်မျှတလုံလော်ံခြင်းမရှိသော်လည်းဒုတိယဆရာအဖြစ်နှင့်နှစ်၊လရှည်စွာသမာဆန္ဒဖြင့်ဝိရိယစိုက်ထုတ်၍မယုပ်မလျော့မပျက်မလပ်အနာဂါတ်အခါကိုညှာတာတွေးချင့်လျက်လေးဖြင့်ရှည်ကြာစွာမျှော်လင့်ထမ်းရွက်သူကျွန်တော်မျိုးမှန်ပါသည်အတိုင်းတလလျှင်၇၀ကကို၁၀၀အတိရရှိနိုင်သောအလုပ်မှထွက်သွားသူပဌမစါရေးကြီးမောင်ဘိုးရွှေနေရာတွင်ခန့်တင်ချီးမြှောက်တော်မူပါလျှင်လုံးလောက်မျှတ၍ဝမ်းမြောက်ဝမ်းသာအရှင်စိုးမင်းတို့အမှုတော်ရပ်များကိုနှစ်ပရိစ္ဆေဒကာလအရှည်တည်ကြည်ဖြောင့်မတ်စွာမညှိုးမနွမ်းကြိုးပန်းထမ်းရွက်နိုင်ပါမည်အကြောင်းကိုကျေးဇူးတော်ရှင်သာလျှင်ကိုးကွယ်ရာဖြစ်ပါသော့ကြောင့်ရှိခိုးအစီရင်တော်ခံပါသည်ဘုရား။

မောင်ရွှေရိုး

NOTES.

မောင်ရွှေရိုး man's name. မောင် *brother* = Mr., used to or for equals or inferiors. ကျွန်တော်မျိုး I: lit. 'race of royal slaves,' the usual mode in petitions. တလလျှင်၂၀ကျ at the

rate of Rs. 20 per month: လျှင် = per: ကျ to fall = at the rate of. မျှတ in proportion to. အဖြစ်နှင့် in the position of. နှစ်၊လရှည်စွာ for long years and months, i. e. for a long time. သမာဆန္ဒ P. great desire. အနာဂါတ် P. the future. လေးမြင့်ရှည်ကြာစွာ for a long time. ၇၀ိကကို၁၀၀ိ အထိ rising from Rs. 70 to Rs. 100. ပဌမစာရေးကြီး a head clerk in an office: ပဌမ P. first. မောင်ဘိုးရွှေ a man's name. ပရိစ္ဆေဒ P. a period of time.

4. Plaint in Civil Suit.

မော်လမြိုင်မြို့တရားမမင်းကြီးရုံးတော်တွင်တရား
မနံပါတ် ၅၄၂။

တရားလို ကိုလူ ဒိုင်ဝန်ကွင်းရပ်နေ။
တရားခံ ကိုခွေး ကတိုးရွာနေ။

ဘုရားကျွန်တော်ကိုရွှေလူရှိခိုးအစီရင်တော်ခံပါသည်
ဘုရား။

၁။ တန်ခူးလပြည့်နေ့တွင်။တရားခံကျွန်းသစ်လုံးရေ ၁၀၀၀ ကြိုးတန်းကကျရောက်သည့်ကာလ။ ကျွန်တော်သို့ပေးအပ်၍ကျွန်တော်က၎င်းသစ်ဘိုးငွေ ၂၅၀၀ိ ကိုပေးချေပါမည်ဟုကတိုးရွာတွင်နှစ်ဦးသဘောတူဂတိရှိကြပါသည်။

၂။ ဝါဆိုလပြည့်နေ့တွင်။၎င်းသစ်များသည်ကတိုး

ဆိတ်သို့ရောက်သည့်ကာလ။ တရားခံကိုသစ်အပ်လျှင်ဂတိအတိုင်းငွေးချေးပါဟုကျွန်တော်တောင်းဆိုပါသည်။

၃။ တရားခံသည်မပေးမအပ်နေသော့ကြောင့်ကျွန်တော်မှာ၎င်းသစ်ကိုတရားခံအပ်ပါမူ၊အမြတ်ရသင့်သည်ကိုမရှိနေပါသည်။

၄။ သို့ဖြစ်ပါ၍၎င်းသစ်၁၀၀၀ကိုဖြစ်စေ၊သင့်ငွေ၂၅၀၀ဝိကိုဝါဆိုလပြည့်နေ့ကစ၍အတိုးနှင့်တကွဖြစ်စေ၊ကျွန်တော်သို့ပေးဆပ်စေရံအမိန့်ဒိကရီကယ်မသနားတော်မူပါဘုရား။

ကိုလူလက်မှတ်။

VERIFICATION.

အထက်စွဲချက်တွင်ပါရှိသည့်အဆိုများမှာအမှန်အကန်ဖြစ်ပါကြောင်းခံဝန်ပါသည်။

ကိုလူလက်မှတ်

၁၂၃၈ခုနိုဝင်ဘာလ ၁၂ရက်နေ့။

NOTES.

တရားမမင်းကြီး civil judge. ဒိုင်ဝန်ကွင်း a part of Moulmein. ကတိုး a village above Moulmein; lit. ferry. ကျွန်းသစ်လုံးရေ၁၀၀၀ one thousand logs of teak. ကြိုးတန် rope station; where the logs are caught in the river by a rope stretched across. ချေး to pay. မူ if. အမြတ် profit. အတိုး interest.

5. Criminal Appeal of a Man in Jail at Rangoon.

ဘုရားကျွန်တော်ရန်ကုန်မြို့ထောင်အတွင်းအကျဉ်းခံနေရသူငလူဆိုးရှိခိုးအသနားတော်ခံပါသည်ကျေးဇူးတော်သွင်အသျှင်မင်းမြတ်ဘုရား။

၁။ ပဲးခိုမြို့အရေးပိုင်မင်းက။ ကျွန်တော်မျိုးအပေါ်တွင်လွန်ခဲ့သည်ဝါခေါင်လအတွင်းက။ ရောင်တူရွာ၌ထားပြတိုက်ရာ။ ငလူအိုဆိုသူကိုသေးဆုံးကြောင်းနှင့်စွဲချက်တင်၍ပဲးခူးစက်ရှင်ရုံးတော်ကြီးသို့ပို့သွင်စစ်ဆေးကာလ၊ မှုဖြစ်ထင်ရှားသည်ဆို၍ကျွန်တော်မျိုးအပေါ်တွင်သေဒဏ်စီရင်ခြင်းကိုခံရပါသည်။

၂။ ရောင်တူရွာတွင်ထားပြတိုက်သည်အခါ။ ကျွန်တော်မျိုးသည်အောက်မြို့ကျေးရွာတွင်မရှိ။ အထက်မန္တလေးမြို့သို့အကူးအသန်းသွားလါနေကြောင်းများကိုသက်သေတင်ပြပါသော်လည်းအယူတော်မရှိ။

၃။ ကျွန်တော်မျိုးသက်သေများကိုပယ်၍တရားလိုသက်သေများကိုသာယုံကြည်တော်မူသည်အတိုင်းသေဒဏ်ကိုစီရင်တော်မူရာ။ အလွန်နစ်နာလှပါသည်ဖြစ်၍ဆင်ရဲးသားတို့၏ကိုးကွယ်ရာအသျှင်မင်းမြတ်ကကျွန်တော်မျိုးအမှုကိုဆင်ခြင်တော်မူပြီးလျှင်အသက်သေမှချမ်းသာပေးတော်မူပါမည်အကြောင်းရှိခိုး

အသနားတော်မြတ်ခံပါသည် ကျေးဇူးတော်သ္ခင်အသျှင်မင်းမြတ်ဘုရား။

လေူဆိုး X ကျက်ခြေ

NOTES.

အကျံဉ်း rigorous imprisonment. လေူဆိုး man's name. အသျှင် for အရှင် lord. ပဲးခို Pegu. အရေးပိုင်မင်း Deputy Commissioner. ရောင်တူ name of a village. ထားမြ (pron. *damyá*) a dacoit. ပဲးခူးစက်ရှင်ရုံး Pegu Sessions Court. သေဒါဏ် punishment of death. အောက်မြို့ကျေးရွာ Lower Burma. အထက်မန္တလေးမြို့ Mandale in the upper (country). ကျက်ခြေ fowl's foot, i.e. the mark X.

6. Petition as to Right to certain Fisheries which had been let to Petitioner.

N. B.—This is the same as the written petition No. 2, at end.

ရွှေကျင်မြို့အရေးပိုင်မင်းသ္ခင်ဘုရားရုးတော်။

ဘုရားကျွန်တော်ဘီလင်းမြို့မတိုက်မခွေးရေကျော်နေငပိုရှိခိုးအစီရင်တော်ခံပါသည် ကျေးဇူးရှင်သခင်ဘုရား။

ကဖိုင်းကြီး၊ကဖိုင်းခလေး၊တူးမြောင်း၊မိကျောင်းအိုင်၎င်အင်းကိုအရှင်ဘုရားရုံးလေလံတွင်—၅နှစ်ကျေးဒိုင်းပိုက်။အဘိုးငွေ ၈၂—နှင့်ဝယ်ယူရပါသည်။

၎င်အင်းအုံ၊တူးမြောင်း၊မိချောင်းရိုး—၂အင်းကို

ရွှေလှေရွာသားလူပေါင်း ၃ ရောက်တို့သည်ကျွန်တော်ရောင်းရာမပါ၊ဘေားမဲ့ထားသည်ဆို၍မျှုံး၊ကတုံးထောင်ယူစားသောက်သော့ကြောင့်ဝန်ထောက်တော်မင်းရုံးတွင်လျှောက်ထားရာ။အရှင်ဘုရားရုံးသို့အမှုတွဲပို့မည်။လေလံပြစ်ရင်းရုံးဖြစ်၍ဂုင်အင်း ၂ အင်းပါမပါအမိန့်တော်ကိုနားခံရုံဆို၍အထက် ၂ လခံ့ကအမိန့်ရှိပါသည်။နောက်ငင် ၅ အင်းအတွင်း။ကျွန်တော်ဖိတ်ဆီးချုပ်ထားပက်ပြီးရေခန်းမှ။ငါးမျှားကိုနှင်ဘလဲ့ကြာအင်းရွာသားလူပေါင်း—၄၃ရောက်—ဘေားမဲ့ထားသည်ဆို၍အတင်းအမာလါရောက်။ရကွင်း၊ဆောင်းများနှင့်ဘမ်းယူကျပါ၍ကျွန်တော်မျိုးအနာခံနေရပါသည်။သို့ဖြစ်ပါ၍ဂုင်အင်းရောင်းသည်စာရင်း၊အင်းဘုံကိုကြည့်ရှုတော်မူပြီးလျှင်လျှောံရာပါ—၄အင်းကိုဝယ်ယူရောင်းသည်မှံ့မမှံ့၊အမိန့်ကယ်မပေးသနားတော်မူပါမည်အကြောင်းရှိခိုးအစီရင်တော်ခံပါသဉ်ကျေးဇူးရှင်သခင်ဘုရား။

ငပိုလက်မှတ်

NOTES.

ရွှေကျင် Shwegyin, on the Sittang river. ဘီလင်း B‘eelin, a town in the Shwegyin district. မြို့မတိုက် the town, or home circle. The တိုက် is a division of a district for revenue purposes. မရွှေးရေကျော် name of a village. ကဖိုင်းကြီး—ကဖိုင်းခလေး—တူးမြောင်း—မိကျောင်းအိုင်း names of fisheries or ponds. လေလံ auction; fisheries are let

by auction at the courts. ကျေးတိုင်းဇိုက် to settle revenue for a period of years. အနှံ out of. ရွှေလှေ name of a village. ဘေးမဲ့ထားသည် to set apart as close fisheries. မျှုံး—ကတုံး fish-traps. အမှုတွဲး the file of the case. ပက် to bail out water with a scoop or dipper. နှင်ဘလဲ့ကြားအင် name of a village. ရကွင်း—ဆောင်း implements for fishing with. အင်းဘုံ for အင်းပုံ the map of the fishery.

7. Petition from the Thoogyee of a Circle against a fine of Rs. 20 inflicted for not providing carts according to order.

ဘုရားကျွန်တော်ကုံတော်တိုက်သူကြီးမောင်စံတွန်းရှိခိုးအစီရင်တော်ခံပါသည်ဘုရား။ ။အရှင်ဘုရားရုံးတော်ကလှည်းမပေးသည်ဒါဏ်ငွေ၂၀=ထားသင့်မထားများကိုအစီရင်ခံရမည်အမိန့်တော်မြတ်အရ။ကျွန်တော်မျိုးသဉ်အမိန့်ကိုကောင်းမွံတဉ်စွာနားခံသူမှုံပါ၍လှဉ်းမပေးဘဲတကျိန်တခါမျှဆင်ချိုသဉ်များကိုနေဘူးသဉ်မဟုပ်ပါ။အလိုရှိတော်မူသည်အတိုင်းမလစ်မလပ်လှဉ်းများကိုပေးရှိပါ၍ငွေဒါဏ်၂၀=များကိုလွှတ်သင့်ပါကြောင်းရှိခိုးအစီရင်တော်ခံပါသည်ဘုရား။

၁၈၈၅ ခုဒီဇင်ပါလ၉—ရက်နေ့

NOTES.

ကုံတော် name of Circle. သူကြီး head man and revenue-collector. မောင်စံတွန်း man's name. အရ in accordance with. ဒီဇင်ပါ December 9th, 1885 A.D. The English date is generally used now.

8. Civil Suit to recover Money lent.

ပုသိမ်မြို့အရေးပိုင်မင်းရုံးတော်နှိုက်။

၁၈၈၃ခုတရားမှုနံပါတ်၄၅။

ထရားလို။ မောင်ဖြူ၊ ကုန်သည်၊ ပုသိမ်မြို့
တလိုင်းချောင်းရပ်နေ။

ထရားခံ။ မောင်မဲ၊ ကုန်သည်၊ ပုသိမ်မြို့
သင်္ဘော်ကြည်းရပ်နေ။

တရားလိုထံတရားခံကချေးယူရင်းငွေ၂၀၀ဝိကို
အတိုးနှင့်တကွရလိုမှု။

အထက်အမှုပါဘုရားကျွန်တော်တရားလိုမောင်ဖြူ
လျှော်ထားပါသည့်ဘုရား။

၁။ လွန်ခဲ့သည့်၁၈၈၃ခုနှစ်ဇူလိုင်လ၁၁ရက်နေ့ပုသိမ်မြို့တွင်တရားခံသည်ကျွန်တော်မျိုးထံငွေ၂၀၀ဝိကိုတရာလျှင်၅တိုးနှင့်လက်သွဲးခေတ္တချေးယူပါသည်။

၂။ ၎င်းချေးယူသည့်ငွေကို၊ တရားခံက၊ တကျပ်တပြားမျှပြန်၍မပေးမဆပ်။ ငွေတိုးကိုလည်းမပေးနေပါသည်။

၃။ တရားခံထံ၎င်းငွေရင်းငွေတိုးများကိုပေးဆပ်ရအောင်အကြိမ်ကြိမ်တောင်းခံပါသော်လည်းမပေးမဆပ်ငြင်းဆန်၍နေပါသည်။

သို့ဖြစ်ပါ၍တရားခံချေးယူရင်းငွေ၂၀၀၀ိကိုသင့်ရာအတိုးနှင့်တကွ။ကျကုန်သည့်တရားစရိတ်အတွက်ပါဒီကရီအမိန့်ကယ်မသနားတော်မူပါမည့်အကြောင်းလျှောက်ထားပါသည်အသျှင်ဘုရား။

မောင်ဖြူလက်မှတ်

VERIFICATION.

အထက်စွဲချက်တွင်ပါစွဲသည့်အဆိုများမှါအမှန်အကန်ဖြစ်ပါကြောင်းခံဝန်ပါသည်။

မောင်ဖြူလက်မှတ်

NOTES.

ပုသိမ် Bassein. တလိုင်းချောင်းရပ် part of town of Bassein. သဘော်ကြည်းရပ် (dockyard) part of Bassein. ငွေရင်း or ရင်းငွေ principal. ဇူလိုင်လ၁၁ရက်နေ့ the 11th of July. တရာလျှင် per cent. လက်လွှဲ hand transfer, i.e. money passed from one to the other. တကျပ်တပြား one single coin. အတိုး or ငွေတိုး interest. ကျကုန် incurred. ပါ including.

9. Petition for Abatement of Land Revenue on various grounds.

ဘုရားကျွန်တော်ကျောက်တန်းစီရင်စုသံလျင်တိုက်အပိုင်ဗိုလ်ချုပ်ရွာနေငလူသစ်ရှိခိုးအသနားတော်မြတ်ခံပါသည်ကျေးဇူးတော်သခင်အရှင်မင်းမြတ်ဘုရား။

ကျွန်တော်မျိုးပိုင်သံလျင်တိုက်ရှိလယ်မြေများမှာ။

ရှေးရှေးသောနှစ်များကစပါးတသောင်းကိုးထောင်ထွက်နေကြလယ်များဖြစ်ပါသည်။ ထိုသို့ထွက်ရှိသည့်အတိုင်းစည်းကြပ်တော်မူရင်းမြေခွန်တော်များကိုမပင်မပန်းအလွယ်တကူနှင့်ချိန်ဆောင်မြဲဖြစ်ပါသည်။ ။ယခုနှစ်မှာ၊ ရှေးနှစ်ခြားနှင့်မတူ။ မိုးခေါင်၍မိုးရေလုံလောက်အောင်မရွာသည်ဖြင့်။ တော်သလင်းလအတွင်းက၊ ကျွန်တော်မျိုးတို့စီရင်စုတွင်ကျွဲ၊ နွားအနာရောဂါများစွာကျရောက်သဖြင့်။ ကျွဲ၊ နွားအများအပြားဆုံးပါရပါ၍ ကောင်းစွာမလုပ်မကိုင်ရ။ ရှေးနှစ်များတွင်ထွက်ရှိသည့်စပါးထက်ဝက်မျှမရမရှိ။ စပါးစျေးများလည်းခါတိုင်းနှစ်နှင့်မတူ။ အလွန်ယုတ်လျော့ပါသောကြောင့်ယခုနှစ်ထွက်စည်းကျတ်တော်မူရင်းမြေခွန်တော်များကိုအပြည့်အစုံမချိန်မဆောင်နိုင်ဖြစ်ပါ၍။ အထက်ဆိုခဲ့သည့်အကြောင်းအရာများကိုဆင်ချင်ထောက်ထားတော်မူပြီးလျှင်။ သင့်သည်ထင်ရာအခွန်တော်ငွေများကိုလျှော့ပေါ့ချမ်းသာပေးတော်မူပါမည့်အကြောင်းရှိခိုးအသနားတော်မြတ်ခံပါသည်ကျေးဇူးတော်သခင်အရှင်မင်းမြတ်ဘုရား။ —

ငလူသစ်

NOTES.

ကျောက်တန်းစီရင်စု the subdivision of Kyouk-tan. သံလျင် Syriam, a town near Rangoon. ဗိုလ်ချုပ် name of a village. ငလူသစ် man's name. ထွက် to yield. စည်းကြပ် to assess.

မူရင်း original. မြေခွန် land revenue. မိုး (or မိုယ်း) ခေါင်၍ there being a scarcity of rain. ရောဂါ P. disease. ထက်ဝက် one half. စပါးဈေး market price of paddy. သင့်သည်ထင်ရာ as you think proper. လျှော့ပေါ့ abate, reduce.

10. Petition for Abatement of Land Revenue.

ဘုရားကျွန်တော်၊ကစဉ်တိုက်အလယ်ရွာနေ၊မောင်သားဖြူရှိခိုးအစီရင်တော်ခံပါသည်ကြေးဖူးတော်ရှင်သခင်ဘုရား။

ကျွန်တော်မျိုးထွန်လုပ်သော၊၎င်တိုက်ကုန်ရွာကွင်းနှင့်ကြာကံကွင်းရှိလယ်မြေများသည်။နှစ်ကာလရှည်ကျား၍။မြေဆီမြေသြဇာညန့်သော့ကြောင့်။စပါးအသီးအနှံကောင်းမွန်စွာမရပါ။၁၂၄၄ခုနှစ်က။၎င်တိုက်တွင်။အရှင်ဘုရားတို့၊နင်ချင်ကြည့်ရှုရာ။တင်ကြလယ်တွင်။စပါး၃၅်သာရပါသည်။၄င်နောံ၁၂၄၈ခုနှစ်မှာ။တကျိန်နင်ခြင်ပြန်ရာ။တင်ကျလယ်တွင်။စပါး၁၅်တစိတ်သာရပါသည်။သို့ဖြစ်ပါ၍။ယခုအရှင်ဘုရားတို့စဉ်းကျပ်တော်မူသောနှုန်းများသည်ပိုမိုနစ်နာ၍မထမ်မဆောင်နိုင်ပါသောကြောင့်။တဧကလျှင်၅်—ဂဲနှုန်းမျှသာထမ်ဆောင်လုပ်စားပါရမည်အကြောင်းရှိခိုးအစီရင်ဘော်ခံပါသည်ဘုရား။

မောင်သားဖြူ

NOTES.

တစည် name of Circle. အလယ်ရွာ name of village. မောင်သားဖြူ name of petitioner. ကုန်ရွာကွင်း—ကြာတံကွင်း names of tracts of cultivated land: ကွင်း a level piece of ground free from trees, usually cultivated. မြေဆီမြေသြဇာ the productiveness of the soil. အသီးအနှံ yield of grain. နင်ချင်ကြည့်ရှုရာ on examining by threshing and measuring. တင်ကြ (or ကျ) လယ် the cultivated area on which the bushel (တင်) was used (fell). ၁၅ 15 tin or bushels ‘ = တင် basket. ပိုမို to be in excess. ဧက E. an acre. အနှုံး or အနှုန်း rate of assessment.

11. Deposition of Witness.

သက်သေ—ငဒရယ်—အစစ်ခံ—

အသက်—၄၀

အမျိုး—တလိုင်းကရင်

ဘာသာ—ဗုဒ္ဓ

အဘ—ငခိုက်တိ

နေ့ရက်—တိန်ငူကွင်းမန်လကာကုံနေ့

အလုတ်—လယ်လုတ်

ကျမ်းတိုက်စစ်မေးရာ

ထွက်ချက်။ကုရင်ငသာအောင်ကအရက်ချက်ရုံ အခွင့်ကို။မင်းကြီးရပါးအမိန့်ရသည်။အရက်ချက်လို လျှင်။ငွေများစီပေးကျဆိုသောကြောင့်။ကျွန်တော်က

ငွေပျား။ ကျွန်တော်တို့နေသောတိန်ငူကွင်းက။ ကုရင်လူမျိုးစာရင်းပါလူတို့က။ ငွေပျားစိသောအောင်ကိုပေးပါသည်။ သောအောင်ယူပါသည်။ ၁၂၄၃ ခုနှစ်။ ဝါဆိုလကဆောင်း၍ပေးကျပါသည်။ ဘတ်ပြရာအမှံဆိုသည်။

မောင်အန်

ပဌမရာဇဝတ်သူကြီးမင်း

NOTES.

တလိုင်းကရင် Talaing Karen. ဘာသာ religion. ဗုဒ္ဓ Buddhist. ကျမ်းတိုက် on oath. ထွက်ချက် statement. အရက်ချက် to distil. မင်းကြီး၄ပါး the four rulers, i.e. Chief Commissioner, Commissioner, Deputy Commissioner, Assistant Commissioner.

12. Petition to Registrar of Deeds.

ဘုရားကျွန်တော်ရန်ကုန်မြို့လမ္မတော်ရပ်နေနာဇိမြိရာရှိဒိုးအစိရင်တော်ခံပါသည်ဘုရား။

အောက်ကပူးတွဲပါရှိသောအိမ်အရောင်အဝယ်စါချုပ်သည်လမ္မတော်အရပ်တွင်မောင်ကလေးအမည်နှင့်အခွန်တော်ထမ်ဆောင်ဆောက်လုပ်နေထိုင်သောအိမ်ကိုကျွန်တော်မျိုးကအဘိုးငွေ၁၅၀ိပေး၍ဝယ်ယူပြီးနောက်။ ရင်စာချုပ်နှိုက်အောက်ကလက်မှတ်များရေးထိုးပါဘည်။

၎င်မောင်ကလေးကိုလည်းကျွန်တော်မျိုးကအိမ်ဝယ်သောအဘိုးငွေ၁၅၀ကိုလက်ရောက်ပေးချေရပြီးသည်နောက်။ဝယ်သောစါချုပ်အတွက်အရှင်ရုံးတော်တွင်ရိဇျဿရိဟူသောမှတ်ပုံစာအုပ်နှိုက်တင်ချင်း။အမည်ပြောင်းလဲချင်းတို့မှစ၍တစုံတရာမပြုမလုပ်ဘဲချုပ်ရက်ကယ္ဘုတက်တိုင်ကျံ့ကျာစွာရုံးသို့မလိုက်။ခေါ်သော်လည်းမလါရှိနေပါသဉ်။သို့ဖြစ်ပါ၍။၁၈၇၇ခုထုပ်ပြီးတော်မူသောရိဇျဿရိအက်ပုဒ်မ ၃၆။ ဥပဒေ၅၀အရ။၎င်စာချုပ်ကိုရိဇျဿရိပြုလုပ်နှိုင်စေရအောင်။မောင်ကလေးသို့အရှင်ရုံးတော်ကသံဘန်ဆင့်စါပေးအပ်ချခေါ်ပြီးလျှင်ထုံးဖွံ့အတိုင်းပြုလုပ်ပါရအောင်အမိန့်ကယ်မပေးသနားတော်မူပါကျေးဇူးရှင်သွင်ဘုရား။

နာဇိမြိရာ X ကျက်ခြေ

NOTES.

နာဇိမြိရာ Mahommedan name. ပူးတွဲပါရှိ filed, attached. ရိဇျဿရိ E. registry. ချုပ်ရက် the day of execution of document. ကျံ့ကျာ for ကြန့်ကြာ to delay. အက် E. Act. သံဘန် or သမ္ဘန် E. a summons.

13. Petition for Permit to fell Timber for building a Zayat.

ဘုရားကျွန်တော်သာရာဝတီစီရင်စု၊ တာပွန်မြို့နေ အောက်လက်မှတ်ပါလူကြီးတစုတို့ရှိခိုးအစီရင်တော်ခံပါသည်ကျေးဇူးတော်ရှင်သ္ခင်မင်းမြတ်ကြီးဘုရား။

ကျွန်တော်မျိုးတို့မှာ။ မိမိတို့ကိုးကွယ်ယုံမှတ်သော ဗုဒ္ဓဘာသာထိုးတန်းရှိသည်အလိုက်။ တာပွန်မြို့ဘုန်းတော်ကြီးဦးဝိသုဒ္ဓကျောင်းတိုက်ပရဝန်အတွင်းဝါတွင်းဝါပမဆို။ သိတင်းသုံးယောကျ်ားမိန်းမတို့မှစ၍ဥပုသ်သီလခံယူစောင့်သုံးရန်အတွက်ဇရပ်တဆောင်ကိုဆောက်လုပ်လှူတန်ရန်။ သဒ္ဓါတရားရှိသမျှမိတ်ဆွေအပေါင်းတို့ကိုဆော်နှိုးပင့်ပိတ်၍ကြေးငွေစုဆောင်းပြီးလျှင်အသင့်အတင့်ရှိနေကြရာ။ ၎င်းဇရပ်ပြီးမြောက်အောင်ဆောက်လုပ်ရန်သစ်ဝါးတို့ကိုဝယ်ချမ်းမည်ရှိရာ။ သစ်ဈေးဝါးဈေးအလွန်တိုးတက်ကြီးမြင့်ရှိနေပါ၍အလိုရှိတိုင်းဝယ်ချမ်းယူရန်နေရာမကျကြနိုင်ဘဲရှိနေကြပါသည်နှင့်။ အချို့သစ်ဝါးတို့ကိုတတ်အားသမျှ။ သစ်ကုန်သည်တို့ထံကဝယ်ယူပြီးလျှင်တချို့ကိုလည်းရတတ်သမျှ။ မိမိတို့ဘာသာအလျောက်။ တောကခုပ်ယူမည်ကြံရှိပါသဥ်ဖြစ်၍ကျွန်တော်မျိုးတို့၏သာသနာတော်ကိစ္စအရေးများ၌အရှင်မင်းမြတ်တို့လည်းစည်ပင်

တိုးပွားရန်စေတနာတော်မြတ်ရှိသည်နှင့်အညီ။ တာပွန်မြို့နယ်ရှိတာပွန်အစိုးရမင်းကြိုးဝိုင်းသစ်တောအတွင်း သစ်လုံးရေ—၅၀—တို့ကိုခုတ်လှည်းယူနိုင်ရန်အမိန့်အာဏာတော်ကယ်မသနားတော်မူပါမည်အကြောင်းရှိခိုး အသနားတော်ခံပါသည်အရှင်မင်းမြတ်ကြီးဘုရား။

ဦးရွက်၊ ကျောင်းတကာ
ဦးဖြူ၊ အရပ်လူကြီး

NOTES.

ဗုဒ္ဓဘာသာ Buddhist religion. ထိုးတန်း rule, persuasion. ဘုန်းတော်ကြီး or ဘုန်းကြီး great glory: the usual term for a Buddhist monk: ဘုန်း pronounced *p'ôn.* ဦးဝိသုဒ္ဓ monk's name. ပရဝဏ် a fence round a monastery. သဒ္ဓါ P. faith. မိမိတို့ဘာသာအလျောက် according to our custom. သာသနာ P. religion. စေတနာ P. good will. ကြိုးဝိုင်း reserved; lit. cord-encircled. ကျောင်းတကာ the founder or patron of a monastery. The term is generally used when addressing a person of respectability.

14. Payment of Land Revenue.

N. B.—The same as the written petition No. 1.

ဘုရားကျွန်တော်ပဲးကူးဖိုင်းဂနိုင်ရွာနေငနီရှိခိုးအစီရင်တော်ခံပါသည်ကျေးဇူးရှင်သခင်ဘုရား။

ပဲးကူးမြို့မတိုက်အတွင်း။ ကျွန်တော်ပိုင်ဖိုင်းဂနိုင်တောအရပ်ရှိ။ ခြံဥယည်အတွက်ကြေးတိုင်းဝန်ထောက်တော်မင်းသခင်ဘုရားရုံးတော်က။ ၁၂၂၄ခုမေလ၆ရက်

နေ့စွဲ။ နံပါတ် ၁၀၉ နှင့်ဆင့်ဆိုတော်မူသည့်အတိုင်းရုံးတော်သို့သွားရာ။ နာမည်ကိုမှတ်သားလိုက်ပြီးနောက်ပြန်လာရပါသည်။

ကျွန်တော်မျိုးခြံဥယည်မှာ။ ၁၂၄၂ ခုနှစ်ကစ၍ထားမဦးချခုတ်လုပ်တည်ထွင်စိုက်ပျိုးပြုစု၍စရိတ်ငွေ ၁၀ဝိ ကျော်ကုန်ကျရပါသည်။

ယခုလည်း၎င်းခြံမှာ။ သစ်ပင်များအသီးအနှံဖြစ်ပွား၍အဘိုးငွေ ၂၅ဝိခန့်တန်ပါသည်။

၎င်းခြံဥယဉ်အတွက်ကို။ ယခုနှစ်ကစ၍၊ အခွန်တော်ငွေပေးဆောင်ပါရမည့်အကြောင်းရှိခိုးအစီရင်တော်ခံပါသည်ကျေးဇူးရှင်သခင်ဘုရား။

X င နီကြက်ခြေ

ပဲခူးမြို့

၁၈၈၄ ခုဇွန်လ ၅ ရက်နေ့။

NOTES.

ကြေးတိုင်းဝန်ထောက် revenue settlement officer. ထားမဦးချ claim to waste land on the ground of being the first to clear it.

15. Regarding the Loss of some Buffaloes.

ဘုရားကျွန်တော်လဟာတိုက်ထမ်းပင်ရွာကျေးထမ်ကြီးမောင်ဘိုခေါင်ရှိခိုးအစီရင်တော်ခံပါသည့်ကျေးဇူးရှင်သခင်ဘုရား။

ကျွန်တော်မျိုးပိုင်အဘိုးငွေ၅၀တန်ကျွဲးထီး၁သည် ပြေံဆုန်းသွား၍လိုက်လှန်ရှာဖွေရာ။မြေတ်တင်လက် ထဲနိုက်တွေ့သော့ကြောင့်စစ်မေးရာ။ငတာတေပေါင် ကြောင်းထင်ရှား၍ရင်ငတာတေကိုထောင်၆လအ ထက်ဝန်ထောံမင်းစီရင်ပါသည်နောက်။ရင်ကျွဲးကို ကျိုက်တိုဂါတ်ကပြောက်သွားပါသည်။ဤအကြောင်း ကိုဝန်ထောက်မင်းထံကျွန်တော်မျိုးလျှောက်ထားရာ။ ရင်ကျွဲးရအောင်ရှာဖွေပြီးလျှင်ကျွန်တော်မျိုးသို့ပေးရ မည်အမိန့်ရှိပြီးနောက်။ယ္ခုတိုင်ဂါတ်ကရှာ၍မပေးပါ။ မည်ကဲ့သို့မျှမကြားမသိရပါ။ကျွန်တော်မျိုးပိုင်အဘိုး ငွေ၅၀တံကျွဲးကိုအဆုံးမခံနိုင်ပါသော့ကြောင့်အရှင် ဘုရားအမိန့်တော်ရှိရာနာခံပါရမည်အကြောင်းရှိခိုး အစီရင်တော်ခံပါသည်ကျေးဇူးရင်သခင်ဘုရား။

ငဘိုခေါင်သက်မှတ်

၁၈၇၇ခုဇွန်လ—၁၁ရက်။

NOTES.

ရင် for ရှင် lord. ကျေး (or ကြေး) ထမ်ကြီး head man; principal taxpayer of a village. ပေါင် to pawn. ကျိုက်တို name of a village. မည်ကဲ့သို့မျှ anything at all.

Selections from Records of Hlutdāw.

Note.—These extracts from proceedings of the Hlutdāw, or Chief Court of Upper Burma, illustrate the Upper Burmese style and are considered to be very good. Hluttāw is the correct spelling, but the other way has become usual.

၁။ နိုင်ငံတော်အတွင်း။အရာတော်နှင့်စပ်ဆိုင်သည့်မြေလွတ်မြေလပ်များကို။အခွန်တော်လွတ်နှစ်ပိုင်းခြား၍ချထားလုပ်ဆောင်ပိုင်ဆိုင်စေရန်ပြဋ္ဌာန်းပိုင်းခြားသည့်ဥပဒေ။

1. Extracts from Rules for Grants of Waste Lands.

[Copied from those in force in Lower Burma.]

၁။ မြေလွတ်မြေရိုင်းကိုရလို၍။တစုံတယောက်သူကတိုင်ကြားလျှင်။ ၃ရက်အတွင်းမြို့သူကြီးရွာမသူကြီးကိုယ်။မြေရှိရာသို့သွား၍။မြေပုံရေးရမည်။ပုံရေးရန်ခဲခက်လျှင်။မြေနယ်နိမိတ်အပိုင်းအခြားကိုမှတ်သားတိုင်းတာရမည်။ ။၎င်းနောက်။မြေနှင့်အနီးဆုံးတည်၍

NOTES.

ပြဋ္ဌာန်း (from Sans. ?) to decide. ကိုယ် in person. တည် fixed, constant.

လူအများရောက်ပေါက်ရာအရပ်မှာ။စာဆွဲကပ်ထားရမည်။စာအဓိပ္ပါယ်မှာ။ ။မည်သည့်ရွာနေ။မည်သူက။မည်သည့်မြေကိုရလိုကြောင်းနှင့်။တိုင်ကြားသည့်အတိုင်း။စာဆွဲကပ်သည့်နေ့က ၂ လအတွင်း။ဘိုးဘထားမဦးချငွေဝယ်ငွေပေါင်ဖြစ်၍။မပေးသင့်မပေးထိုက်ကြောင်းနှင့်။ထင်ရှားပြသပြောဆိုတားမြစ်နိုင်သူမထွက်မပေါ်လျှင်။၎င်းဘိုင်ကြားချက်အတိုင်း။ချထားရလိမ့်မည်။ ။ဟုရေးရမည်။ ။စာဆွဲကပ်ချိန်းချက်သည့်နေ့ရက်မလွန်မီအတွင်း။မပေးသင့်မပေးထိုက်အောင်။ပြောဆိုတားမြစ်နိုင်သူမထွက်မပေါ်လျှင်။ ၁ ။ဂဏန်းမှတ်ပုံစံ။ ၂ ။ဂဏန်းမှတ်ပုံစံအရ။မြေချလက်မှတ်ရေးသား၍။တိုင်ကြားရင်းသူသို့ပေးအပ်ရမည်။ ။၎င်းပေးအပ်သည့်စာရင်းကိုလည်း။၉မှတ်။၁၀မှတ်။ဇယားအင်းပုံအရရေးသား၍။မြို့သူကြီးရွာမသူကြီးထံလက်ခံတစာရင်းထားပြီးလျှင်။ထပ်တူတစာရင်းကိုမြို့ရုံးသို့တင်ပေးရမည်။ ။မြေချလက်မှတ်ပေးအပ်ရာ။၎င်းလက်မှတ်တွင်ဂဏန်းစဉ်မှတ်သားရန်ရှိသည်မှာ။သက္ကရာဇ်ကျူး။

NOTES.

မည်သည့် such and such. မည်သူ such and such a person. ဘိုးဘ ancestral. ချိန်းချက် appointed. မီ for မှီ before. ၁။ဂဏန်း No. 1. မှတ်ပုံစံ form. ဇယားအင်းပုံ columns. လက်ခံတစာရင်း a copy for reference. ထပ်တူ similar.

နှစ်ဦးနေ့ရက်ကစ၍။ ၎င်းနှစ်အတွင်း။ ဂဏန်းစဉ်ရောက် သမျှမှတ်သားပေးအပ်ရမည်။ ။၎င်းအချက်အရ။ မြေကိုတိုင်းတာမှတ်သားရာ။ ၄ဲထက်ပိုသည်ဖြစ်၍။ မြို့သူကြီးရွာမသူကြီးတို့မချထားပိုင်သည်မြေဖြစ်လျှင်။ မြို့သူကြီးရွာမသူကြီးက။ တိုင်းတာမှတ်သားရပုံစံစာရင်းများနှင့်တကွ။ မြို့ရုံးမှာလျှောက်ထား၍။ မြို့ရုံးက၎င်းအချက်ပါနည်းအတိုင်းကျအောင်ဆင့်ဆိုသင့်ရာဆင့်ဆို၍။ မြေချစာပေးအပ်ချထားရမည်။ ။ပယ်၁၀၀ဲထက်ပိုသည့် မြေဖြစ်လျှင်။ လွှတ်တော်မှာဖြစ်စေ။ ဆိုင်ရာဌာနခရိုင်ဝန်ထံဖြစ်စေ။ မြို့ရုံးကလျှောက်ထား၍ဆင့်ဆိုရာနာခံချထားရမည်။

၂။ မြေလွတ်ကိုရယူလုပ်ဆောင်လိုကြောင်း။ တိုင်ကြားသူရှိ၍။ ၇မှတ်အချက်တွင်ပါသည့်အရစာဆွဲကပ်ထားရာ။ စာပါချိန်းချက်သည့်ရက်မလွန်မီအတွင်း။ ဘိုးဘထားမဦးချငွေဝယ်ငွေပေါင်အဖြစ်နှင့်။ တစုံတယောက်သူက။ အကြောင်းပြသထွက်ပေါ်ပြောဆိုတားမြစ်လျှင်။ ၇မှတ်။ အချက်ပါမြေချထားပိုင်သူအသီးသီးက။ ကိုယ်

NOTES.

သက္ကရာဇ်ကူးနှစ်ဦးနေ့ရက်ကစ၍ commencing with the first day of the year. ၄ဲ for ၄ပယ်; the ပယ် in Upper Burma is about 2·75 acres. ကိုယ် each, individually.

ချထားပိုင်သည့်မြေမှုကို။ကိုယ်စီအသီးအသီးရှေးဦးစွာစစ်ဆေးမေးမြန်းစီရင်ရမည်။ ။၎င်းစီရင်ချက်ကိုမပြီးမပြေနိုင်ရှိမှ။မြို့ရုံး။ခရိုင်ရုံး။လွှတ်တော်များသို့။အဆင့်ဆင့်အယူခံတင်ပို့စီရင်ဆုံးဖြတ်ပြီးငြိမ်းစေရမည်။

၃။ မြေလွတ်ကိုချထားရာ။မြို့ရွာသူကြီးတို့။စားရိုးမြေများတွင်။၅နှစ်မလုပ်မဆောင်လစ်လပ်၍။ချုံ။မြက်။သစ်ပင်ပေါက်ရောက်မထွင်တောမြေဖြစ်လျှင်။ပိုင်ဆိုင်သူဆို၍။တစုံတယောက်ထွက်ပေါ်တားဆီးနိုင်သည့်အခွင့်မရှိစေရ။ချထားလုပ်ဆောင်လိုသူထွက်ပေါ်ရှိလျှင်။အထက်ဥပဒေစကားချက်များအတိုင်း။ပေးအပ်ချထားလုပ်ဆောင်နိုင်စေရမည်။

၄။ အထက်ဥပဒေစကားချက်များအရ။မြေလွတ်မြေရိုင်းကိုခံယူလုပ်ဆောင်သူတို့အခွန်တော်လွတ်နှစ်စေ့ရောက်ကာလ။ခံယူလုပ်ဆောင်ရင်းမြေကို။ပစ်ထားသည်များမှာ။ပစ်ထားခြင်းအကြောင်းကိုစစ်ဆေးရာ။အခွန်တော်လွတ်နှစ်စေ့ရောက်သည့်နောက်။ဆက်လက်လုပ်ဆောင်မည်။ရည်ရွယ်ရင်းမဟုတ်။အခွန်တော်လွတ်နှစ်

NOTES.

အယူခံ to appeal. စားရိုးမြေ land set apart for the maintenance of an official. ပစ် for ပြစ် to reject. ရည်ရွယ်ရင်း original intention.

အတွင်းမှာသာ။အကျိုးခံစားရရန်။ရွယ်ရည်ခံယူသည့်အရာဖြစ်ကြောင်းကိုသိသာထင်ရှားလျှင်။ပစ်ထားသမှုမြေကစိုက်ပျိုးလုပ်ဆောင်ထွက်ရှိရယူရန်။သီးနှံ၏၁၀ဘို့တဘို့ကျထက်မလွန်သော အခွန်တော်နှုန်းနှင့်။အခွန်တော်လွတ်ချထားသည့်နှစ်များကိုတွက်စစ်၍။ဒဏ်ပြုလုပ်ဆက်သွင်းထမ်းဆောင်စေရမည်။ခံယူရင်းမြေကိုလည်း။အစိုးရမင်းဘို့က။ပြန်သိမ်း၍လုပ်ဆောင်လိုသူတဦးဦးသို့။၎င်းဥပဒေတော်အတိုင်း။ချထားပိုင်စေရမည်။

၅။ မြေရိုင်းကိုခံယူလုပ်ဆောင်ရာ။အခွန်တော်လွတ်နှစ်စေ့ရောက်သည့်နောက်။မြေကိုမပစ်မထားဆက်လက်လုပ်ဆောင်သော်လည်း။မည်သည့်နှစ်ကာလတွင်မဆို။မလုပ်မဆောင်လိုသည့်အခါ။မြေကိုပစ်ထားရာ။ပစ်ထားသည့်နှစ်၁၀နှစ်ကမလွန်လျှင်။၁၁မှတ်အချက်ပါပြစ်ဒဏ်အတိုင်း။အခွန်တော်သမ်းဆောင်စေ၍။မြေကိုဆက်လက်လုပ်ဆောင်လိုလျှင်။ဆက်လက်လုပ်စေရမည်။ ။၁၀နှစ်အလွန်မလုပ်ဆောင်ဘဲပစ်ထားလျှင်။

NOTES.

၁၀ဘို့တဘို့ကျထက်မလွန် not more than one-tenth. အစိုးရမင်းဘို့က on behalf of the government. မည်သည့်နှစ်ကာလတွင်မဆို at any time whatsoever.

ရင်းမြေကိုခံယူလုပ်ဆောင်ရင်းသူကတဘန်ပြန်ရနိုင်သည့်အခွင့်မရှိစေရ။အစိုးရမင်းတို့ကသိမ်းယူ၍။အလိုရှိရာချထားပိုင်စေရမည်။

၆။ မြေပေးလက်မှတ်ခံယူလုပ်ဆောင်သူတို့မှာ။အခွန်တော်လွတ်နှစ်အတွင်းဖြစ်စေ။လွန်မှဖြစ်စေ။အရောင်းအပေါင်ပြုရန်။အမွေခံအမွေစားတို့သို့။ခွဲဝေပေးရန်။တစုံတယောက်သူသို့လွှဲပြောင်းပေးအပ်ရန်။တစုံတရာပြုလုပ်လိုလျှင်။အလျောက်ဘာသာ။အရောင်းအပေါင်အပေးအအပ်အလွှဲအပြောင်းပြုနိုင်သည့်အခွင့်မရှိစေရ။ဆိုင်ရာမြို့ရုံးမှာ။လျှောက်ထား၍။မြို့ရုံးကပုံစံဂဏန်း၃မှတ်။၄မှတ်အရ။ဆိုင်သင့်ရာအသစ်လဲလှယ်ပေးအပ်သည့်လက်မှတ်ကိုခံယူအထင်အရှားပြုလုပ်ပြီးမှ။လွှဲပြောင်းစေရမည်။လက်မှတ်လွှဲပြောင်းပေးအပ်သည့်စာရင်းကိုလည်း။ပုံစံဂဏန်း၁၁မှတ်ဇယားအင်းပုံအတိုင်း။ရေးသား၍။လက်ခံစာရင်းထားပြီးလျှင်။ထပ်တူစာရင်းကို။မြို့ရုံးမှာတင်ပေးရမည်။ ။နောက်အဆင့်ဆင့်လွှဲပြောင်းခံယူသူတို့မှာလည်း။အထက်ဆိုခဲ့သည့်ဥပဒေ

NOTES.

မြေပေးလက်မှတ် a grant of, or permit to cultivate, land. အပေါင်ပြု to mortgage. အမွေခံအမွေစား an heir. အလျောက်ဘာသာ according to pleasure. လဲလှယ်ပေးအပ်သည့်လက်မှတ် a certificate (or permit) of transfer or gift.

စကားချက်ပါနည်းသို့လိုက်၍လုပ်ဆောင်ထမ်းရွက်စေရမည်။

2. Petition of Nga Lawyan the Chinaman.

၂။ တရုပ်ငလောရန်လျှောက်ချက်။

တရုပ်ငလောရန်။ချက်။ ။ကျွန်တော်မယားမိထယ်ကို။ရပ်ကွက်သိမြင်ဟောင်းရမ်း။မယားလင်ဖြစ်။လရက်ရှည်ကြာပေါင်းသင်းနေထိုင်စဉ်အတွင်း။ငဘတင်သည်။အမည်မသိလူနှင့်နေအိမ်သို့လာရောက်။တောင်ဒဝယ်ဗိုလ်ကျောက်ဆောက်မြို့စားက။မိထယ်ကိုခေါ်သည်။လိုက်ပါရမည်။ချည်ရန်ကြိုးပြသ။အဖွမိထယ်ကိုခေါ်သွားရှိသော့ကြောင့်။တောင်ဒဝယ်ဗိုလ်ထံသွားရောက်မေးမြန်းကြည့်ရှု။မခေါ်မင်ပြောဆို။သိကြားရသော့ကြောင့်။မိထယ်ကိုမည်သည့်ရပ်ကွက်တွင်ငဘတင်ဝှက်ထားသည်ကိုမသိရ၍။၎င်းငဘတင်အဘငမောင်ကြီးထံသွားရောက်တိုင်ပြောမေးမြန်းကာလ။မိထယ်ကိုတွေ့ရှိစေမည်။နောင်တွေ့ရှိကာလ။မှုခင်းရှာကြံမရှိ။စာ

NOTES.

နည်း manner. ချက် for လျှောက်ချက် (or otherwise). တောင်ဒဝယ်ဗိုလ် a title. ကျောက်ဆောက်မြို့စား the holder of the fief of Kyaukśauk. မှုခင်းရှာကြံ to bring a complaint against a person.

ချုပ်ခံထားရမည်။ငမောင်ကြီးပြောဆိုလျှင်။မယားမိထယ်ကို။တွေ့မြင်ရှိရသော့ကြောင့်။ငမောင်ကြီးအလိုရှိရာရေးသားခံထားရသည့်နောက်။မယားမိထယ်ကိုတွေ့ရှိ။ ။ငမောင်ကြီးသားငဘတင်ခေါ်၍သွား။အတင်းကာမကျူးလွန်ဟစ်အော်လျှင်။ထားနှင့်ထိုးသတ်မည်။ပြောဆိုပြုကျင့်ခံနေပါရသည်။ ။ငဘတင်ကဲ့သို့။လင်ရှိမယားကိုအာဏာဘက်စပ်။ခြောက်လှန့်ခေါ်သွားအခြားဒေသရပ်ကွက်များတွင်။၃ညကျော်ဝှက်ထား။သားငဘတင်အတင်းကျူးလွန်သည်ကို။ ။အဘငမောင်ကြီးသိ၍။အလိုရှိရာစာချုပ်ရေးသား၍။သားနှင့်အဘတိုင်ပင်ပြုလုပ်လျှင်။ခံရပ်နိုင်တော့မည်မဟုတ်ပါ။

3. Petition of Nga P'okā, Captain of Chief Queen's Bodyguard.

၃။ အသျှင်နန်းမတော်မိဘုရားခေါင်ကြီးဘုရား့၅၀
တော်သွေံ့။ကျွန်တော်မျိုးငဘိုးကာလျှောက်ချက်။

အသျှင်နန်းမတော်မိဘုရားခေါင်ကြီးဘုရား့၅၀တော်သွေံ့။ကျွန်ဘော်မျိုးငဘိုးကာ။ချက်။ ။ရေပွဲခွန်

NOTES.

ကာမကျူးလွန် to have sexual intercourse : ကာမ P. love, lust. ထား for ဓား a knife. အာဏာဘက်စပ် under the guise of authority. ဘုရား့ the light accent shows the possessive case. သွေံ့ an abbreviation for သွေးသောက် a captain or lieutenant.

တော်ကို။နှုတ်ပယ်ဖျက်သိမ်းတော်မူသည့်နောက်။ပျော်ပိုက်ရာ။ကုန်သည်တို့နှင့်အရင်းငွေစိုက်ထုတ်။ရောင်းဝယ်ရှိနေသည့်အတွင်း။ဈေးကြိုတော်။ငါးပိ။ဆားကုန်သည်အကြီးပြုလုပ်သူငစံထွေးကို။ရွှေလောင်းကြီးပဲ့နင်းဟောင်းငဥ။သားငဘိုးဝတို့နှင့်။လူအများငစံထွေးနေအိမ်သို့။ညအခါသွားရောက်။ထောင်းသတ်ရိုက်နှက်ရှိသော့ကြောင့်။လွှတ်တော်မှာလျှောက်ထားရာ။နောင်သဉ်ကဲ့သို့နိုင်ထက်စီးကဲမပြုမလုပ်ပါ။ခံဝန်ချုပ်ချမှတ်ရှိပြီးနောက်။ကျွန်တော်ငဘိုးကာ။ပိုက်ကျုံးတံခါးတော်ဆိပ်ကမ်းတွင်။ကုန်သည်တို့နှင့်။ရောင်းဝယ်စကားပြောဆိုနေထိုင်သည့်အတွင်း။ပဲ့နင်းဟောင်းငဥ။သားငဘိုးဝတို့က။ရွှေလောင်းကြီးလှေအမှုထမ်း။အရပ်ကိုမောင်းတီးလူစုရုံး။ဒုတ်ထားလက်နက်စွဲကိုင်။ငဘိုးဝနှင့်သားသမက်။ဆွေမျိုးလှေသားလူပေါင်း၁၀၀ကျော်။ကျွန်တော်ထိုင်ရာလာရောက်ဝန်းဝိုင်း။ကျွန်တော်နှင့်ငဘိုးစော။ငပိုက်။ငကျေး။ငရွှေတင်။ငသာခေါင်။ငမျှင်။ငသိုင်းတို့ကိုရိုက်နှက်။ကျွန်တော်ငဘိုးကာ။ငဘိုးစော။ငပိုက်

NOTES.

ရေပွဲခွန်တော် a monopoly of revenue on river-borne goods. နှုတ်ပယ်ဖျက်သိမ်း to abolish. ပဲ့နင်း a steersman or captain of a boat: an official title. နိုင်ထက်စီးကဲပြုလုပ် to act forcibly with numbers, i.e. riot. ခံဝန်ချုပ် a bail bond, an undertaking.

တို့ကို။ဘမ်းဆီးကြိုးနှင့်ချည်နှောင်။ရွှေလောင်းကြီးအရပ်သို့။ဆွဲငင်ခေါ်သွား။အသက်ဆုံးရိုက်သတ်မည့်ရှိသည့်အတွင်း။ထောင်စါချိငအောင်မင်းလာရောက်။ကျွန်တော်ကိုပေးအပ်ရမည်တောင်းရာ။မပေးမအပ်ခံရှိလျှင်။အသက်ကိုချမ်းသာပေးပါ။အကြိမ်ကြိမ်တောင်းပန်ပြောဆိုမှ။အသက်မသေလွတ်ပါသည်။ကျွန်တော်နှင့်အပေါင်းပါ၈ဦးသားတို့မှာ။သွေးစီးသွေးရိုအဘူးအရောင်ဒဏ်ရာကြီးမားအနာဒရသေရှင်မသိခံနေရပါသည်။ရွှေစက်တော်အောက်တွင်။မင်းမှုစိုးကျင့်။ကြေးအားလူအား။ကိုးကားပြုလုပ်လျှင်။ခံရပ်နိုင်တော့မည်မဟုတ်ဖြစ်ပါသော့ကြောင့်။ဆင်းရဲသားကျွန်တော်မျိုးတို့ကိုးကွယ်ရာဖြစ်ပါ၍။မှန်ရာဖြစ်ပါရမည့်အကြောင်း။

4. Petition of Nga Yanlin and his sister-in-law Mi K‘et.

၄။ ရွေးလက်ျာအစု။ဆေးသိုးအမှုထမ်းငရန်လင်း။ ခယ်မမိခက်တို့၏လျှောက်ချက်။

ရွေးလက်ျာဆေးထိုးအမှုထမ်းငရန်လင်း။ခယ်မမိခက်တို့။ချက်။ကျွန်တော်မလင်ရွေးလက်ျာဆေးထိုးအ

NOTES.

အဘူး = အဖူး a swelling. ရွှေစက်တော်အောက် beneath the royal foot (see p. 256). မင်းမှုစိုးကျင့် persons in authority. ကြေးအားလူအား to the people. ကိုးကား to rely on the protection of a superior. ရွေးလက်ျာအစု right wing of the Yue (chosen) Regiment. ဆေးထိုး enrolled and tattoo-marked

မှုထမ်းငွေဘိန်းသည်။ထန်းတပင်မြို့အုပ်ဟောင်းငဆက်နှင့်။မိုးနဲကြောင်းအရေးတော်သို့။သူကောင်းဖြစ်လိုက်ပါထမ်းရွက်ရှိသည့်အတွင်း။ထန်းတပင်မြို့အုပ်ဟောင်းငဆက်သည်။ကျွန်တော်မလင်ငွေဘိန်းပိုင်ပစ္စည်းများကိုသိမ်းယူ။လူကိုသတ်ဖြတ်သေဆုံးရှိပါသော့ကြောင့်။ထန်းတပင်မြို့အုပ်ဟောင်းငဆက်နှင့်ရွှေလွှတ်တော်မှာမှန်ရာဖြစ်ပါရမည့်အကြောင်း။

5. Statement of the Myo-ôk of Tʻantabin.

၅။ ထန်းတပင်မြို့အုပ်လက်ဘက်ရည်တော်မင်းထင်စည်သူအစစ်ခံချက်။

သက္ကရာဇ် ၁၄၂၅ ခု။ပဉ္စမဝါဆိုလဆန်း၁၁ရက်နေ့။ထန်းတပင်မြို့အုပ်လက်ဘက်ရည်တော်မင်းထင်စည်သူ။ချက်။ရွေးလက်ျာအမှုထမ်းငရန်လင်း။ခယ်မဓိခက်တို့လျှောက်ဝင်ပါငွေဘိန်း။ရွေးလက်ျာအမှုထမ်းဟုတ်မဟုတ်မသိ။ကျွန်တော်မိုးနဲကြောင်းအရေးတော်သို့။အမိန့်တော်မြတ်နှင့်ထမ်းရွက်ရာ။ကိုယ်နေငွေ၇၀

NOTES.

on the arm. မြို့အုပ် a township officer, Extra-Assist.-Commissioner. မိုးနဲ one of the Shan States. လက်ဘက်ရည်တော် a page whose duty was to hand the king his tea: afterwards, a gentleman in attendance. ကိုယ်နေငွေ money given to a person for which he is bound to return personal service.

ပေး၍။ သက္ကရာဇ်စာချုပ်နှင့်ဝယ်ယူစေခိုင်းသူငွေဘိန်းကိုခေါ်သွား။ မိုးနဲ့မြို့သို့ရောက်ကာလ။ လွှတ်တော်ကပေးသည့်။ ခဲ။ ယံးတင်ရန်နွားတော်များကိုထိန်းစေသူ။ နတ်ရလက်ဝဲအမှုထမ်းငရမ်းက။ ကျွန်တော်ထိန်းသည့်နွားတော်များကို။ ငွေဘိန်းခိုးယူရောင်းစားကြောင်းနှင့်တိုင်တန်းပြောဆိုသော့ကြောင့်။ ငွေဘိန်းကိုခေါ်ငင်စစ်မေးရာ။ နွားတော်များကိုခိုးယူရောင်းစားကြောင်း။ အစစ်ခံဖြောင့်ဆိုရှိ၍။ ခိုးယူရောင်းစားသည့်နွားကောင်ရေ၁၀ ကျော်များကိုတောင်းခံရာ။ ငွေဘိန်းခိုးယူနွားအနက်။ အနည်းငယ်နွားကိုပြန်ပေး။ ကျန်နွားကိုတောင်းခံရှိသည့်အတွင်း။ လက်လွန်သေဆုံးရှိပါသည်။ ငွေဘိန်းပိုင်ဥစ္စာပစ္စည်းများကိုမသိမ်းမယူရပါ။

6. Examination of the Chief Clerk in the Ordnance Department.

၆။ နတ်ရလက်ဝဲသေနတ်စာရေးနေမျိုးသူရကျော်သူမေးချက်။

သက္ကရာဇ်၁၂၄၅ခု။ ပဌမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။ နတ်ရလက်ဝဲသေနတ်စာရေးနေမျိုးသူရကျော်သူ

NOTES.

ခဲ bullets. ယံး powder. လက်လွန် to assault, beat. သေနတ်စာရေး Chief Clerk of Ordnance Department. နတ်ရလက်ဝဲ left wing of Nat Regiment.

မေးသော်။ချက်။ရွှေလှံ့သေနတ်ဗိုလ်မြို့ဝန်တပ်ဗိုလ်ချုပ်က။မိုးနဲ့စော်ဘွားဟောင်းကို။တိုက်ခိုက်ဘမ်းဆီးရမည်ဖြစ်၍။အမှုထမ်းလူ ၁ လျှင်စားစရိတ်ဆန်ဉ်ကျ။၎င်းဆန်များကိုတင်ဆောင်ရန်။တသွောက်လျှင်နွားကောင်ရေ ၁ စီ။တင်ဆောင်ပါရှိစေရမည်ဆင့်ဆိုသည်နှင့်။နတ်စလက်ဝဲတပ်ဗိုလ်။ထန်းတပင်မြို့အုပ်လက်ဘက်ရည်တော်မင်းထင်စည်သူက။တပ်ဗိုလ်ဖြစ်သည့်အတိုင်း။နွားများကိုရှာကြံ၍။တသွောက်လျှင်။တကောင်ကျပေးအပ်။၎င်းနွားများကို။တပ်မှူးသွောက်ကြီးတို့။ငရမ်းထံပေးအပ်ထိန်းကျောင်းရှိသည့်အတွင်း။ထန်းတပင်မြို့အုပ်အဆောင်ကိုင်ခေါင်းငဘိန်း။နွားကိုရောင်းစားရှိလျှင်။နွားထိန်းငရမ်းက။ကျွန်တော်ထံပြောဆိုရာ။ငဘိန်းသည်အစုအမှုထမ်းမဟုတ်သည်နှင့်။လူရှင်ထံပြောဆိုရမည်စေခိုင်းပြီးနောက်။ငရမ်းလူရှင်ထန်းတပင်မြို့အုပ်ထံတိုင်တန်းပြောဆိုကာလ။ထန်းတပင်မြို့အုပ်က။ငဘိန်းကိုစီရင်သေဆုံးကြောင်း။အမှုထမ်းတို့ပြောဆိုကြားသိပါရသည်။

NOTES.

ရွှေလှံ့သေနတ်ဗိုလ် Captain in the Shwe-hlan Regiment. တပ်ဗိုလ်ချုပ် Colonel. စော်ဘွား a Shan Chief ruling a State. တပ်မှူးသွောက်ကြီး Major. အဆောင်ကိုင်ခေါင်း chief attendant.

7. Personal Service Bond of Nga P'ein and his wife Mi K'et.

၇။ ထန်းတပင်မြို့အုပ်လက်ဘက်ရည်တော်မင်းထင်စည်သူတင်။ငဘိန်း။မယားမိခက်တို့ကိုယ်နေသက္ကရာဇ်။

သက္ကရာဇ် ၁၂၄၄ ခု။သတင်းကျွတ်လဆန်း ၃ ရက်နေ့တွင်။ငဘိန်း။မယားမိခက်တို့က။ကျွန်တော်ကျွန်တော်မတို့မှာ။သိဋ္ဌိစစ်ကဲကတော်မယ်နှစ်ထံ။ဆပ်ပေးရန်ငွေဒိသုံးဒင်္ဂါးပြားရေ၃၅။မြင်းမ။ဇဝါသတ်ဇက်စုံပါအဘိုးငွေဒိသုံးဒင်္ဂါးပြားရေ၃၅။၂ရငွေ၇၀ရှိပါ၍။ကျွန်တော်ငဘိန်း။မယားမိခက်တို့ကို။အစေခံသက္ကရာဇ်ထား၍။စေခိုင်းပါတော့။ပေးဆပ်ရန်ငွေဒိသုံးဒင်္ဂါးပြားရေ၇၀ပေးမနှင့်ပါ။ထန်းတပင်မြို့အုပ်သ္မီးခင်ပွန်းတို့ထံအစိရင်ခံလျှင်။၎င်းငဘိန်း။မယားမိခက်တို့အစိရင်ခံချက်အတိုင်း။ထန်းတပင်မြို့အုပ်သ္မီးခင်ပွန်းတို့က။ငဘိန်း။မယားမိခက်တို့ကို။အစေကျွန်ခံကိုယ်နေသက္ကရာဇ်ထား၍။ငဘိန်း။မယားမိခက်တို့ကို။ငွေဒိသုံးဒင်္ဂါးပြားရေ၇၀ပေး၍စေခိုင်းသည့်ကာလ။သိရှိသူမောင်ဆော့။ငရွှေအပ်။စာစီစာရေးငဘိုးသင်။

NOTES.

ကိုယ်နေသက္ကရာဇ် personal service bond. စစ်ကဲ civil judge. ကတော် wife of person of rank. မယ် Mrs., more honorific than မ။ ။ဒိသုံးဒင်္ဂါး current rupees. ဇဝါသတ် embroidered. ဇက်စုံပါ bridle complete. ပေးမနှင့် give in advance. သ္မီးခင်ပွန်း husband and wife. သိရှိသူ witness. စာစီ to write, compose.

8. Decision of Court on the above Petition.

၈။ ကောက်တော်မူချက်။

ရွေးလက်ျာသေနတ်အရဆေးထိုးအမှုထမ်းငရန်လင်း။ခယ်မမိခက်တို့နှင့်။ထန်းတပင်မြို့အုပ်ဟောင်းလက်ဘက်ရည်တော်မင်းထင်စည်သူတို့။လူသေမှုစကားမှာ။ ။အဆိုအစစ်ခံများကိုကြည့်ရှုလဲလျှောက်စေရာ။ထန်းတပင်မြို့အုပ်ဟောင်းလက်ဘက်ရည်တော်မင်းထင်စည်သူကလည်း။ငဘိန်း။မယားမိခက်တို့ကို။အစေခံကျွန်အဖြစ်နှင့်ဝယ်ယူစေခိုင်း။တပ်တော်သို့လိုက်ပါထမ်းရွက်ရာ။စီရင်သင့်သည့်အတိုင်း။ဆုံးမစီရင်ရာ။လက်လွန်သေဆုံးကြောင်း။မိခက်ကလည်း။ထန်းတပင်မြို့အုပ်ဟောင်းအစေခံမဟုတ်။အလျောက်လိုက်ထမ်းကြောင်း။လဲလျှောက်ရှိကြ၍။သက္ကရာဇ်တင်ပေးစေပြီးလျှင်။သက္ကရာဇ်ကိုကြည့်ရှုရာ။လိက္ခိတစာဝင်စာပါသေချာရှိသည့်တရပ်။အစေခံကျွန်အဖြစ်နှင့်စေခိုင်းရသော်လည်း။အသက်ကိုဆုံးရှုံးအောင်မစီရင်ထိုက်။အမှုတော်ကိုထမ်းရွက်သည့်အခါ။စစ်ဦးစစ်ဖျားတွင်ကျွန်

NOTES.

ကောက်ချက် points picked out, i.e. decision, issues. လူသေမှုစကားမှာ as regards this case of homicide. အဆို the complaint. လဲလျှောက် to reply. လိက္ခိတ P. written. စာဝင်စာပါ contents, purport. စစ်ဦးစစ်ဖျားတွင် on service, in the front.

အဖြစ်နှင့်။ဆုံးမသင့်သည့်အတိုင်း။ဆုံးမစီရင်ရာ။လက်လွန်သေဆုံးကြောင်းသိသာရှိသည်ဖြစ်၍။ငဘိန်း။မယားမိခက်တို့ကိုယ်နေသက္ကရာဇ်တွက်ငွေ၇၀ကို။သေသူငဘိန်း။မယားမိခက်ထံ။ထန်းတပင်မြို့အုပ်ဟောင်းလက်ဘက်ရည်တော်မင်းထင်စည့်သူက။အတောင်းအခံမရှိစေနှင့်။ပလပ်၍သက္ကရာဇ်ကိုဖျက်သိမ်းစေ။သေသူငဘိန်းမယားမိခက်သို့။ထန်းတပင်မြို့အုပ်ဟောင်းလက်ဘက်ရဉ်တော်မင်းထင်စဉ်သူကသေသူငဘိန်းအသက်ဘိုးငွေဒင်္ဂါး၁၅၀ပေးလျော်စေ။

9. Report as to Crop Prospects and Food Supplies.

၉။ တောင်ငူခရိုင်ဝန်က။ဝန်ရပါမြို့ရွာများတွင်အစာရေစာအကြောင်းနှင့်လွှတ်တော်လျှောက်လွှာ။

ဘုရားကျွန်တော်တတိယဌာနတောင်ငူခရိုင်ဝန်မင်းကြီးမဟာမင်းထင်ရာဇာရှိခိုးအစီရင်တော်ခံပါသည်ဘုရား။ ။ခရိုင်ဝန်ရပါမြို့ရွာများအနက်။တောင်ငူ၁၂မြို့ကျေးရွာများမှာ။၁၂၄၇ခုနှစ်။ကဆုန်။နယုန်။တော်သ

NOTES.

ဆုံးမ to inflict chastisement. သိသာ to understand clearly. အသက်ဘိုး life value. ခရိုင်ဝန် governor of a district, prefect. အစာရေစာ food supplies.

လင်းလတိုင်။မိုဃ်းမပြတ်ရွာသွန်းသော့ကြောင့်။လယ်ယာလုပ်ငန်းများမှာ။အလစ်အလပ်မရှိ။အနှံ့အပြားလုပ်ဆောင်ကြရသည့်အတိုင်း။အသီးအပင်ကောင်းမွန်စွာဖြစ်ထွန်းရှိကြပါကြောင်း။အစားအစာများမှာ။စပါး၁၀၀လျှင်ငွေဒင်္ဂါး၅၀။ဆန်ဒ်လျှင်၂ပြားဈေးများနှင့်။ခံဝယ်စားသောက်ကြပါကြောင်း။ရမည်းသင်းမြို့ကျေးရွာနယ်မြေများမှာ။မိုဃ်းဦးအနည်းငယ်ရွာသွန်းသော်လည်း။ဆည်ကန်ချောင်းမြောင်းများပြား။ရေစီးရေဝင်ကောင်းမွန်သော့ကြောင့်။မိုဃ်းကောင်းသက်သက်လယ်ယာများမှာသာ။အနည်းငယ်လစ်လပ်၍။ဆည်ကန်ရေသောက်လယ်ယာများမှာ။ကောင်းမွန်စွာလုပ်ဆောင်စိုက်ပျိုး။အသီးအပင်ဖြစ်ထွန်းကြပါကြောင်း။အစားအစာများမှာ။စပါး၁၀၀လျှင်၆၅ပြား၇၀။ဆန်ဒ်လျှင်၂၄။ု၁ဲ။၃ပြားဈေးများနှင့်။ခံဝယ်စားသောက်ကြပါကြောင်း။ညောင်ရမ်း၃မြို့။မိတ္ထီလာ၄မြို့များမှာ။နယ်တွင်းရှိလယ်ယာမြေများအနက်။၃ပုံ၁ပုံခန့်မျှသာ။လုပ်ဆောင်စိုက်ပျိုးနှင့်ကြရပါသေးကြောင်း။အစားအစာ

NOTES.

မိုဃ်း — ရွာသွန်း to rain. လုပ်ငန်း allotments. လစ်လပ် to be fallow. အနှံ့အပြား mostly, diffusively. ဈေး market rate. ဆည် a dam, weir. ၂၄။ု၁ဲ 24 moo 1 pè = Rs. 2. 7 (J. § 138). ၃ပုံ၁ပုံ one-third.

များမှာ။စပါး၁၀ဝ်လျှင်၇၅ပြား၈၀။ဆန်ဒ်လျှင်၃ပြား ၃၂။၁ဲဈေးများနှင့်။ခံဝယ်စားသောက်ကြပါကြောင်း များကိုသိသာတော်မူအောင်ရှိခိုးအစီရင်တော်ခံပါ သည်ဘုရား။

10. Report as to Capture of certain Dacoits.

၁၀။ သက္ကရာဇ်၁၂၄၇ခု။နယုန်လပြည့်ကျော်၁ရက်နေ့။ ခရိုင်ခံငအောင်းတင်။ရတနာသိင်္ဃခရိုင်ဝန် လျှောက်လွှာ။

ဘုရားကျွန်တော်ရွှေဝင်းတော်မှူး။ရတနာသိင်္ဃမြို့ဝန်။ရဲဘက်မြင်းဝန်။နဝမဌာနရတနာသိင်္ဃခရိုင်ဝန်သတိုးမင်းကြီးမဟာမင်းခေါင်ရာဇာရှိခိုးအစီရင်တော်ခံပါသည်ဘုရား။ ။ဝန်စုပါနယ်မြေကျေးရွာများမှာ။အတိုက်အခိုက်အလုအယူမရှိစေရ။ထောက်လှမ်းဘမ်းဆီးစေရန်အမှုထမ်းလူပေးအပ်ရှိပါသည့်အတိုင်း။မပေါ့မလျော့။မြင်းခေါင်း။မြင်းစီးတို့ကိုကြပ်ကြပ်တဉ်းတဉ်းဆင့်ဆို။မြို့ရုံးအရာရှိတို့ကိုလူလက်နက်ပေးအပ်စေခိုင်းဘမ်းဆီးစေရာ။ရတနာသိင်္ဃမြို့မြောက်လက်ဗိုလ်ခွင်ပါ

NOTES.

၃၂။၁ဲ 32 moo 1 pè = Rs. 3. 5. ရတနာသိင်္ဃ P. name of Shwebo. ရွှေဝင်းတော်မှူး Captain of the eastern Palace Guard. ရဲဘက်မြင်းဝန် Colonel of Yèbet cavalry Regiment. ဗိုလ်ခွင် a military command or district.

ကျဉ်းကန်ရွာနေထားပြင်ကျော်စော။ငခင်တို့ကိုရမိစစ်မေးလျှင်။ကျွန်တော်တို့နှင့်ရွာနေငကျူး။ယာတော်ရွာနေငညို။ပန်းတံဆိပ်ရွာနေငချင်း။တပယင်းမြို့စီရင်စု၄ရွာနေငချယ်။ဒင်းနှင့်ပါအမည်မသိလူ၄တို့တိုင်ပင်ကြပြီးလျှင်။ငကျော်စောကိုင်သေနတ်၁။ငချင်းကိုင်သေနတ်၁။ငချယ်ကိုင်သေနတ်၁များနှင့်။၁၂၄၅ခု။နှောင်းတန်ခူးလအတွင်း။မြေဒူးမြို့စီရင်စုဆယ်ရွာကိုညည့်၂ချက်တီးကျော်အချိန်။ဝန်းဝိုင်းတိုက်ခိုက်။ရရှိသည့်နွားကောင်ရေ၂၀။အထည်ပစ္စည်းများကိုညီမျှဝေယူကြောင်း။တိုက်ရာပါသေနတ်၁နှင့်။တိုက်ရာရရှိသည့်အထည်ပစ္စည်းများကိုပေးအပ်။အစစ်ခံထွက်ပေါ်ရှိပါသော့ကြောင့်။ရမိသည့်ထားပြင်ကျော်စော။ငခင်တို့ကို။အကျည်းချုပ်ထား၍။မရကျန်အစစ်ခံရာပါထားပြတို့ကို။နယ်ရှင်အကြီးအအုပ်တို့ထံတောင်းခံဆဲရှိပါကြောင်း။ထားပြင်ကျော်စော။ငခင်တို့အစစ်ခံထွက်ချက်များကိုတင်ပေးလျှောက်ထားပါကြောင်းရှိခိုးအစီရင်တော်ခံပါသည်ဘုရား။

NOTES.

နှောင်းတန်ခူးလ that part of the month တံကူး that precedes the New Year's Day: နှောင်း is therefore the last part of the past year. The spelling ကူး is correct, as it means crossing the တံ or တန် demarcating line. ညည့်၂ချက်တီးကျော်အချိန် past twelve o'clock at night (J. § 136).

11. Petition of certain Village Headmen with reference to the Thoogyee of their Circle.

၁၁။ ရွှေပြည်ရန်အောင်အနောက်လက်။ ပြင်စဉ်ခေါင်း။ ဗိန်ပန်း။ ကန်စီ။ ကြေးကန်ရွာကြေးထမ်းကြီးတို့ရှိခိုးသံတော်ဦးတင်စား။

ဘုရားကျွန်တော်ရွှေပြည်ရန်အောင်အနောက်လက်။ ပြင်စည်ခေါင်း။ ဗိန်ပန်း။ ကန်စီ။ ကြေးကန်ရွာကြေးထမ်းကြီးငထယ်။ ငမြတ်ရေး။ ငဆိုးပေ။ ငတာရဲ။ ငချစ်ထွန်း။ အပေါင်းပါကြေးထမ်းကြီးငယ်တို့ရွှေဘဝါးတော်မြတ်အောက်ရှိခိုးသံတော်ဦးတင်ပါသည့်ဘုရား။

ကြေးကန်ရွာသူကြီးငညံပေါ်သူကောင်းပြုတော်မူသည့်ကျေးဇူးသဗ္ဗာတော်မြတ်ကိုမထောက်။ ကျေးရွာတိုင်နယ်ကိုငွေဒင်္ဂါး၃၀၀ကျော်နှင့်ပေါင်နှံ့ရောင်းစား။ ဆင်းရဲသားကျွန်တော်မျိုးတို့အပေါ်တွင်။ ငွေဒင်္ဂါး၁၀၀၀ကျော်ပိုမိုခွဲတောင်းစားယူ။ ကျေးရွာနှင့်မဆိုင်သူငသန့်ကာ။ လူကိုညှဉ်းပန်းနှိပ်စက်။ မခံမရပ်နှိုင်အောင်ပြုလုပ်။ အိမ်ခြေလူနေတမြို့တနယ်သို့ပြောင်းရွှေ့ထွက်သွား။ ကျေးရွာပျက်ပြားနင့်နာပင်ပန်း။ အကျိုးတော်

NOTES.

ခွဲတောင်း to levy tax. နင့်နာ for နစ်နာ to be aggrieved; see p. xxii.

ယုတ်လျော့ရှိပါသောကြောင့်။ အမိန့်တော်။ ဥပဒေတော်များကိုကျူးလွန်။ တိုင်နယ်ကိုပေါင်နှံ။ ကြေးငွေပိုမိုခွဲတောင်းစားယူ။ လူကိုညှဉ်းပန်းနှိပ်စက်ပြုလုပ်သူငညိုပေါ်။ တိုင်နယ်ကိုအပေါင်ခံသူငသန့်တို့နှင့်မှန်ရာရှင်လင်းပါရမည့်အကြောင်း။ ရွှေဘဝါးတော်မြတ်အောက်ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

NOTES.

အပေါင်ခံသူ a mortgagee. ရွှေဘဝါးတော်မြတ်အောက် beneath the excellent golden royal foot: within the royal jurisdiction, in the royal city: ဖဝါး or ဘဝါး the sole (of the foot), or palm (of the hand). သံတော်ဦးတင် to address a king; lit. to place the royal voice on the head. The whole sentence means, 'We supplicate your Majesty,' that the whole matter may be investigated and right be done, etc.

THE END.

PETITION No. 1.



PETITION No. 2.



PETITION No. 3.



PETITION NO.4.



Clarendon Press, Oxford.

ORIENTAL SERIES.

WORKS BY LIEUT.-COL. A. O. GREEN, R.E.

ARABIC. A Practical Arabic Grammar (with numerous Exercises). Third Edition, Enlarged and Revised, crown 8vo.
Part I, price 7*s*. 6*d*. Part II, price 10*s*. 6*d*.

A Collection of Modern Arabic Stories, Ballads, Poems, and Proverbs. Crown 8vo, cloth, price 3*s*. 6*d*.

A Translation of the First Thirteen Stories of the above Collection, with numerous notes on the Habits and Customs of the Modern Egyptians. Crown 8vo, paper covers, price 2*s*. 6*d*.

A Practical Hindūstānī Grammar. Part I. [*In the Press.*]

BENGALI. Grammar of the Bengali Language; Literary and Colloquial. By JOHN BEAMES. Crown 8vo, cloth, 4*s*. 6*d*.

BURMESE. A Burmese Reader. For the Use of Civil Service Students and others who wish to acquire the Language quickly and thoroughly. By R. F. ST. ANDREW ST. JOHN, M.A. Crown 8vo, cloth, [illegible]*s*. 6*d*.
10

TAMIL. First Lessons in Tamil. By G. U. POPE, D.D. Fifth Edition. Crown 8vo, 7*s*. 6*d*.

RECENT PUBLICATIONS.

Baden-Powell. Land-Systems of British India; being a Manual of the Land-Tenures, and of the Systems of Land-Revenue Administration prevalent in the several Provinces. By B. H. BADEN-POWELL, C.I.E., F.R.S.E., M.R.A.S. 3 vols. 8vo, with Maps, 3*l*. 3*s*.

Baden-Powell. A Short Account of the Land Revenue and its Administration in British India; with a Sketch of the Land Tenures. Crown 8vo. [*Immediately.*

Hunter. A Brief History of the Indian Peoples. By Sir W. W. HUNTER, K.C.S.I. Seventy-eighth thousand. Crown 8vo, 3*s*. 6*d*.

Stokes. Anglo-Indian Codes. By WHITLEY STOKES, LL.D. Vol. I. Substantive Law. 8vo, 30*s*. Vol. II. Adjective Law. 8vo, 35*s*.

First Supplement to the above, 1887, 1888. 2*s*. 6*d*.

Second Supplement, to May 31, 1891. 4*s*. 6*d*.

Supplements I and II combined, 6s. 6d.

SACRED BOOKS OF THE EAST.

VOL. XXV.

The Laws of Manu. Translated, with Extracts from Seven Commentaries, by GEORG BÜHLER. 21*s*.

VOL. XXXIII.

The Minor Law Books. Part I. Translated by JULIUS JOLLY. 10*s*. 6*d*.

Rulers of India.

THE CLARENDON PRESS SERIES OF INDIAN HISTORICAL RETROSPECTS.

Edited by Sir W. W. HUNTER, K.C.S.I., C.I.E.
Price 2s. 6d. each.

Akbar: and the Rise of the Mughal Empire, by COLONEL MALLESON, C.S.I. Third thousand.

Albuquerque: and the Early Portuguese Settlements in India, by H. MORSE STEPHENS, M.A.

Aurangzíb: and the Decay of the Mughal Empire, by STANLEY LANE POOLE, B.A.

Mádhava Ráo Sindhia: and the Hindú Reconquest of India, by H. G. KEENE, M.A., C.I.E.

Lord Clive: and the Establishment of the English in India, by COLONEL MALLESON, C.S.I.

Dupleix: and the Struggle for India by the European Nations, by COLONEL MALLESON, C.S.I. Third thousand.

Warren Hastings: and the Founding of the British Administration, by CAPTAIN L. J. TROTTER. Third thousand.

The Marquess Cornwallis: and the Consolidation of British Rule, by W. S. SETON-KARR. Third thousand.

Haidar Alí and Tipú Sultán: and the Struggle with the Muhammadan Powers of the South, by LEWIN BENTHAM BOWRING, C.S.I.

The Marquess Wellesley: and the Development of the Company into the Supreme Power in India, by the Rev. W. H. HUTTON, M.A.

The Marquess of Hastings: and the Final Overthrow of the Maráthá Power, by MAJOR ROSS OF BLADENSBURG, C.B., F.R.G.S.

Mountstuart Elphinstone: and the Making of South-Western India, by J. S. COTTON, M.A.

RULERS OF INDIA SERIES.

Sir Thomas Munro: and the British Settlement of the Madras Presidency, by JOHN BRADSHAW, M.A., LL.D. [*In the Press.*]

Earl Amherst: and the British Advance eastwards to Burma, by T. W. RICHMOND RITCHIE, and Mrs. RICHMOND RITCHIE, *née* THACKERAY. [*In the Press.*]

Lord William Bentinck: and the Company as a Governing and Non-trading Power, by DEMETRIUS BOULGER.

The Earl of Auckland: and the First Afghan War, by CAPTAIN L. J. TROTTER.

Viscount Hardinge: and the Advance of the British Dominions into the Punjab, by his Son and Private Secretary, the Right Hon. VISCOUNT HARDINGE. Third thousand.

Ranjit Singh: and the Sikh Barrier between our Growing Empire and Central Asia, by SIR LEPEL GRIFFIN, K.C.S.I.

The Marquess of Dalhousie: and the Final Development of the Company's Rule, by SIR W. W. HUNTER, K.C.S.I., M.A. Fourth thousand.

Clyde and Strathnairn: and the Suppression of the Great Revolt, by MAJOR-GENERAL SIR OWEN TUDOR BURNE, K.C.S.I. Third thousand.

Earl Canning: and the Transfer of India from the Company to the Crown, by SIR HENRY S. CUNNINGHAM, K.C.I.E., M.A. Third thousand.

Lord Lawrence: and the Reconstruction of India under the Crown, by SIR CHARLES UMPHERSTON AITCHISON, K.C.S.I.

The Earl of Mayo: and the Consolidation of the Queen's Rule in India, by SIR W. W. HUNTER, K.C.S.I., M.A., LL.D. Third thousand.

SUPPLEMENTARY VOLUME.

James Thomason: and the British Settlement of North-Western India, by SIR RICHARD TEMPLE, Bart., M.P. Price 3*s.* 6*d.* [Published.]

Oxford
AT THE CLARENDON PRESS
LONDON: HENRY FROWDE
OXFORD UNIVERSITY PRESS WAREHOUSE, AMEN CORNER, E.C.

UNIVERSITY OF ILLINOIS-URBANA
495.8 SA2B C001
Burmese reader.
3 0112 088369308